
www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂)<br>ရဲအောင်စာပေ၊ အမှတ်(၂)၊<br>ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရင် (မြ-၁၀၀၉၈)<br>(ရွှေခြသေ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

အချစ်တွေနဲ့ထုံမွှမ်းစေ/ရှင်မြတ်နိုး။ ရန်ကုန်၊

ရဲအောင်စာပေ၊ ၂၀၁၄။

(၂၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) အချစ်တွေနဲ့ထုံမွှမ်းစေ


10 JUL 2014

အခန်း ( ၁ )

တောအုပ်သဏ္ဍာန် သစ်ကြီးဝါးကြီးတွေနှင့် အုံ့ဆိုင်းနေသော ခြံကြီးတစ်ခြံ။

နှင်းစက်တွေ စိုးဖတ်နေသလို ရွက်ကြွေတွေ ထူထူထပ်ထပ် လမ်းကလေး။

ခြံကြီးရဲ့ အနောက်ဘက်ကျကျတွင် ဆောက်လုပ်ထားတဲ့ သစ်လုံးအိမ်ကလေးတစ်အိမ်ဆီသို့ သူ့ခြေလှမ်းတွေက ဦးတည်လျှောက်လှမ်းနေသည်။

ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်လွန်းနေ၏။

ထိုသစ်လုံးအိမ်လေးရှေ့တွင် သူ့ခြေလှမ်းတွေက ရပ်တန့်သွားသည်။

"သစ်ရိပ်မြိုင် ခြံကြီးထဲက ချစ်စံအိမ်လေးထဲမှာ ကားအက်စီးဒင့်ဖြစ်ပြီး အောက်ပိုင်းသေသွားရှာတဲ့ မိန်းကလေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မင်းတာဝန်ယူပြီး ဆေးကုသပေးရလိမ့်မယ် ... သူနာမည်က မြရိပ်ညိုတဲ့ ... အသက်က နှစ်ဆယ့်ငါးနှစ်၊ ဆရာက မင်းကိုပဲယုံကြည်စိတ်ချပြီး တာဝန်ပေးတာပါ ... မင်း ကူညီမယ် မဟုတ်လား ချစ်သောမောင် ... "

သူ ...

မငြင်းနိုင်ခဲ့။

ဒေါက်တာ ချစ်သောမောင်အဖြစ် ငယ်စဉ်လေးထဲက ပြုစုကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ ဆရာဝန်ကြီး ဒေါက်တာသုခရဲ့ အကူအညီ တောင်းခံမှု ဖြစ်နေသည်။

"ဆရာက ချစ်သောမောင်ကို ကျေးဇူးတွေဆပ်ခိုင်းနေတာတော့ မဟုတ်ပါဘူး ... တကယ်ပဲ ဆရာအကူအညီလိုအပ်နေလို့ပါ"

ဆရာ့ကို သူယုံကြည်သည်။

အခွင့်အရေးယူတတ်တဲ့လူတစ်ယောက် မဟုတ်။

သူ့ကိုလည်း အတင်းအကြပ် မခိုင်းစေခဲ့။

အကြောင်းအရာတွေ အဖြစ်အပျက်တွေ ပတ်သက်နေမှုတွေကိုတော့ မင်းသိအောင် ဆရာရှင်းလင်းပြောပြမနေနိုင်ဘူးတဲ့။

မင်း စဉ်းစားတဲ့။

"မင်းကို ဆရာ အကြွင်းမဲ့ယုံကြည်တယ် ချစ်သောမောင်၊ မင်းက ရိုးသားတယ်၊ တည်ကြည်တယ်၊ ယောကျ်ားပီသတယ်၊





ဘဝသမားလေ ... ဆရာအတွက် မဖြစ်မနေ လုပ်ဆောင်ပေးရမယ့်သူတွေ ဖြစ်နေလို့ပါ"

ဆရာ့အကြောင်းကို သူအသိဆုံးပင်။

သူ့ကို ငယ်စဉ်လေးထဲက မိဖမဲ့လေးအဖြစ် သနားကြင်နာစွာမွေးမြူစောင့်ရှောက်လာခဲ့သူလည်း ဖြစ်သည်။

"ချစ်သောမောင်လေး မင်းမိဘတွေ သေဆုံးသွားပေမယ့် ဆရာရှိပါသေးတယ်ကွာ ... မင်းကို စောင့်ရှောက်မှာပါ"

သူ့မိဘတွေ သေဆုံးသွားသောအချိန်တွင် သူ့အသက်က ငါးနှစ်ပဲရှိသေးသည်။

ဆရာသုခလှိုင်က ဆရာဝန်ပေါက်စလေး။

ဆရာ့မိဘတွေက အတင်းအကြပ်တားနေသည့်ကြားမှပင် အိမ်ဖော်နှင့် ဒရိုင်ဘာကြီးရဲ့သားကို မွေးစားခဲ့သည်။

"ချစ်သောမောင်လေးကို သားမွေးစားပြီး မြေတောင်မြှောက်ပေးရမယ် မာမီ ... ဒီကလေးက ဉာဏ်ရည်ထက်မြက်တယ်လို့မှာတယ် ... ချစ်သောမောင် တစ်နေ့နေ့မှာ မင်းလေးအောင်မြင်တဲ့ဘဝတစ်ခုကို ပိုင်ဆိုင်စေရမယ်"

ဆရာ သုခလှိုင်ရဲ့ ကျွေးမွေးစောင့်ရှောက်မှုကြောင့် သူဒေါက်တာချစ်သောမောင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ... အိမ်ရှင်တို့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွီ ..."

"ဒေါက်တာလား ..."

"ဟုတ်ကဲ့ ..."

"ဝင်ပါ"

သစ်လုံးအိမ်လေးရဲ့တံခါးချပ်နှစ်ချပ် တစ်ဝက်တစ်ပျက် ပွင့်ဟလာပြီး အလွန်ရုပ်ဆိုး အကျည်းတန်လွန်းသော အသားမဲမဲ သွားခေါခေါအဖွားကြီး ထွက်လာပြီး ဆီးကြိုသည်။

သစ်လုံးအိမ်လေးထဲ သူလှမ်းဝင်လိုက်ရာ အတွင်းထဲမှာ တော့ မဟော်ဂနီရောင်ကျွန်းပြားတွေနှင့် အလှဆင်ထားသော ဧည့်ခန်းကြီးတစ်ခန်းအား ဘွားခနဲ တွေ့လိုက်ရသည်။

"ဒီဧည့်ခန်းမှာ ထိုင်နေပါဒေါက်တာ ... မမကြီး အလင်္ကာ ထွက်လာပါလိမ့်မယ်"

အဘွားကြီးက အသားမဲကျုပ်ကျုပ် ရုပ်ဆိုးပေမယ့် အသံက တော့ တိုးတိတ်ညင်သာလွန်းနေသည်။

မမကြီးအလင်္ကာတဲ့။

ချစ်သောမောင်ကို ဆရာပြောလိုက်တဲ့နာမည် မြရိပ်ညိုပါ။

အိမ်လေးနာမည်က ချစ်စံအိမ်။

အိမ်လေးရဲ့အတွင်းပိုင်းပြင်ဆင်မှုတွေက မြင့်လိုက်တာဟု သူငေးမောကြည့်ရှုမိရင်း တွေးမိနေသည်။





"ဒေါက်တာချစ်သောမောင် ဆိုတာလားဟင်"

"ဗျာ ... ဩော် ... ဟုတ်ပါတယ်၊ ဆရာသုခလှိုင်လွှတ်လိုက် တဲ့ ဒေါက်တာချစ်သောမောင်ပါ"

မိန်းမတစ်ယောက်။

သူစောစောက ထင်တာက မိန်းမကြီး ဟုထင်မိထားတာ။

မဟုတ်ပေ ...

အသက်သုံးဆယ်လောက်ပဲရှိဦးမည့် မိန်းမချောလေးတစ် ယောက်ပါ။

သူနှင့်တော့ ရွယ်တူလောက်ပဲ ဖြစ်နိုင်သည်။

"ဆရာ ဦးသုခလှိုင်နဲ့ကတော့ အလင်္ကာတို့က မိသားစုဝင် တွေလိုပါပဲရှင် ... အလင်္ကာတို့ ဒက်ဒီနဲ့ကျောင်းနေဘက် သူငယ် ချင်းတွေပါ"

"ဆရာကတော့ ဘာမှအထူးအထွေ မပြောလိုက်ပါဘူး၊ ကား အက်ဆီးဒင့်ဖြစ်လို့ လမ်းမလျှောက်နိုင်တဲ့ မိန်းကလေးတစ်ယောက် ကို ဆေးကုသစောင့်ရှောက်ပေးရမယ်လို့ ပြောပါတယ်"

"ကျွန်မနာမည် တေးအလင်္ကာပါ ... အခု ဝေဒနာရှင်မလေး က အလင်္ကာရဲ့ညီမလေး ဝမ်းကွဲ မြရိပ်ညိုလေ ..."

"ဟုတ်ကဲ့ ..."

"ဒေါက်တာ နေထိုင်ဖို့အခန်းလည်း ပြင်ဆင်ထားပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဒီသစ်လုံးအိမ်လေးမှာက ကျွန်မတို့ညီအစ်မနဲ့မီးဖိုချောင်ကိစ္စတွေ တာဝန်ယူရတဲ့ ဒေါ်ကြွေစေ့တို့ပဲ နေထိုင်ကြပါတယ်"

စောစောက သူ့ကိုဆီးကြိုသူက ဒေါ်ကြွေစေ့တဲ့။

မိန်းမသားတွေကြီးပဲ နေထိုင်တဲ့အိမ်လေးမှာ သူ တစ်ယောက်ထဲ ယောကျ်ားသားရှိနေတာကတော့ စိတ်မလုံစရာပင်။

ပြီးတော့လည်း ...

တေးအလင်္ကာက ချောမောတောင့်ဖြောင့် အိစက်နေသော မိန်းကလေးတစ်ယောက် ဖြစ်နေလေသည်။

"အလင်္ကာ ညီမလေးကို ပြန်ပြီး ကျန်းမာသန်စွမ်းအောင် ဆေးဝါးကုသပေးပါ ဒေါက်တာ ... ဝမ်းကွဲဆိုပေမယ့် အချစ်ဆုံးညီမလေးပါ ... သံယောဇဉ် အရမ်းကြီးရပါတယ်"

အလင်္ကာ့မျက်ဝန်းတွေထဲမှာ မျက်ရည်ကြည်လေးတွေပင် ဝေ့တက်စိုစွတ်လာသည်။

တေးအလင်္ကာ ...

ချောလိုက်တာ ...

မြရိပ်ညို့ဆိုတာရော မိန်းမချောလေးပဲထင်တယ်။

ဆရာက ကြိုမပြောထားဘူး။

ချစ်သောမောင်က မိန်းကလေးကို စိတ်ဝင်စားတတ်သည့် ယောကျ်ားတစ်ယောက်မဟုတ်သဖြင့် ဆရာသုခလှိုင်က ယုံကြည်





စွာ ပို့လွှတ်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။

"မနက်ဖြန်မှပဲ ညီမလေး မြရိပ်နဲ့တွေ့ကြတာပေါ့ ... ဒီနေ့တော့ ဒေါက်တာအနားယူပါ၊ ဒေါ်ကြွေစေ့က လိုက်ပို့ပါလိမ့်မယ်"

ဒေါ်ကြွေစေ့က ကော်ဖီတွေ မုန့်တွေကို ဗန်းဖြင့်သယ်ဆောင်လာသည်။

"သုံးဆောင်ပါ ဒေါက်တာ ... "

"ဟုတ်ကဲ့ ... "

"ခရီးပန်းလာတယ်ထင်တယ် ... အေးအေးဆေးဆေး အနားယူနေပါ၊ လိုအပ်တာရှိရင်လည်း အားမနာပါနဲ့ ... ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"

"ကျွန်တော့်အတွက် ဘာမှထူးထူးထွေထွေ မလိုအပ်ပါဘူး မတေးအလင်္ကာ ... ဆေးဝါးတွေလည်း အလုံအလောက်ယူလာပါတယ်၊ အစားအသောက်တွေလည်း ကျွန်တော် ချေးမများတတ်ပါဘူး ... "

"ကောင်းပါပြီ ဒေါက်တာ ... ခြံကြီးက ကျွန်မတို့ ဘိုးဘွားတွေပိုင်တဲ့ ခြံကြီးပါ ... ဟိုဘက်ခြံနောက်ထဲမှာ သချိုင်းရှိပါတယ်"

ခြံကြီးက- အကျယ်ကြီးပဲ။

သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေသည်။

အလှအပ အပင်တွေတော့ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ခြံနောက်မှာ မိသားစုသချိုင်းတစ်ခု ရှိသည်တဲ့။

မောင့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ။

မြရိပ်ညို ဘာကြောင့် ကားအက်ဆီးဒင့်ဖြစ်တယ်ဆိုတာတော့ မတေးအလင်္ကာက မပြောပြ။

သူတို့တွေက သူတို့အကြောင်းတွေ စပ်စုတာသိပ်မကြိုက်ကြ၍ ယောကျ်ားလေးဆရာဝန်ပဲ လိုအပ်တယ်တဲ့။

"ဒေါ်ကြွေစေ့ ..."

"အမိန့်ရှိပါ မမကြီး ..."

"ဒေါက်တာ့အခန်းကို လိုက်ပို့ပေးလိုက်ပါ အခန်းကို သေသေချာချာ ပြင်ဆင်ပေးထားပါတယ်နော် ..."

"ဟုတ်ကဲ့ ... အမိန့်အတိုင်း ပြင်ဆင်ထားပါတယ်"

အမိန့်အတိုင်းတဲ့ ...

ဒေါ်ကြွေစေ့က အသက်အရွယ်ကြီးနေပေမယ့် မတေးအလင်္ကာကို ဘုရင်မတစ်ယောက်ကဲ့သို့ပင် တရိုတသေ ပြောဆိုနေသည်။

သူ စိတ်ဝင်စားမိသွားရတာက သူ့လူနာ မြရိပ်ညိုကိုပင် မတေးအလင်္ကာကတော့ ပြောပြီး ထွက်သွားသည်။

"ဒီမိန်းမ တော်တော်အခြေကြီးတာပဲ ... တော်ဝင်မိသားစုထဲက ကြီးပြင်းလာတာ ထင်တယ်"





မြရိပ်ညို ဘာဖြစ်လို့များ ကားအက်စီးဒင့်ဖြစ်ခဲ့ရတာလဲ ဒေါက်တာချစ်သောမောင်(ခေါ်)မောင် သိချင်တဲ့ဆန္ဒတွေ ပြင်းပြနေလေသည်။

"ဒေါက်တာ ကြွပါ ..."

ဒေါ်ကြွေစေ့က သူ့ခရီးဆောင်အိတ်ကို သယ်ဆောင်၍ ရှေ့မှသွားသည်။

တကယ်တမ်းကျတော့ သစ်လုံးအိမ်ရဲ့အတွင်းပိုင်းမှာ အခန်းဖွဲ့စည်းမှုတွေက စနစ်တကျရှိပြီး ကျယ်ဝန်းနေ၏။

ချစ်သောမောင်ပင် အံ့သြသွားမိသလို နှစ်သက်မိသည်။

"ဒေါက်တာ့အခန်းပါ ... ဝင်ပါ ..."

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ဒေါ်ကြွေစေ့ ..."

"ဒေါက်တာ လိုအပ်တာရှိရင် ဒီဖုန်းလေးနဲ့ လှမ်းညွှန်ကြားနိုင်ပါတယ် ... အားမနာပါနဲ့ ..."

"ဟုတ်ကဲ့ ..."

"ဒေါက်တာ ..."

"ပြောပါ ..."

"သမီးလေး(သြော်) မမလေး မြရိပ်ညိုကိုပြန်ပြီး လမ်းလျှောက်နိုင်အောင် အစွမ်းကုန် ဆေးကုသပေးပါနော် ... မမလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုသနားလို့ပါ”

“ကျွန်တော် တတ်စွမ်းနိုင်သလောက်တော့ ဆေးကုသပေးပါ့မယ် ဒေါ်ကြွေစေ့ ...”

“ကောင်းပါပြီရှင်”

ဒေါ်ကြွေစေ့က ရပ်ဆိုးအကျည်းတန်သလောက် စကားပြောဆိုတဲ့အသံက နူးညံ့သိမ်မွေ့ညင်သာလွန်းနေသည်။

ပြီးတော့ ခေါင်းညွတ်ခါးကိုင်း အရိုအသေပေးရင်း ထွက်သွားသည်။

“ဒေါ်ကြွေစေ့က မြရိပ်ညိုကို ချစ်ခင်ပုံပဲ ... တောအုပ်ကြီးထဲမှာ မိန်းမသားတွေပဲနေတာတော့ ထူးဆန်းတယ်”

မောင် တွေးနေမိသည်။

နေထိုင်တဲ့သူတွေက အိစက်ချောမောလွန်းတဲ့ မိန်းမသားတွေ။

သတ္တိရှိလွန်းတာလား ...

နေရာက ဝေးသီခေါင်လွန်းသော နယ်စပ်မြို့လေး ...

မောင့်စိတ်ထဲမှာ ထူးခြားဆန်းကြယ်သလိုကြီး ခံစားနေရသည်။

“မြရိပ်ညိုကို ဆေးကုသပေးဖို့ပဲ မောင့်မှာ တာဝန်ရှိတယ်





နော် ... တခြားစိတ်မဝင်စားနဲ့ မိန်းမပျိုလေးတွေကိုလည်း စိတ်ဝင်စားဖို့ မကြိုးစားစေချင်ဘူး”

ဆရာက ပြောထားသည်။

ဘာတွေများလဲ ...

ရှုပ်ထွေးနေလိုက်တာ။

အစကတော့ သူ ဘာမှစိတ်ခံစားမှု မရှိ။

သာမန်ဆေးကုသပေးဖို့တာဝန်ဟုပဲ ထင်မိ၏။

အခုတော့ နေရာထိုင်ခင်းကအစ စိတ်ဝင်စားစ ပြုလာသည်။

“မြရိပ်ညို ... မင်းက ဘယ်လိုမိန်းကလေးမျိုးလဲ၊ တေးအလင်္ကာရဲ့မျက်ဝန်းတွေက ဟန်ဆောင်လိမ်ညာမှုတွေ ပြည့်နှက်နေသလိုပင်”

မောင်နှင့်တေးအလင်္ကာတို့က အသက်အရွယ်တူတွေ ဖြစ်နိုင်သည်။

မြရိပ်ညိုက ငယ်ရွယ်သူလေးပဲ ... သူ့စိတ်ဆန္ဒတွေက မြရိပ်ညိုလေးအား အလွန်အမင်း တွေ့ချင်လာရ၏။

ဆရာက မိန်းကလေးကို စိတ်ဝင်စားဖို့ မကြံနဲ့တဲ့။

မောင့်တာဝန်က ဆေးကုသပေးဖို့တဲ့။

သူ အိပ်စက်ခြင်းတွေပင် သူ့မျက်တောင်ဖျားတွေပေါ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားပြီလားဟုပင် ထင်လာသည်။

"မြရိပ်ညို ... မြရိပ်ညို ... မင်းနာမည်လေးကို မောင် ရှူးရှူး သွပ်သွပ် တမ်းတချင်မိသလိုပဲကွာ ... မောင့်မျက်လုံးတွေ မှိတ်ပစ် လို့မရဘူး ... ကြောင်နေတယ် ... "

ညလေးက တစ်စ တစ်စ တိတ်ဆိတ်ငြိမ်သက်စပြုနေသည်။

ည ခုနစ်နာရီဆို ရန်ကုန်မှာဆိုရင် ဆူညံပွက်လောရိုက်နေ လောက်တဲ့အချိန်မှာပင် သစ်ရိပ်မြိုင်ခြံကြီးက ငြိမ်သက်တိတ်ဆိတ် လွန်း၏။

လေတွေကလည်း ငြိမ်သက်နေလိုက်တာ။

ပတ်ဝန်းကျင်ကို ထပြီးကြည့်တော့လည်း အမှောင်ထုကပဲ လွှမ်းခြုံသိုင်းကာ မဲမှောင်နေသည်။

"ခြံထဲမှာ မီးလည်းထွန်းမထားဘူး၊ အိမ်မီးတောင် မီးစက်နဲ့ ပေးထားတာပဲ"

သူ အိပ်မနေချင်သဖြင့် ပြတင်းပေါက်နားထလာပြီး ပြတင်း ပေါက်ကို ဖွင့်မိသည်။

ခြံကြီးထဲမှာက အမှောင်ထုက ပိတ်ပိတ်ပိန်း မှောင်မိုက်နေ၏။

လက်ွယ်ည ဖြစ်မယ် ...





ဆောင်းညဖြစ်သဖြင့် အေးစက်ချမ်းစိမ့်နေသည်။

"ဒီခြံကြီးကို မီးစက်နဲ့မီးပေးထားတာပါ ဒေါက်တာ ... ည ဆယ့်တစ်နာရီဆိုရင် မီးစက်ပိတ်ပါတယ်၊ ဒါက ဒေါက်တာ့အတွက် ပေးတာပါ ... ကျွန်မတို့ကတော့ ညရှစ်နာရီဆို အိပ်ပါပြီ"

ဒေါ်ကြွေစေ့ ပြောသွားတာပဲဖြစ်သည်။

လျှပ်စစ်မီး မရှိဘူးဟဲ့။

ခေါင်လွန်းတဲ့ သစ်ရိပ်မြိုင်ခြံကြီး။

ဧကလည်း အတော်လေး ကျယ်ဝန်းသည်။

"မောင် ... ဘာမှစိတ်မဝင်စားနဲ့နော် ... မင်းတာဝန်ကိုပဲ ကျေပွန်အောင် ထမ်းဆောင်ပေးစေချင်တယ်"

မောင့်အကြောင်းကို ဆရာအသိဆုံးပင်။

တာဝန်တစ်ခုကို ကျေပွန်စေရန် လုပ်ဆောင်တတ်သူ ဖြစ် သည်။

မိန်းကလေးတွေကိုလည်း သူလုံးဝစိတ်မဝင်စားခဲ့။

ပညာရေးမှာပဲ ထူးချွန်စေရန် ကြိုးစားခဲ့၏။

ဆရာ ဂုဏ်ယူရသော တပည့်။

သူ ... သစ်ရိပ်မြိုင်ရဲ့ အချစ်စံအိမ်လေးထဲရောက်မှ သူ့နှလုံး သားတွေထဲမှာ အချစ်တွေ တိုးဝင်တွယ်ငြိလာသည်ဟု ထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com



လာရသည်။

"မောင် ဘာဖြစ်လို့များ အိပ်စက်လို့မရနိုင်တာလဲ ... မြရိပ်ညို့ကို တွေ့မြင်ချင်တဲ့ဆန္ဒတွေ ပြင်းပြလွန်းနေရတာလဲ"

မောင့်ရင်တွေ ရထားစက်ခေါင်းကြီး တဒုံးဒုံးနှင့်ခုတ်မောင်းသွားရသလို တုန်လှုပ်လှိုက်တုန်ယင်နေလေသည်။

+++

အခန်း ( ၂ )

မမကြီး တေးအလင်္ကာကို မြရိပ်ညို ကြောက်ပါတယ်။

ရုပ်ရည်ချောမောလှပ အိစက်နေသလောက် စိတ်က ရက်စက် ကြမ်းကြုတ်မှုတွေ သရဖူဆောင်းထားသူ ဖြစ်သည်။

"ညည်းက ကျုပ်ချစ်သူကို လုယူဖို့ ကြံစည်ရဲသလား မြရိပ်၊ ညည်း ဘဝတစ်လျှောက်လုံး ဒုက္ခတ ဘဝနဲ့ပဲနေရမယ်"

"မဟုတ်ပါဘူး မမကြီးရယ် ... မြရိပ်နဲ့ကိုသိဂ်ါ ဘယ်လိုမှ မပတ်သက်ပါဘူး ... ကိုသိဂ်ါကို မေးကြည့်ပါနော်"

"မမေးနိုင်ဘူး ... ညည်းနဲ့ကိုသိဂ်ါတို့ ဘယ်လောက်ရင်းနှီး ပတ်သက်နေလည်းဆိုတာ ငါ့မျက်မြင်လေ"

မမကြီး တေးအလင်္ကာရဲ့ချစ်သူက မြရိပ်ညို့ကို ထိကပါး ခိုက်ကပါးနှင့်တိတ်တိတ်ပုန်း ခြေတော်တင်ဖို့ကြံစည်ခဲ့တာတော့ အမှန် ပါပဲ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညို ရှောင်ခဲ့တာပါ။

မမကြီးတေးအလင်္ကာရဲ့ချစ်သူ ကိုသိင်္ဂါ လူယုတ်မာ … ညဦးနက်သန်းခေါင်အချိန်မှာ သူမအိပ်ခန်းထဲ ဝင်လာခဲ့သည်။

“ရိပ်ကိုချစ်တယ် … ကိုသိင်္ဂါ ချစ်တာက ရိပ်လေးကိုပါ။ အလင်္ကာက ကိုယ့်ကိုအမိဖမ်းလိုက်တာ၊ ရိပ်လေးလက်ခံရင် ကိုယ်တို့ နိုင်ငံခြားကို ထွက်ပြေးကြမယ်လေ”

“မဖြစ်နိုင်ပါဘူး … ကျွန်မ ရှင့်ကိုလည်း မချစ်ဘူး၊ ထွက်သွားပါ … ကျွန်မ အော်လိုက်မှာနော်”

ကိုသိင်္ဂါက သူမခန္ဓာကိုယ်လေးအား အတင်းအကြပ် သူ့ရဲ့ယောကျ်ားအားနှင့် ပွေ့ဖက်၍ နမ်းရှိုက်ဖို့ ကြိုးစားနေရာ သူမ ရုန်းဖယ်နိုင်စွမ်းလည်း မရှိခဲ့။

သူက နိုင့်ထက်စီးနင်းဖြင့် စော်ကားဖို့ ကြံစည်နေစဉ် တေးအလင်္ကာ အိပ်ခန်းထဲသို့ ဝင်ရောက်လာသည်။

“ဟင် … ရှင် ရှင် … ကိုသိင်္ဂါ … ဒါ … ဒါက ဘာလုပ်နေကြတာလဲ”

မမအလင်္ကာ အသံက စူးစူးဝါးဝါး အော်ဟစ်ရင်း ဒေါသအမျက်တွေ ချောင်းချောင်းထွက်၍ မြရိပ်ညိုကို လည်ပင်းညှစ်သတ်ဖို့ပင် ကြိုးစားခဲ့သည်။

“အလင်္ကာ မလုပ်ပါနဲ့ … ကိုယ်မှားပါတယ်၊ တောင်းပန်ပါ





တယ် … ကိုယ်တို့မှားသွားပါတယ်”

“မမကြီး အလင်္ကာရယ် မြရိပ်ညို မှားတာမဟုတ်ပါဘူး”

“ဘာမဟုတ်တာလဲ ရိပ် … မင်းပဲ ကိုယ့်ကိုချိန်းခဲ့တာလေ၊ မင်းခေါ်လို့ မင်းအိပ်ခန်းထဲ ကိုယ်ဝင်ခဲ့တာ”

“ရှင် … ရှင် မဟုတ်တာတွေ လာပြောမနေနဲ့၊ ကျွန်မအိပ်ခန်းထဲ ရှင်အတင်းအကြပ် ဝင်လာခဲ့တာ”

“ကိုယ် ဘာမှမပြောချင်တော့ဘူး အလင်္ကာ … ကိုယ်ပြောတာကို ယုံကြည်ပေးပါကွာ၊ မြရိပ်ညို မြူဆွယ်လို့ ကိုယ့်စိတ်တွေ တိမ်းညွှတ်သွားရတာပါ”

“ရှင် … ရှင် မဟုတ်တာတွေ မပြောပါနဲ့၊ မဟုတ်ပါဘူး မမကြီးရယ် … သူပြောတာတွေ လုံးဝမဟုတ်ပါဘူး”

“တိတ်စမ်း … ”

ကိုသိင်္ဂါက မြရိပ်ညိုအပေါ် အပြစ်တွေပုံချပြီး ပြန်ထွက်သွားသည်။

မြရိပ်ညို အသားလေးတွေ တဆတ်ဆတ်တုန်ရင်နေသည်။

မမကြီးအလင်္ကာက မီးတောက်မတတ် ဝင်းလက်နီရဲသော မျက်ဝန်းအစုံနှင့် သူမကို စေ့စေ့ကြည့်နေ၏။

အမလေး …

မြရိပ်ညို ကြောက်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



မမကြီးအလက်ာ့ချစ်သူကို မြရိပ်ညို မြူဆွယ်ဖြားယောင်းခြင်း မရှိခဲ့ပါဘူးဟု သက်သေပြစရာမရှိ။

ကိုသိင်္ဂါအပေါ် မမကြီး ဘယ်လောက်အထိ ရူးသွပ်စွာချစ်မြတ်နိုးခဲ့ကြောင်း သူမလည်း အသိဆုံးဖြစ်သည်။

"မြရိပ်ညို"

"ရှင်"

"လာခဲ့"

"ဟို ... မမကြီး"

"နင်က ခွေးမပဲ ... သားရေပေါ်အိပ် သားရေနားကိုက်စားတတ်တဲ့ ခွေးစုတ်မ ... "

"မဟုတ်ပါဘူး မမကြီးရယ် ... မြရိပ်ညိုကို ကြိုက်သလိုကျိမ်းကျိန်ပါ၊ မမကြီးအလက်ာရဲ့ချစ်သူက မြရိပ်ညိုကို ... "

"တိတ်စမ်း ... ဆက်မပြောနဲ့တော့၊ နင့်ကို သွေးမတော်သားမစပ် ညီမဝမ်းကွဲလေးပါလို့ ငါ့အသိုင်းအဝန်းမှာ အမွှန်းတင်ပြောပြီး လိုလေသေးမရှိအောင် ကျွေးမွေးစောင့်ရှောက်ထားခဲ့တာပါ"

"ဟုတ်ပါတယ် မမကြီးရယ် ... မြရိပ်ညိုလည်း သိပါတယ်၊ မမကြီးကျေးဇူးတွေကိုလည်း ဘယ်တော့မှ မကန်းပါဘူး၊ ဟို ... ဟိုလေ မတရား စော်ကားခံရတာပါ ... "





မမကြီးအလက်ာက သူမ ချစ်သူကလွဲပြီး တခြားမည်သူ့အပေါ်မှာမှ အကြွင်နာတွေမရှိခဲ့ပေ။

အပြင်မှာ အိစက်ချောမော နူးညံ့နေသော်လည်း အတွင်းစိတ်က ကြမ်းတမ်းခက်ထန်လွန်းသူ ဖြစ်သည်။

"မြရိပ်ညို"

"ရှင် မမကြီး ... မြရိပ်ညိုကိုတော့ မောင်းမထုတ်လိုက်ပါနဲ့နော် ... မမကြီးအရိပ်ကလွဲပြီး နားခိုရာ မရှိပါဘူး"

"ဖြန်း"

"အား"

"ဖြန်း"

"ဖြန်း"

"ရိုက်ပါ မမကြီးရယ် ... ဒါပေမဲ့ မြရိပ်ညို မမကြီးချစ်သူအပေါ် စိတ်နဲ့တောင် မပြစ်မှားမိပါဘူး ... ယုံပေးပါ"

"နင်က မပြစ်မှားပါဘူးဆိုရင် ငါ့ချစ်သူက လူယုတ်မာပေါ့နော်ဘူးပေါ့လေ ... "

မြရိပ်ညို ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။

ကြောက်လွန်း၍ အသားလေးတွေပင် တဆတ်ဆတ် တုန်ယင်နေသည်။

သူမပါးပြင်လေးက စပ်ဖျင်းနာကျင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမကြီးတေးအလင်္ကာကတော့ အကြည့်တွေက စားတော့ ဝါးတော့မတတ် မုန်းတီးရွံ့ရှာနေသည်။

"မမကြီးရယ် ခွင့်လွှတ်ပေးပါနော် ... မြရိပ်ညို တောင်းပန်ပါတယ် ... နောက်ဆို မြရိပ်ညို သတိထားရှောင်ရှားပါ့မယ်"

"ဘာလဲ ... နင်က အပြစ်မရှိဘူးပေါ့လေ၊ ကိုသိင်္ဂါကပဲ နင့်ကို စော်ကားဖို့ကြံစည်တယ်လို့ ဆိုလိုချင်တာလား"

အဲဒါ အမှန်ပါပဲ မမကြီးရယ်ဟုလည်း မပြောရဲပေ။

ကိုသိင်္ဂါအပေါ် မမကြီး ဘယ်လောက်အထိ ချစ်မြတ်နိုးရလည်းဆိုတာ မြရိပ် ညို အသိဆုံးပင်။

တရားဝင်လက်ထပ်ဖို့ကိစ္စက ကိုသိင်္ဂါက ငြင်းပယ် အချိန်ဆွဲနေ၍ ဖြစ်လေသည်။

မမကြီးမိဘတွေ အမွေအဖြစ်ကျန်ခဲ့တဲ့ မမကြီးစည်းစိမ်ဥစ္စာတွေကို လာရောက်သုံးဖြုန်းနေတဲ့ လူယုတ်မာကြီးတစ်ယောက်ဖြစ်နေ၏။

ဒေါ်ကြွေစေ့လည်း မကျေနပ်ခဲ့။

တဖြည်းဖြည်းနှင့်မြရိပ်ညိုကိုပင် ထိပါးစော်ကားဖို့ ကြံစည်လာခဲ့သည်။

"ညည်းလေးလည်း သတိထားပါ မြရိပ်ညိုရယ် ... ဟိုကောင် လူယုတ်မာက မမကြီးအပေါ်လည်း မကောင်းပါဘူးအေ၊





အချောင်နိုက်နေတာပါ ... အခုဆို ညည်းလေးကိုတောင် ခြေတော်တင်ချင်နေပြီ ... ကျုပ်သိပါတယ်"

"ဒေါ်ကြွေစေ့သိရင်လည်း မမကြီးကိုပြောပြပေးပါလားဟင်၊ ကျွန်မကို မုန်းတီးသွားမှာကြောက်လို့ပါ ဒေါ်ကြွေစေ့ရယ်"

"ပြောပြလို့မဖြစ်လို့ပေါ့ မြရိပ်လေးရယ် ... ညည်းလေးလည်း ဝဋ်တစ်ခုပဲအေ ... ကြောင်မကြီးတေးအလင်္ကာလက်ထဲက ဆော့ကစားစရာ ကြွက်မလေးတစ်ကောင်ပဲ၊ ဒေါ်ကြွေစေ့လည်း မတတ်နိုင်ဘူး ... ကျုပ်တို့မိဘ ဘိုးစဉ်ဘောင်ဆက် ကျွန်ခံခဲ့ရတာပဲလေ၊ ကျုပ်တို့ရဲ့အရှင်သခင် ကျုပ်ပြောတာကိုရော မမကြီးက ဘယ်တုန်းကများ လက်ခံခဲ့ဖူးလို့လဲ ..."

အများသူငှာ ရှေ့မှာတော့ မြရိပ်ညိုကို ညီအစ်မသွေးသားရင်းဟု ပွဲထုတ်ခဲ့သည်။

တကယ်တော့လည်း မြရိပ်ညိုအား မမကြီး တေးအလင်္ကာရဲ့ မိဘတွေက လမ်းပေါ်ကနေ ကောက်ယူမွေးစားထားခဲ့တာပါ။

"နင့်ကို ငါ့မိဘတွေက လမ်းပေါ်မှာပြစ်ထားတာတွေ့လို့ ကောက်ယူမွေးစားခဲ့တာပဲ နင့်ကိုငါချစ်လို့ ညီမအရာထားပေးတာနော် ... ယောင့်မတက်နဲ့၊ ငါထားရာနေ စေရာသွားရမယ် ... မှတ်ထား ..."

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မမကြီးတေးအလင်္ကာက သူ့စိတ်တွေ ကြည်လင်အေးချမ်းနေလျှင် မြရိပ်ညိုအား လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးခဲ့ပေမယ့် သူမစိတ်နှင့် အခန့်မသင့်ရင်တော့ ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက်တတ်သည်။

"နင့်ကို ငါ နည်းနည်းပါးပါးတော့ ပညာပေးရမယ်မြရိပ်ညို၊ နင့်ကို ကျော့ကျော့မော့မော့ လှလှပပလေးဖြစ်လာအောင် ကျွေးမွေးပြုစုပေးခဲ့မိတာ ငါ့အမှားပဲထင်တယ်"

တဖြည်းဖြည်းနှင့် မမကြီးတေးအလင်္ကာရဲ့ မကျေနပ်ချက်တွေ၊ ဒေါသတွေက မြရိပ်ညိုအပေါ် သဲသဲမဲမဲ ပေါက်ကွဲပစ်တတ်သည်။

"မြရိပ်ညို ... ညည်းကို ငါ့ချစ်သူက အရူးအမူးချစ်နေမိပြီတဲ့၊ ငါ့ကိုတောင် အေးစက်နေပြီ ... "

"ဟို ... ဟို ... မမကြီးရယ်၊ မဖြစ်နိုင်ပါဘူး ... မြရိပ်ညိုဘက်ကလေ မမကြီးပဲ အမိကပါနော် ... ဘယ်လိုယောကျာ်းမျိုးကိုမှလည်း ကျွန်မ လုံးဝမကြိုက်ပါဘူး"

"မြရိပ်ညို ... ညည်းက ကျုပ်အပေါ်သစ္စာရှိပြီး သံယောဇဉ်အတွယ်တာရဆုံး အစ်မတစ်ယောက်လို့ သတ်မှတ်တယ်ပေါ့လေ"

"ဟုတ်ကဲ့ ... မမကြီးက လွဲပြီးလေ မြရိပ်မှာသံယောဇဉ်တွယ်တာစရာ မရှိပါဘူး မမကြီးရယ် ... "





မြရိပ်ညို ... ရင်ထဲမှာရှိတဲ့အတိုင်းပဲ ပြောမိသည်။

တကယ်လည်း မမကြီးနှင့်ပဲ မြရိပ်ညိုထိတွေ့ခွင့်ရှိခဲ့၏။

ကျောင်းတက်တာကအစ မြရိပ်ညို အတန်းကျောင်းတွေမှာ နေခွင့်မရှိ။

မမကြီးကအိမ်မှာပဲ ဆရာမခေါ်ပြီး စာတွေ သင်ကြားပေးခဲ့သည်။

"ငါ ... နင့်မျက်နှာကို အက်ဆစ်နဲ့ပက်ပြစ်မယ်၊ နင့်ခြေထောက်တွေကို ရိုက်ချိုးပစ်မယ်ဆိုရင်ရော မြရိပ်ညို ... "

"ရှင် ... "

ကြောက်စရာကောင်းလိုက်တဲ့ မမကြီးတေးအလင်္ကာရဲ့ မျက်ဝန်းတွေ။

မြရိပ်ညိုအပေါ် ဘာဖြစ်လို့များ ဒီလောက်အထိ အမုန်းတွေ ပြင်းထန်လာခဲ့ရတာလဲ။

ကိုသိင်္ဂါကြောင့်လား။

ငယ်စဉ်လေးထဲက မမကြီးရဲ့ ညှင်းပန်းနှိပ်စက်မှုတွေကို ကြိမ်ဖန်များစွာ ခံယူခဲ့ရပေမယ့် အရွယ်ရောက်လာတဲ့အခါမှာတော့ တယုတယ ဆက်ဆံကျွေးမွေးလာခဲ့သည်။

"နင် ... နင် ဇိမ်ခံနေမှာလား ရဲစခန်းကိုတိုင်မှာလား ... ငါ့ကို ထောင်ထဲပို့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဘဲ မမကြီးရယ် ... မြရိပ်ကလေ မမကြီးသေဆိုသေ ရှင်ဆိုရှင်ပါ ... လုပ်ချင်သလိုလုပ်ပါတော့နော်"

မမကြီး တေးအလက်ာရဲ့မျက်ဝန်းတွေက ကြောက်စရာကြီး။

မြရိပ်ညို အသိတရားတွေ ကင်းမဲ့မတတ် ထိတ်လန့်တုန်လှုပ်နေရင်း မမကြီး တကယ်ပဲ သူမမျက်နှာလေးပေါ် အက်ဆစ်ရည်နှင့် ပက်ပစ်လိုက်တော့မလားဟုပင် ထင်ရသည်။

"လာခဲ့"

"ရှင်"

"နင့်ကိုတော့ တစ်ခုခုငါလုပ်ရမှကျေနပ်မယ် ... နင့်အလှအပတွေကို ငါဖျက်ဆီးပစ်ရမှဖြစ်မယ် ... ကားပေါ်တက်စမ်း ... မြရိပ်ညို ..."

"မမကြီး ဘာလုပ်မလို့လဲဟင် ... ကျွန်မ ကြောက်လို့ပါ။ ကျွန်မ ရှိခိုးပြီးတောင်းပန်ပါတယ်"

"တက်စမ်း"

မမကြီးအမိန့်ကို သူမ လွန်ဆန်နိုင်ခြင်းမရှိခဲ့။

ငယ်နိုင်ပါ။

ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့် တုန်ရီနေတဲ့ခန္ဓာကိုယ်လေးကို အနိုင်နိုင်သယ်ဆောင်၍ ကားပေါ်တက်ခဲ့ရသည်။





"ညည်းလေးကို မမကြီး ဘယ်လောက်အထိသံယောဇဉ်ကြီးပြီး ပြည့်ပြည့်စုံစုံကျွေးမွေးစောင့်ရှောက်ထားခဲ့တယ်ဆိုတာ ညည်းလေး အသိဆုံးပဲ"

"ဟုတ်ပါတယ် ... မမကြီးရယ်၊ မြရိပ်ညို သိပါတယ် ... မမကြီးအပေါ် မြရိပ်ညိုဘယ်လိုအကြောင်းနဲ့မှ သစ္စာမဲ့တာမျိုး မလုပ်ခဲ့ရပါဘူး"

"ကိုသိင်္ဂါက မြရိပ်ညိုကို လက်ထပ်ချင်တယ်တဲ့လေ"

"ရှင် ... မဖြစ်နိုင်တာဘဲ ... မြရိပ်ညိုဘက်က လုံးဝဖြူစင်ပါတယ်နော်၊ ကိုသိင်္ဂါစကားတွေကို မယုံပါနဲ့နော် ... "

ကိုသိင်္ဂါဆိုတဲ့လူက တော်တော်လေးကြောက်စရာကောင်းတာပဲ။

မြရိပ်ညိုနှင့်လည်း ဘာမှမဆိုင်ပါဘူး။

မမကြီးကိုများ တည့်တည့်ကြီးသွားပြောရလား။

ရှင့်လို လူယုတ်မာတစ်ယောက်ကို လက်ထပ်မယ့်အစား ကျွန်မ သေပစ်မယ်။

မမကြီးက ကိုသိင်္ဂါကို ဘယ်လောက်အထိ ချစ်မြတ်နိုးတယ်ဆိုတာ မြရိပ်ညို သိထားသည်။

"ညည်း ... အလှအပတွေကို ကျုပ်ဖျက်ဆီးပစ်ချင်တယ်"

"ရှင် မမကြီး ... အဲဒီလိုမလုပ်ပါနဲ့နော်၊ မြရိပ်ညိုတောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် ... မမကြီးဆန္ဒပြင်းပြနေမယ်ဆိုရင်လည်း ကျွန်မကို အသေသာသတ်ပစ်လိုက်ပါတော့ မမကြီးရယ် ... "

မြရိပ်ညို သေပစ်ချင်ပါတယ်။

မမကြီးမျက်ဝန်းတွေထဲမှာ ပုံမှန်အရိပ်တွေမဟုတ်တော့ မီးဝင်းတောက်နေသလို မျက်ရည်စတွေလည်း ပြည့်နှက်နေသေးသည်။

"ကျုပ်လေ ... ညည်းလေးကို သံယောဇဉ်အရမ်းကြီးမိတယ် ကျုပ်အေးနားမှာ အမြဲထားချင်ခဲ့တယ်၊ ကျုပ်သိနေပါတယ် ... ညည်းလေးကို တွေ့လိုက်ရတဲ့ယောကျ်ားတွေက ညည်းလေးကို ချစ်သွားကြမှာပဲ မြရိပ်ညို ... "

"မဖြစ်နိုင်ပါဘူး မမကြီးရယ် ... ကျွန်မမှာ ယောကျ်ားတစ်ယောက်မက်မောအထင်ကြီးစရာ မရှိပါဘူး"

"တကယ်တော့ ကျုပ်လေ ညည်းကို မရက်စက်နိုင်ဘူး၊ ညည်းလေးက ငါ့လက်ပေါ်မှာ ကြီးပြင်းလာတာပါအေ ... "၊

မမကြီး ဘာတွေဘယ်လိုဖြစ်နေတာလည်းဆိုတာတောင် မြရိပ်ညို မသိတော့။

အလျှံငြီးငြီးနှင့်လောင်မြိုက်နေတဲ့ အရိပ်နီးတွေ။

မြရိပ်ညို ကြောက်လာမိသည်။

ပြေးစရာ မြေမရှိ။





ကားလေးကလဲ မြို့ပြင်ကို အရှိန်ပြင်းစွာမောင်းနှင်နေပြီး မမကြီးကိုကြည့်ရတာ အသိတရားတွေ ကင်းမဲ့နေ၏။

မြရိပ်ညိုတောင်းပန်တာလည်း မရ။

မမကြီး ဘာလုပ်ချင်တာလဲ။

မြရိပ်ညိုကို တစ်ခုခုလုပ်ပစ်ချင်လာသည့်ပုံစံပင်။

မြရိပ်ညိုလည်း ကြောက်၍တုန်လှုပ်စွာ မျက်ဝန်းလေးကို မှိတ်ထားပစ်လေသည်။

"ဝုန်း"

"အား"

"အမလေး"

"ဒိုင်း"

မြရိပ်ညို သိလိုက်တာကတော့ ကားလေးက လမ်းဘေးမှာရှိနေတဲ့ သစ်ပင်ကြီးတစ်ပင်ကို ဝင်တိုက်မိသွားတာပဲ ဖြစ်လေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

"မြရိပ်ညို"

"ရှင် မမကြီး ... ကျွန်မ ... ကျွန်မလေ ... မမကြီးရော ... အမလေး ... မမကြီးရော ဘာမှမဖြစ်ဘူးနော်"

"ညည်းလေးရော ... "

မြရိပ်ညို သတိရတော့ ရန်ကုန်ဆေးရုံကြီးရဲ့ ၅/၆ကို ရောက်နေသည်။

မမကြီးလည်း တစ်ဖက်ခုတင်မှာ ရှိနေ၏။

ဒဏ်ရာက မမကြီးခြေထောက်နှစ်ဖက်မှာ ပတ်တီးတွေ အဖွေးသားနှင့် မြရိပ်ညိုကရော အောက်ပိုင်းတစ်ခုလုံး နာကျင်လေးလံနေသလိုပင်။

ပတ်တီးတော့မရှိ။

"ကျွန်မလေ ကျွန်မ ... အောက်ပိုင်းလှုပ်လို့မရတော့ဘူး၊





အရမ်းလေးလံနာကျင်နေတယ် ... အား ... ကျွတ် ကျွတ် ... "

"ညီမလေး ဘာမှမဖြစ်လို့ တော်ပါသေးရဲ့ ... မမကြီး စိတ်ပူလိုက်ရတာ၊ ကားက ဘရိတ်ပေါက်သွားတာတဲ့၊ မမကြီးသတိနဲ့ ထိန်းလိုက်နိုင်လို့ ဒီလောက်ပဲဖြစ်ရတာ"

မမကြီး တမင်လုပ်ပစ်တာ မြရိပ်ညိုသိပါတယ်။

ငယ်ငယ်လေးထဲက မမကြီးစိတ်တွေက ပုံမှန်မဟုတ်ဘူးတဲ့။

စိတ်ခံစားမှု လွန်ကဲအစွန်းတစ်ဖက်သို့ အလွန်အမင်း ရောက်တတ်ပြီး ဒေါသအလျှောက် မဆင်မခြင် လုပ်တတ်တယ်တဲ့။

မွေးစားမိဘတွေက ပြောပြထားခဲ့သည်။

"ညီမလေးမြရိပ် ... ဘာမှမဖြစ်ဘူးဆိုတော့ မမကြီးအရမ်း ဝမ်းသာသွားတာပဲ ... မျက်နှာချောချောလေး ဒဏ်ရာရမသွားတာ ဘဲ ကံကောင်းတယ်၊ ညီမလေးဘက်ကိုလေ မမကြီးက မထိအောင် ကာကွယ်ပေးခဲ့တာပါ"

မမကြီးမျက်ဝန်းတွေထဲက မျက်ရည်တွေလိမ့်ဆင်းကျရင်း တသိမ့်သိမ့်ရှိုက်ငိုလေသည်။

မြရိပ်ညို သိနေပါတယ်။

လူတွေအမြင်မှာ ညီမလေးအပေါ် သံယောဇဉ်ကြီးလွန်းတဲ့ အစ်မကြီးတစ်ယောက်အသွင် အပီအပြင် သရုပ်ဆောင်နေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

တကယ်တမ်းကျတော့ မြရိပ်ညိုအား မုန်းတီးနေတာပဲ ဖြစ်သည်။

မြရိပ်ညို သတိရလာတဲ့အချိန်တွင် သက်ဆိုင်ရာတွေက လာရောက်၍ အဖြစ်အပျက်တွေကို သတင်းယူစစ်ဆေးသည်။

"မင်းနာမည်က မြရိပ်ညိုနော်"

"ဟုတ်ကဲ့ ..."

"အဖြစ်အပျက်တွေက ဘယ်လိုလဲပြောပြပါ မြရိပ်ညို"

မမကြီး ဓတေးအလင်္ကာက ဒီယုန်ကိုမြင်လို့ ဒီချုံကိုထွင်လိုက်တာပဲဆိုတာ မြရိပ်ညို သဘောပေါက်နားလည်လိုက်သည်။

သူမ တမင်တကာလုပ်ကြံခဲ့တာ မဟုတ်ဘူးဆိုတာ မြရိပ်ညို အပေါ် ဘယ်လောက်အထိ သံသယဓိုကြီးရလည်းဆိုတာ သက်သေပြနေခြင်းပင် ဖြစ်၏။

မမကြီးက မြရိပ်ညိုအပေါ် ရက်စက်နိုင်သလောက် မြရိပ်ညိုကတော့ မရက်စက်နိုင်ပေ။

"မြရိပ်လည်း ဘာကနေဘယ်လိုဖြစ်လည်း မသိပါဘူး၊ ကားဘရိတ်ပေါက်တယ်အော်ပြီး မမကြီးက ကားကိုထိန်းပါသေးတယ်၊ ညီအစ်မနှစ်ယောက်က စကားတွေဖောင်ဖွဲ့ပြောမိသွားလို့ ထင်ပါတယ်"





မြရိပ်ညို ပြောရမှာက မမကြီးမှာအပြစ်မရှိကြောင်းနှင့် ညီအစ်မနှစ်ယောက် ချစ်ခင်ကြင်နာတတ်ကြောင်း ခိုင်ခိုင်မာမာ သက်သေထွက်ပေးရန်ပဲ ဖြစ်သည်။

တကယ်တော့ မမကြီးက မြရိပ်ညိုကို တစ်ခုခု ရုပ်ပျက်ဆင်းပျက် ဖြစ်သွားစေရန် တမင်လုပ်ကြံ ဖန်တီးခဲ့ခြင်းဟု မြရိပ်ညို သံသယဝင်မိသည်။

"မြရိပ်ညို ... ညည်းလေးကို သတ်ပစ်ချင်ခဲ့တာအမှန်ပဲဖြစ်ပေမယ့်လေ ကျုပ်ဒီလောက်အထိတော့ မရက်စက်နိုင်ခဲ့ပါဘူးအေ"

မမကြီးမှာ ဒဏ်ရာက မပြင်းထန်ခဲ့ပေ။

ပွန်းပဲ့ဒဏ်ရာတွေပဲ ရခဲ့သည်။

"ကျုပ်လေ ... ညည်းခြေထောက်တွေကို ရိုက်ချိုးပစ်ချင်တယ်၊ ညည်းမျက်နှာကို အက်စစ်နဲ့ပက်ပစ်ချင်တယ်၊ ညည်းကများ ကျုပ်ချစ်သူကို ရာရာစစ မုန်းရဲတယ် ..."

မမကြီးကို မြရိပ်ညို ဘယ်လိုမှ ရှင်းပြခွင့်မရခဲ့။

ကိုသိဂ်ါ ယုတ်မာစွာပြောဆိုခြင်း ဖြစ်သည်။

ထို့ကြောင့်ပင် မြရိပ်ညို ခြေထောက်အောက်ပိုင်းတွေ လှုပ်ရှား၍မရတော့ကြောင်း ပြောလိုက်မိ၏။

မမကြီးရဲ့လှုပ်ရှားမှုတွေရှေ့မှာ ကြေကွဲမှု ဟန်ဆောင်မျက်ဝန်းတွေဟာ ကွယ်ရာမှာတော့ ကျေနပ်စွာပြုံးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညို့ကို မမကြီး သံယောဇဉ်ကြီးနေတာတော့ မဖြစ်နိုင်ပေ။

ငယ်စဉ်လေးထဲကပင် မမကြီးက မြရိပ်ညို့အား လူကွယ်ရာတွင် ညှင်းပန်းနှိပ်စက်တတ်သည်။

ဆေးရုံကနေဆင်းတော့ မြရိပ်ညို့အား မိဘတိုးဘွားပိုင် သစ်ရိပ်မြိုင်ခြံကြီးထဲ ပို့လိုက်သည်။

"ညည်း ... သစ်ရိပ်မြိုင်မှာပဲ နေရမယ်၊ ချစ်စံအိမ်ဆိုတာ ကျုပ်ပေးထားတာပဲ"

မမကြီးကတော့ ပတ်ဝန်းကျင်အမြင်မှာ မြရိပ်ညို့အပေါ် ဘယ်လောက်အထိ ချစ်ခင်မြတ်နိုး သံယောဇဉ်ကြီးကြောင်းကို ပြသဖို့ အခင်းအကျင်းတွေနှင့် စီမံဖန်တီးထားခဲ့လေသည်။

"ညည်းလေးအတွက် ယောကျ်ားဆရာဝန်တစ်ယောက်ကို ကျုပ်ခေါ်ထားပေးတယ် ... ကျုပ်ချစ်သူကိုတော့ အပိုင်ကြံဖို့မစဉ်းစားနဲ့နော်"

"မမကြီးရယ် ... ကျွန်မလေ ဘယ်တော့မှ မမကြီးချစ်သူ ကိုသိဂ်ီကို မကြံစည်ခဲ့ပါဘူး ... ယုံပေးပါနော် ..."

"ကိုသိဂ်ီကိုယ်တိုင်က ညည်းကိုပဲ ချစ်ခင်နှစ်သက်ပါတယ် ကျုပ်ကိုလက်မထပ်နိုင်ပါဘူးလို့ ပြောခဲ့တာလေ ..."

"အဲဒါ ... မြရိပ်ဆန္ဒမဟုတ်ပါဘူး၊ မမကြီးတွေ့တဲ့ညကလဲ





မြရိပ်ဆီ ကိုသိဂ်ီ အတင်းအကြပ် ဖွတ်ကြီး ..."

"ဓါတ်စမ်း ... နင့်စကားတွေကိုငါ ဘယ်တော့မှမယုံဘူး၊ နင့်အပေါ် ငါဘယ်လောက်အထိ ကောင်းခဲ့လဲ ... နင်က ငါတို့ခြံရဲ့ အစေအပါးသမီး၊ ဒါပေမဲ့ ... ငါ့မိဘတွေကို မွေးစားစေခဲ့တယ်၊ ဒီနေ့ အထိလည်း ညီမလေးအရာထားပြီး နင့်ကိုကျွေးမွေးစောင့်ရှောက်လာခဲ့တယ်လေ"

ဟုတ်တော့ဟုတ်ပါတယ်။

အများအမြင်မှာတော့ မြရိပ်ညို့ကိုမမကြီး တေးအလက်ာက ညီမလေးတစ်ယောက်လို ချစ်ခင် မြတ်နိုးပြီး ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ ပြုစုစောင့်ရှောက်ထားခဲ့သည်ဟုပဲ အထင်ရောက်စေသည်။

တကယ်တမ်းကျတော့ မြရိပ်ညို့ကို ဘယ်အညှိုးနဲ့များ မမကြီးက ညှင်းပန်းနှိပ်စက်နေမှန်း မစဉ်းစားတတ်အောင်ပင်။

လူတွေကွယ်လျှင် ကွယ်သလို ညှင်းပန်းနှိပ်စက်ခဲ့သည်။

နှိပ်စက်နည်းက ပညာရှိနှိပ်စက်နည်းတွေနှင့်ပါ။

အကြောင်းတစ်ခုခုရှာပြီး အပြစ်ဒဏ်ပေးတာမျိုး။

"ညည်းလေးကို ချစ်လွန်းလို့နော် မြရိပ်ညို ... မိန်းကလေးဆိုတာ မိုင်းကောင်းကျောက်ဖိုကြီး ဖြစ်စေရမယ်၊ ဒါမှ တန်ဖိုးရှိတာလေ ... ညည်းလေးအပြစ် ညည်းလေးသိလား ... ဟိုဘက်ခြံက ကောင်လေးကို ခိုးခိုးကြည့်ပြီး အိစီကလီ လုပ်နေတာ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူးဟု သူမ ရှင်းပြတာလည်း မမကြီးက လက်မခံပေ။

မြရိပ်ညို အခန်းပြတင်းပေါက်ကနေ အပြင်ကိုကြည့်မိတာ တစ်ဖက်ခြံမှာ ကောင်လေးတစ်ယောက်ရှိနေမှန်းလည်း မြရိပ်ညို မသိပေ။

မနေ့ကမှ လူသစ်တွေပြောင်းလာကြတာပါ။

"တစ်တိုက်လုံးရဲ့ သန့်ရှင်းရေးကို ညည်းလုပ်ပါ ... ဒေါ်ကြွေ စေ့ မလုပ်ပေးပါနဲ့ အမှိုက်တစ်ပင် ဖုန်တစ်မှုန်တောင် မရှိစေနဲ့နော် ကားကိုလည်း ရေဆေး ... ပြောင်လက်နေအောင်သုတ်"

တစ်ဖက်ခြံက ယောကျ်ားလေးတစ်ယောက်က မြရိပ်ညို မြင်ကွင်းထဲဝင်လာတာကို ပြင်းထန်တဲ့အပြစ်ပေးခဲ့သည်။

မြရိပ်ညို အင်အားတွေမဲ့ပြီး မူးဝေလဲပြိုကျသွားတဲ့အထိပင်။

ဒေါ်ကြွေစေ့ကပင် မမကြီးတေးအလက်ာက မြရိပ်လေး အတွက် စည်းကမ်းတင်းကြပ်ပေးတာပါတဲ့ ပြောခဲ့၏။

မြရိပ်ညိုကတော့ တစ်ခါတရံ မမကြီးအား အလွန်အမင်း တုန်လှုပ်ခြောက်ခြားစွာ ကြောက်ရွံ့နေမိသည်။

တဖြည်းဖြည်းနှင့် မမကြီးက မြရိပ်ညိုအပေါ် အညှိုးကြီးကြီး နှင့် အကွက်ချ သေသေသပ်သပ် ဝိဝိရိရိ နှိပ်စက်နေတာဟုပင် တွေးမိနေခဲ့၏။





အခုလည်း ဘယ်လိုအကွက်မျိုးတွေ ဖန်တီးနေမှန်းပင် မသိ။

မြရိပ်ညိုကတော့ မမကြီး စိတ်တိုင်းကျစေရန် အောက်ပိုင်း သေနေတဲ့ မိန်းကလေးအဖြစ် နေထိုင်ရတော့မည်ဖြစ်သည်။

"မြရိပ်ညို"

"ရှင် ... မမကြီး"

ရုတ်တရက် အခန်းတံခါးက ပွင့်လာပြီး မမကြီးပြန်ဝင်လာသည်။

လှပချောမောတဲ့မမကြီး။

လူတွေရှေ့မှာ ဗိုင်းကောင်းကျောက်ဖိ မြန်မာဆန်ဆန် ဝတ်စုံတွေသာ ဝတ်ဆင်ထားတတ်သော မမကြီးက အကျႌ လက်ရှည် ရင်ဖုံးနှင့် ချိတ်ထမီလေးကိုဝတ်ထားတာ နန်းဆန်ပြီး ကျက်သရေရှိလွန်းနေ၏။

မမကြီးအလက်ာကို တွေ့လိုက်သည်နှင့် မြရိပ်ညိုကတော့ ဘာတွေများ ပြဿနာရှာဦးမလဲဟု အသားတွေပင် တဆတ်ဆတ် တုန်ချင်လာသည်။

"ဒေါက်တာ ချစ်သော်မောင်ဆိုတာ ညည်းလေးကို ဆေး ကုသပေးဖို့ မမကြီးခေါ်ထားတယ်၊ အရိုးအကြောဆရာဝန်ပေါက်စ လေးပေါ့ ... ညည်းအတွက် လက်ဆောင်ပေးလိုက်တာပဲ"

"ရှင် ... မမကြီး ဘာပြောတာလဲ၊ ကျွန်မအတွက် လတ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဆိုတာ ဘာလဲဟင် ... ”

“ညည်းလေးနဲ့လက်ထပ်ပေးမလို့လေ ... ”

“မဟုတ်တာဘဲ မမကြီးရယ် ... ကျွန်မ ဘယ်လိုယောကျ်ား မျိုးကိုမှ လက်ထပ်ဖို့ စိတ်ကူးမရှိပါဘူးနော်၊ ဒေါက်တာက ကျွန်မလို ဒုက္ခိတတစ်ယောက်ကို လက်ထပ်ပါ့မလား ... အတင်းအကြပ် တော့မလုပ်ပါနဲ့ ကျွန်မ ရှက်ပါတယ် ... ”

မြရိပ်ညို ညည်းလေးက ဖြူစင်ရိုးသားပါတယ်အေ။

ဒါကို ကျုပ်လက်ခံပါတယ်။

တကယ်တမ်း ဝန်ခံရရင် ကျုပ်အမုန်းဆုံး အနာကြည်းဆုံးက ညည်းပဲလေ မြရိပ်ညို။

“ကိုကြီးရယ် ... မြလေးလွှယ်ထားတဲ့ကိုကြီးရင်သွေးလေး ကို စောင့်ရှောက်ထားပေးရင် ကျေနပ်ပါပြီ ... မမစင်သီယာ သိ သွားရင် မြလေးကို အသေသတ်ပစ်မှာပါ ... မြလေးအပြစ်တွေပါ”

“မြလေးရယ် ... ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ မြလေးလွယ် ထားရတဲ့ ကလေးက ကိုကြီးသွေးစစ်စစ်ပဲဟာ၊ ကိုကြီးမဖြစ်မနေ စောင့်ရှောက်မယ်”

ဒေါက်တာနှင့်အိမ်စေမခင်မြလေးတို့ ပြောဆိုနေကြတဲ့စကား တွေကို တေးအလက်ာ ကြားခဲ့ရသည်။

ထိုစဉ်က သူမအသက် ခုနစ်နှစ်အရွယ်ပါ။





အိမ်စေမက ရာရာစစ ဒေါက်တာကိုများ မတန်မရာ။

အခုတလော မာမီလည်း အပြင်ထွက်နေတဲ့အချိန်တွေက များလွန်းနေ၏။

အိမ်စေမက ဒေါက်တာကိုမြူဆွယ်ဖြားယောင်းသွေးဆောင်နေ မှာပေါ့လေ။

ခင်မြလေးက ဒေါက်တာအိပ်ခန်းထဲတောင် ရောက်နေသည်။

“မြလေး ကြောက်ပါတယ် ... ရင်သွေးလေးရှိနေတာ ကြောင့်ပါ ကိုကြီးရယ် ... မြလေး ဘာမှရယူလိုစိတ်မရှိပါဘူး၊ ကိုကြီး ရဲ့ဂုဏ်သိက္ခာတွေ ထိခိုက်နစ်နာစေမှာလည်း မြလေး မလိုလားပါ ဘူး ကိုကြီး ... ”

“မြလေးရယ် ... ရင်သွေးလေးကို စောင့်ရှောက်ပေးရုံကလွဲ ပြီး မင်းကိုတော့ တာဝန်မယူနိုင်ဘူး ... ကိုကြီးအပေါ် နားလည်ပေး ပါကွာ”

ဒေါက်တာအိပ်ခန်းနားကနေ တေးအလက်ာ ပြေးထွက်လာခဲ့ သည်။

သူမအိပ်ခန်းလေးထဲဝင်လာပြီး ဒေါသတွေပေါက်ကွဲနေရ၏။

ဘယ်လိုလုပ်ရမလဲ။

ဒေါက်တာကလေးက ဟိုအစေခံမဆီမှာလည်း ရှိနေတယ်။

ရုပ်ရည်ချောမောတဲ့ အိမ်စေမကို မာမီ ဘာဖြစ်လို့များ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်ရတာလဲ။

အလက်ာ နှုတ်ခမ်းလေးတွေကို တင်းကြပ်စွာ စေ့ကပ်ထား မိလေသည်။

"လူတွေသိလို့မဖြစ်ပါဘူး ... ရှက်စရာကြီး၊ အိမ်စေမနဲ့ဒက်ဒီ ဖောက်ပြန်တာ ဘယ်လောက်အရှက်ကွဲလိုက်မလဲနော်"

ငယ်ရွယ်သေးပေမယ့် တေးအလက်ာက ဒက်ဒီနှင့်အိမ်စေမ ကိစ္စ လူတွေသိသွားမှာ အရှက်ကြီးရှက်၊ အကြောက်ကြီးကြောက် ပြီး ငြိမ်ကုတ်နှုတ်ပိတ်နေလိုက်သည်။

"အိမ်စေမကမွေးတဲ့ ကလေးနဲ့ငါက သွေးသားတော်စပ်ရ မှာလား ... ရှက်တယ် ... မုန်းလိုက်တာ ... မုန်းလိုက်တာ"

ထိုစဉ်ထဲကပင် သူမစိတ်ထဲမှာ အိမ်စေမကမွေးလာတဲ့ သမီးလေးကို နာကြည်းမုန်းတီးနေခဲ့သည်။

"ခင်မြလေးမွေးတဲ့ကလေးကို ကိုယ်ခေါ်ပြီး မွေးစားရလိမ့် မယ် စင်သီယာ ... အမေက သေသွားပြီလေ"

အိမ်စေမ ခင်မြလေးက တောမှာကလေးသွားမွေးရင်း သေ ဆုံးသွားပြီဟု သတင်းကြားရသည်။

မာမီကတော့ ရှင့်သဘောပဲလေဟု ပြောသည်။

တေးအလက်ာ ကန့်ကွက်တားဆီးပစ်ချင်ခဲ့ပေမယ့် သူမ ညှင်းပန်းနှိပ်စက်ခွင့် ရရှိနိုင်သော အခွင့်အရေးတစ်ခုအဖြစ် ငြိမ်





သက်လက်ခံလိုက်၏။

ဒက်ဒီနဲ့မာမီကတော့ ထိုကိစ္စတွေ တေးအလက်ာ မသိဟုပဲ ထင်လေသည်။

"ခင်မြလေးက သမီးကိုလည်းထိန်းကျောင်းခဲ့တယ်၊ ဒက်ဒီ တို့အိမ်က အလုပ်သမားလေ ... ဘယ်လိုပဲဖြစ်ဖြစ် ခင်မြလေး ရင်သွေးလေးကိုခေါ်ပြီး ကျွေးမွေးစောင့်ရှောက်ရလိမ့်မယ်"

ဒက်ဒီသမီး မဟုတ်လား။

ဒက်ဒီနဲ့အိမ်ဖော်မ ဖောက်ပြန်တာလေ အလက်ာ မသိဘူး ထင်နေလား။

အိမ်ဖော်မကလေးနှင့် အလက်ာ သွေးသားတော်စပ်နေတာ ကိုပဲ နာကြည်းခံပြင်းရသလို ရွံ့ရှာမုန်းတီးလွန်းသည်။

"မမကြီး ..."

"ဟင် ..."

အတွေးတွေထဲကနေ ရုန်းထွက်လျှင် အသိဝင်လာ သည်။

မြရိပ်ညိုက သူမအား မော့ကြည့်နေတဲ့မျက်ဝန်းတွေက ကြောက်ရွံ့တုန်လှုပ်လျက် တောင်းပန်တိုးလျှိုးတဲ့ အရိပ်အငွေ့လေး တွေ လွှမ်းနေ၏။

အလက်ာကတော့ နင့်အပေါ် ဘယ်တော့မှ အသနား



www.burmeseclassic.com

www.burmeseclassic.com



အကြင်နာတွေ ရှိလာမှာ မဟုတ်ဘူး မြရိပ်ညို။

"ညည်းလေးအတွက် ဆရာဝန်တစ်ယောက်ငှားပေးထားတယ် ... မကြာခင် ရောက်လာလိမ့်မယ် မြရိပ်ညို ..."

"မြရိပ်ညိုကတော့ ဖြစ်ပါတယ် မမကြီးရယ်"

"ညည်းလေး အခုလိုဖြစ်နေတာ မမကြီး ဘယ်လိုလုပ်ပြီး စိတ်ကောင်းနိုင်ပါ့မလဲအေ ... အစ်မပဲ ..."

မမကြီးမျက်ဝန်းတွေက အစိမ်းတောက်တောက် ဖျားရည်လောင်းထားသလို မမကြီးနှုတ်ခမ်းက ချိုမြိန်နေပေမယ့် ခါးသွားထက် ကြောက်စရာကောင်းနေသည်ဟု မြရိပ်ညို ထင်မိလေသည်။

+++

အခန်း ( ၄ )

မမကြီး တေးအလင်္ကာက သူမအိပ်ရာလေးအား သေသပ်ပြန့်ရန့်နေစေရန် ခင်းကျင်းပေးနေဆဲမှာပင် ဒေါ်ကြွေစေ့နှင့် ဒေါက်တာဆိုသူတို့ ဝင်ရောက်လာလေသည်။

သူ ... သူ ...

အရမ်းကို ချောမောခန့်ညား နုထွတ်စိမ်းမြတဲ့ယောကျ်ား တစ်ယောက် ဖြစ်နေ၏။

မြရိပ်ညို အကြောက်ဆုံးပဲ။

မမကြီးတေးအလင်္ကာအကြောင်း မြရိပ်ညို အသိဆုံးဖြစ်နေသည်။

"ကြွပါ ဒေါက်တာ ... ဒီမှာပါ အလင်္ကာညီမလေး မြရိပ်ညို တဲ့လေ ... ဒေါက်တာပြုစုစောင့်ရှောက်ပေးရမယ့် ကလေးပါ"

ဒေါက်တာရဲ့မျက်ဝန်းဖန့်ဖန့်တွေက မြရိပ်ကိုကြည့်လိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



မှာပင် အကြွင်နာတွေ မေတ္တာ စေတနာအငွေ့အသက်တွေ မြရိပ်ညို သွေးသားထဲအထိ စိမ့်ဝင်ပြီး စီးဆင်းသွားရသလိုပါပဲ။

ကိုသိဂ်ါနဲ့ ဘာမှမဆိုင်ပါဘူး။

မြရိပ်ညိုအား ခွန်အားတွေ သတ္တိရဲစွမ်းတွေ ဖြည့်စွမ်းပေးနေသလိုပါပဲ။

"ဒေါက်တာကို အပ်ပါတယ်နော် ... အလင်္ကာညီမလေး လူကောင်းပကတိ ပြန်ဖြစ်စေချင်ပါတယ် ... ချောမောလှပလွန်းတဲ့ အလင်္ကာညီမလေးကို စောင့်ရှောက်ပေးပါ။ ဒီလိုဘဝမျိုးနဲ့ အလင်္ကာ မကြည့်ရက်တော့ဘူး"

ပြောနေရင်း ကြေကွဲနာကျင်မှုတွေရောထွေးလျှက် ငိုသံတွေ ရှိုက်သံတချို့တဝက် မျက်ရည်တွေက မျက်ဝန်းထဲမှာအပြည့်။

မမကြီးကတော့ ထူးချွန်ပြောင်မြောက်ပါပေတယ်။

မြရိပ်ညို ဒုက္ခိတ ဘဝရောက်အောင် မမကြီးကိုယ်တိုင် အညိုးကြီးကြီး လုပ်ဆောင်ခဲ့တာလေ။

ငယ်စဉ်လေးထဲကလဲ ဒီလိုပါပဲ။

မြရိပ်ညိုကို နှိပ်စက်ညှင်းပန်းလိုက် လူတွေရှေ့မှာ ချော့မြှု့လိုက်နှင့် မြရိပ်ညို ပုန်းခိုရာမဲ့အောင် ကြောက်ရွံ့တုန်လှုပ်ခဲ့ရသည်။

"စိတ်ချပါ မတေးအလင်္ကာ ... ကျွန်တော်ကတော့ အတတ်နိုင်ဆုံး ဆေးကုသပေးမှာပါ ... လူနာကလဲ စိတ်ဓာတ်ခွန်အား မြင့်





မားဖို့လိုပါတယ်"

"ကြားလား ညီမလေး ... ဒေါက်တာပြောတဲ့စကားတွေကို နားထောင်ပါ။ စိတ်ဓာတ်မကျပါနဲ့ကွယ် ... ညီမလေး ရောဂါဝေဒနာမျိုးက စိတ်နဲ့အရမ်းဆိုင်တာတော့အမှန်ပဲ ... အလင်္ကာ စိတ်ချမယ်နော် ဒေါက်တာ ... မနက်ဖြန် ကျွန်မ ရန်ကုန်ကို ခဏပြန်ရမယ်၊ အလုပ်တွေရှိသေးလို့ပါ"

"ပြန်ပါ မတေးအလင်္ကာ ... လူနာအတွက် စိတ်ချပါ"

တေးအလင်္ကာက ညီမလေးအပေါ် သံယောဇဉ်ကြီးမားလွန်းတဲ့ အစ်မတစ်ယောက်ဟု မောင်တွေးနေမိသည်။

မြရိပ်ညိုကလည်း အိစက်နုဖတ်ဖတ် ဖြူဝင်းအိနေ၏။

မိန်းမချောလေးပါ။

အပြစ်ကင်းစင်းတဲ့ မျက်ဝန်းလေးအစုံကို ပိုင်ဆိုင်ထားသူလေးပင်။

မောင့်ကို ဒီတာဝန်မျိုးပေးလိုက်သော ဆရာကြီးကိုလည်း စဉ်းစားမရ။

မိန်းမချောလေးနှစ်ယောက်ရှိနေတဲ့ တောအုပ်လေးတစ်ခုထဲက အချစ်စံအိမ်လေးဆီ။

"အလင်္ကာ့ကို ခွင့်ပြုပါဦး ဒေါက်တာ"

"သြော် ... ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်လေး ... မမကြီး ရန်ကုန်ဆင်းရမယ်၊ မကြာပါဘူး၊ ပြန်လာမယ် ... မြရိပ်လေး ဘာမှအားငယ်စရာ မရှိပါဘူး"

"ဟုတ်ကဲ့ပါ မမကြီး ..."

မမကြီးအားလုံးကို နှုတ်ဆက်ကာ ပြန်ထွက်သွားတော့မှ မြရိပ်ညိုအသက်ကို ဝဝရှူသွင်းနိုင်လေသည်။

မမကြီးနှင့်အဝေးဆုံးမှာ မြရိပ်ညို နေချင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီတောအုပ်လေးထဲမှာနေထိုင်ရတာ မြရိပ်ညို စိတ်သက်သာရာ ရနေခဲ့၏။

ဒေါက်တာချစ်သောမောင်နှင့်သူမ နှစ်ယောက်ထဲကျန်ရစ်ခဲ့သည်။

"မြရိပ်ညို"

"ရှင် ..."

"ကိုယ့်ကို အားမနာပါနဲ့ ... မင်းဝေဒနာက စိတ်ဓာတ်ကြံ့ခိုင်မှ ပျောက်နိုင်တယ်ဆိုတာ အရင်ဆုံး ကိုယ်ပြောပါရစေ"

"ဟုတ်ကဲ့ပါ"

မြရိပ်ညိုကိုကြည့်ရတာ ထိတ်လန့်ကြောက်ရွံ့နေတဲ့ မျက်ဝန်းဖျော့ဖျော့လေးများနှင့် သူမကိုယ်သူမ ယုံကြည်မှုကင်းမဲ့နေပုံပင်။

မတေးအလကာ ပြောသလိုပါပဲ။





နီးနီးကပ်ကပ်ကြည့်မိလေ မြရိပ်ညိုက ဖူးညွန့်ဝင်းမှည့်နေတဲ့ မျက်နှာအလှပိုင်ရှင်မလေးပဲ။

မင်း စိတ်ဓာတ်ကျနေမှာပဲလေ။

"အတိတ်က မင်းရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို မေ့ပစ်လိုက်ပါ ... အနာဂတ်နဲ့ ပစ္စုပ္ပန်က မင်းအတွက် အရေးကြီးတယ်နော်"

"ဟုတ်"

တကယ်တော့ မြရိပ်ညိုရဲ့ အောက်ပိုင်းက အကောင်း ပကတိပါ ဒေါက်တာ သေနေတာ မဟုတ်ပါဘူး။

မမကြီးရန်ကို ကြောက်လို့ပါ။

မြရိပ်ညိုကို အကောင်းပကတိ ချောမွေ့လှပနေတာကို မမကြီး မကြည့်နိုင်။

မဖြစ်နိုင်ဘူးဆိုတာ မြရိပ်ညိုတစ်ယောက်ထဲ အသိဆုံးပါနော်။

မမကြီးကိုကြောက်ပြီး ဒုက္ခိတဘဝကို ခံယူနေရသည်။

"ကိုယ်ကျန်းမာရေးစစ်ဆေးပေးမယ် ... မင်း ရန်ကုန်မှာ ဆေးကုသချက်အရတော့ မင်းကျန်းမာရေးတွေကောင်းပါတယ်၊ ဘာလဲ ... မင်းကြောက်နေတုန်းပဲလား"

"ဟိုလေ ... မြရိပ်ညို ... ဟို ..."



www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်ညိုကို ကိုယ်မေးမယ်၊ မင်းစိတ်ထဲမှာရှိတာပဲဖြေနော်"

"ဟုတ်ကဲ့"

"လောလောဆယ် မင်းဖြစ်ချင်နေတဲ့ဆန္ဒတွေ ပြောပါ"

"ရှင်"

"မင်း ဘာဖြစ်ချင်နေလဲ"

သေပစ်ချင်ပါတယ်။

မြရိပ်ညို လူ့လောကကြီးထဲကနေ ထွက်သွားချင်လောက်အောင် သေခြင်းတရားကိုပဲ တောင်းတနေမိပါတယ်။

လူမှန်းသိတတ်စ မိဘတွေ ကွယ်လွန်သွားပြီးထဲကပါ။

"နင်က အစေခံမရဲ့သမီး ... ငါ့မိဘတွေ မွေးစားထားလို့ ငါက ညီအစ်မတော်နေရတာ၊ အစေမခံမသွေး ရှိတယ် ... "

ဒက်ဒီရှိနေစဉ်ကတော့ မမကြီးနှင့်မြရိပ်ညို တန်းတူညီတူ အခွင့်အရေး အတူတူရခဲ့ပေမယ့် ဒက်ဒီဆုံးသွားချိန်ကစပြီး လူတွေရှေ့မှာတော့ အလွန်အမင်း ချစ်ခင်ကြင်နာဟန်ပြပြီး ကွယ်ရာမှာတော့ အစေခံမသမီးတဲ့။

တစ်ခါတရံ ကြိတ်၍ပေါင်တွင်းကြောကို မညှာမတာ ဆွဲလိမ်တတ်လေသည်။

"ဖြေလေ ... မြရိပ်ညို ... မင်းဘဝမှာ မင်းကိုချစ်ခင်မြတ်နိုးတဲ့အစ်မရှိတယ် ... ချမ်းသာကြွယ်ဝမှုတွေ့ရှိတယ်၊ အရာအားလုံး





ပြည့်ဝနေတာလေ"

"ရှင် ..."

"ဟော့ ... ဘာရှင်လဲ ကောင်မလေး ... ကြောင်တောင်တောင်နဲ့ပါလား၊ ဖြေလေ ... ကိုယ်မေးတဲ့မေးခွန်း ... "

"ကျွန်မဘာမှမဖြစ်ချင်ပါဘူး ... ဖြစ်နိုင်ရင်လေ ကျွန်မဒုက္ခတဘဝနဲ့ပဲ နေထိုင်သွားချင်ပါတယ်"

"ဟင် ... ဘာဖြစ်လို့လဲကွ"

"ကျွန်မ တစ်ယောက်ထဲနေရတာကို နှစ်သက်မိလို့လားပဲ"

အဖြေက မရေမရာ။

မြရိပ်ညို ခေါင်းများထိထားသေးလားဟု ဆေးကုသချက်စာအုပ်လေးကို ကောက်ယူဖွင့်ဖတ်ရသေးသည်။

မထိ ...

ခန္ဓာကိုယ်အောက်ပိုင်းနှင့်ထိခိုက်ဒဏ်ရာအနည်းငယ်တဲ့။

သူ စဉ်းစားနေမိ၏။

မြရိပ်ညို ဒီလောက်အထိ ဖြစ်သွားစရာအကြောင်းအရင်းကရှိ။

စိတ်ပဲထင်တယ်။

"ကျွန်မဘဝကို အကောင်းပကတိ ပြန်ဖြစ်ဖို့ မမျှော်လင့်ချင်တော့ပါဘူး ဒေါက်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



မမကြီးစိတ်ဓာတ်ကို မြရိပ်ညို အသိဆုံးဖြစ်နေလို့ပါ။

ကြောက်စရာကောင်းတယ်။

ပြီးတော့ ...

မြရိပ်ညိုဘဝက်အကြောင်းကိုက မလှပခဲ့တာပါ။

အိမ်ဖေမသမီး ဖြစ်နေတဲ့ သူမအား ဘာဖြစ်လို့များ ဒက်ဒီတို့က အမွေစားအမွေခံအဖြစ် မွေးစားခဲ့တာလဲ။

ပြီးတော့ ...

အမွေစား အမွေခံစာချုပ်အား ဒက်ဒီက မြရိပ်ညိုလက်ထဲ လျှို့ဝှက်စွာအပ်ထားခဲ့သည်။

"ဒီစာချုပ်လေးကို သမီးအသက်နဲ့အမျှ တန်ဖိုးထားပြီး သိမ်းထားနော်သမီးလေး ... တစ်နေ့ ဒက်ဒီတို့ကျန်ရစ်ခဲ့တဲ့အမွေတွေ သမီးခံစားခွင့်ရလိမ့်မယ် ... ဒက်ဒီစီစဉ်ထားခဲ့တယ်၊ သမီးအသက် နှစ်ဆယ့်ငါးနှစ်ရောက်ရင်ပေါ့ ... "

ဒက်ဒီ မသေဆုံးခင်က ပေးသွားခဲ့သည့် စာချုပ်ကလေး သူမထံမှာ ရှိခဲ့သည်။

မမကြီးတေးအလက်ာကိုတောင် အသိမပေးပါနဲ့တဲ့ ဒက်ဒီမှာထားတဲ့စကားတွေအားလုံး သမီးလေးမမေ့မလျော့ဘဲ နားထောင်ပါတဲ့။

ဒက်ဒီက မြရိပ်ညိုအပေါ် မာမီထက်အချစ်ပိုပြီး အရာရာ





ဖြည့်ဆွမ်းပေးသည်။

"မြရိပ်ညို"

"ရှင်"

"မင်းဘာတွေစဉ်းစားနေတာလဲ ... တစ်ချက် တစ်ချက် တွေတွေဝေဝေလေးနဲ့ မင်းစိတ်ဓာတ်ကျနေတာလား"

"ဟုတ်မယ်ထင်တယ်နော် ဒေါက်တာ ... ကျွန်မလေ စဉ်းစားမိတိုင်း တုန်လှုပ်ချောက်ချားရတယ်၊ ကျွန်မ ဘယ်သူနဲ့မှလည်း မတွေ့ချင်ဘူးဖြစ်နေတယ်"

"ကိုယ့်ကိုရောပဲလား"

"ရှင် ... ဟို ... ဒေါက်တာတော့ မပါနိုင်ပါဘူး၊ မမကြီးခေါ်လာတဲ့လူလေ"

ဒေါက်တာတော့ မြရိပ်ညို မတွေ့ချင်တဲ့လူစာရင်းမှာ မပါနိုင်ပေမယ့် ဒေါက်တာက အရမ်းချောမောခန့်ညားနေလို့ မမကြီးတေးအလက်ာ ကြိုက်သွားမှာလည်း ကြောက်ရသေးပါတယ်။

ဒေါက်တာ ရှိနေတာတောင် ကျွန်မအတွက် အန္တရာယ်ကို ဖိတ်ခေါ်နေပြီလားဟင်။

"ဒေါက်တာ ရောက်လာတာတော့ မြရိပ်ညိုအားတက်မိလာပါတယ်"

"အိုကေ ... ဒါဆို မြရိပ်ညိုကို ကိုယ်ဆေးကုပေးလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့အပြုံးတွေက မြရိပ်ညိုအမှန်တကယ်ပဲ ဝန်ခံရရင် လေ မွှန်းကြပ်ထိတ်လန့်ခြောက်ခြားသိမ်ငယ်ရတဲ့ မြရိပ်ညိုစိတ်တွေ အင်အားတစ်ရပ်အဖြစ် တိုးဝင်လာသလိုပါပဲ ဒေါက်တာ။

"မင်းကို လောလောဆယ် ကိုယ် ကျန်းမာရေးစစ်ဆေးချက်အရ အားလုံးကောင်းပါတယ် … မင်းစိတ်ဓာတ်တွေ ကြံ့ခိုင်လာရင် ရပြီ"

မြရိပ်ညို စိတ်ဓာတ်တွေ ကြံ့ခိုင်မာကျောဖို့ဆိုတာ အခွင့်အရေးသိပ်နည်းလွန်းနေမလားဘဲ ဒေါက်တာ။

ချစ်ခင်ကြင်နာတဲ့ အစ်မတစ်ယောက်လို့ အများအမြင်မှာ ထင်ဟပ်နေတဲ့ မမကြီးတေးအလက်ာကို ဘယ်လိုရင်ဆိုင် ကျော်လွှားဖြတ်သန်းနိုင်မှာလဲဟင်။

မြရိပ်ညို ကြောက်တယ်။

"ဆေးသောက်ရမယ် မြရိပ်ညို … ညနေ ခြံထဲဆင်းမယ်"

"ရှင် … ခြံထဲ မဆင်းချင်ပါဘူး၊ ကျွန်မမှာ အဲဒီလောက်အထိ သတ္တိမရှိဘူး"

"မင်း ဘာဖြစ်လို့ လုပ်မကြည့်ရသေးဘဲနဲ့ ဇွတ်အတင်းကြီး ငြင်းဆန်ချင်ရတာလဲ မြရိပ်ညို"

"ဟင်"

ဒေါက်တာ့မျက်ဝန်းတွေက သူမမျက်ဝန်းလေးတွေထဲစူးနစ်





တိုးဝင်တော့မလားပင်။

ဒေါက်တာရိပ်မိနေပြီလား။

မြရိပ်ညို လူကောင်းပကတိဆိုတာလေ။

မလုံမလဲ ဖြစ်ရသည်။

မမကြီးက မြရိပ်ညိုအပေါ် တစ်စက်လေးမှ စေတနာမရှိပါဘဲနှင့် ဆေးကုသပြုစုပေးဖို့ ဒေါက်တာငှားပေးတာလဲ ပတ်ဝန်းကျင်အမြင်တွေကို လိမ်ညာလှည့်စားလို၍ဟု မြရိပ်ညို ထင်မိသည်။

"မရဘူး … မင်း မမကြီးကိုယ်တိုင်က ကိုယ့်စကားကိုနားထောင်ရမယ်တဲ့ … မင်းကို စိတ်ဓာတ်မာကျောဖို့ စတင်လေ့ကျင့်ပေးရလိမ့်မယ်"

မမကြီးတေးအလက်ာက မြရိပ်ညို ဒုက္ခတဘဝကို ပိုင်ဆိုင်စေချင်နေတာပါ ဒေါက်တာ။

အဲဒီလိုပြောလိုက်လည်း ဒေါက်တာက ယုံပေးနိုင်မလား။

မမကြီးသိသွားရင်လည်း အသေပဲ။

"မင်း ဘာစားထားလဲ"

"ဟင့်အင်း …"

"မင်း ဘာဖြစ်လို့မစားရတာလဲ … ဟုတ်သားပဲ ဒေါ်ကြွေစေ့ပို့ထားတဲ့ မနက်စာတွေက ဒီအတိုင်းပဲ …"

ဒေါက်တာလာမယ်ဆိုတာသိလိုက်ပြီးထဲက မြရိပ်ညို စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ လှုပ်ရှားသွားရကာ စားစရာတွေကိုပင် စားချင်တဲ့ဆန္ဒပျောက်သွားရသည်။

မမကြီး ဘာ့အကွက်တွင်ပြန်ပြီလဲလို့ပေါ့။

သူ့ဘဝမှာ မြရိပ်ညို အသက်ရှင်နေထိုင်ရတဲ့ ကာလတွေက ရင်တထိတ်ထိတ်။

လူသတ်ကွင်းကြီးထဲ ပြေးဝင်ခဲ့ရတဲ့ ရာဇဝတ်သားလိုပါ။

"ဟုတ်သားပဲ ... မင်းတစ်ယောက်ထဲဆိုတော့ စားချင်စိတ်က ကုန်နေမှာလေ ... ကိုယ်လည်း မစားရသေးဘူး၊ ကိုယ်က ဆေးပညာသင်တုန်းက ဆိုက်ကိုလည်း မိုင်နာယူဖူးတယ်"

ဒေါက်တာရယ် ...

မြရိပ်ညို ရှင်သန်ဖြတ်သန်းလာရတဲ့ဘဝတွေကို မသိနိုင်ပါဘူး။

မမကြီးတေးအလက်ာက လူတွေသိအောင် ပြောပြရင် နှင့်ကို အသေသတ်ပစ်မယ်တဲ့။

ဒက်ဒီ့ကိုတောင် ပြောမပြရဲခဲ့ဘူး။

ငယ်ငယ်က ဒက်ဒီအရေးပေးလွန်းတယ်ဆိုပြီး နင် ဒက်ဒီ့နားမကပ်နဲ့ဆိုပြီး မြရိပ်ညို့ပေါင်ကို အပ်တဆုံးစိုက်သွင်းပြစ်ခဲ့ဖူးသည်။

"လာ ... ကိုယ်ပြင်ဆင်ပေးမယ်၊ ကြည့်ရဦးမယ် ... အစားအစာတွေက မင်းအတွက် အင်အားဖြစ်စေမလားလို့၊ တို့ရွှေမင်းသမီးလေး အင်အားတွေအမြန်ပြည့်ဝဖို့ လိုအပ်တယ်ကွ"

ဒေါက်တာချစ်သောမောင်ကတော့ မြရိပ်ညိုစိတ်တွေ ပျော်ရွှင်တက်ကြွလန်းဆန်းလာစေရန် နည်းမျိုးစုံနှင့် စည်းရုံးသိမ်းသွင်းနေသည်။

အချစ်အိမ်လေးထဲမှာ ဒေါက်တာကဲ့သို့ ချောမောခန့်ညားတဲ့ယောကျ်ားတစ်ယောက်နှင့် မြရိပ်ညို့ကို အတူတူနေထိုင်စေခဲ့တာ ကိုသိဂ်ါကြောင့်လား။

မြရိပ်ညို့နှင့်လက်ထပ်ခွင့် တောင်းဆိုခဲ့တဲ့ ကိုသိဂ်ါကြောင့် မမကြီးက မြရိပ်ညို့ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးခဲ့လေသည်။

"စားကြရအောင် စားစရာတွေက အားလုံးအဝဝပါပဲ ... မင်းမမကြီး သေသေချာချာ စီမံထားပေးသွားတာပဲ"

မမကြီး ဘယ်လောက်ပဲ ညှင်းပန်းနှိပ်စက်ပါစေ ဒေါ်ကြွေစေ့ကတော့ သူမဘက်ကနေ ဖေးမကူညီခဲ့သည်။

"ညည်းလေးဒက်ဒီက ညည်းလေးကိုစောင့်ရှောက်ဖို့ အသေအချာမှာထားခဲ့တာပါ မြရိပ်လေးရယ် ... ဒါပေမဲ့ ဒေါ်ကြွေစေ့ မရှောက်နိုင်ခဲ့ဘူး၊ စိတ်မကောင်းပါဘူးအေ ... "

မြရိပ်ညို မိဘတွေအကြောင်းမေးမြန်းတော့လည်း ဒေါ်ကြွ





ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စေ့က မဖြေခဲ့။

မမကြီးကို ကြောက်ရွံ့နေသည်။

"စားလေး မြရိပ်ညို ... မင်းမျက်နှာလေးက ပိုးဟပ်ဖြူလေး ကျနေတာပဲ၊ မင်းကိုယ့်စကားကို နားထောင်မယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

မြရိပ်ညိုကိုယ်တိုင် စားစရာတွေကို မစားတာကြာနေပါပြီ။

ဒေါ်ကြွေစေ့ အတင်းစားခိုင်းမှ မြရိပ်ညို အဖြစ်ချင်ဆုံးဆန္ဒက သေပစ်ချင်တာပါပဲ။

ဒေါက်တာချစ်သောမောင်က မြရိပ်ညိုကို စားစရာတွေ အတင်းချော့မော့ကျွေးသည်။

ဆေးတွေလည်း တိုက်၏။

မြရိပ်ညိုကတော့ ဆေးကိုငုံထားပြီး ဒေါက်တာ ပြန်ထွက်သွားတဲ့အချိန်တွင် ထွေးပစ်လိုက်သည်။

သူမက အကောင်းပကတိပဲ ဆေးသောက်စရာမှ မလိုတာ။

+++

အခန်း ( ၅ )

"ကိုသိင်္ဂါ ... ဘာဖြစ်လို့ အရက်တွေဒီလောက်အထိ သောက်နေရတာလဲကွယ် ... အလကာ ပြန်လာပြီလေ ... "

ကိုသိင်္ဂါ ...

ရှင်က မြရိပ်ညိုအတွက် အသည်းတွေကွဲနေတာလား။

ရှင် ရူးနေလားဟင်။

ကိုသိင်္ဂါ နှုတ်က မြရိပ်ညိုကိုတမ်းတနေတဲ့ အသံတွေကို ကြားရတိုင်း အလကာ ဒေါသတွေပေါက်ကွဲနေရသည်။

"မြရိပ်ညို ... ဟုတ်တယ် ကိုယ်ချစ်တာက မြရိပ်ညိုပဲ၊ ကိုယ် ရူးသွပ်နေပြီ ... ရင်တွေမီးတောက်နေတယ်၊ အချစ်မီးတွေလေ"

အိမ်စေမ သမီးနှင့်ယှဉ်ပြီး ယောကျ်ားတစ်ယောက်ကို လုရတာ ဘယ်လောက်များ မှန်းတီးစက်ဆုတ်စရာကောင်းလဲ။

ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



သူမက အရှုံးဘက်က။

"ကိုသိင်္ဂါနဲ့အလင်္ကာက ချစ်သူတွေလေ ... ဘာဖြစ်လို့ ရက်စက်စိမ်းကားချင်ရတာလဲ၊ အလင်္ကာကပဲ ကိုသိင်္ဂါကို ချစ်မြတ်နိုးခဲ့ရတာပါ ... ကျွန်မတို့ လက်ထပ်ကြမယ်နော်"

ကိုသိင်္ဂါ့ရင်ခွင်ထဲသို့ တိုးဝင်ဖက်တွယ်၍ ပြောမိသည်။

ရှင့်ကို အလင်္ကာ ဘယ်လောက်အထိ ချစ်မြတ်နိုးရလဲ။

ကိုသိင်္ဂါနဲ့အလင်္ကာတို့က ကျောင်းနေဘက်တွေပါ။

ရှင် သစ္စာမရှိဘူး။

ရှင့်ကို အလင်္ကာ ဘယ်လောက်အထိ ထောက်ပံ့ပေးကမ်းလာလဲ။

ရှင့်မှာ ဆင်းဆင်းရဲရဲဘဝလေ။

သူမ လက်လေးတွေက ကိုသိင်္ဂါ့ခန္ဓာကိုယ်အနှံ့ ပွတ်သပ်ရင်း ဒေါသတွေကလဲ တလိပ်လိပ်တက်နေသည်။

"အလင်္ကာ ... မင်းကိုတော့ အားနာပါတယ်၊ ကိုယ် အရမ်းခံစားနေရလို့ပါ ... ကိုယ် ဘယ်လိုဖြစ်ပြီးတော့ မင်းညီမ မြရိပ်ညိုကို ချစ်မိသွားရတာလဲ ..."

"အဓိပ္ပာယ် မရှိလိုက်တာ၊ အလင်္ကာတို့ ချစ်သူသက်တမ်း ဘယ်လောက်ကြာပြီလဲ ... ရှင်ဘယ်လောက်ပဲ သောက်စားဖြုန်းသုံးနေပါစေ ... အလင်္ကာ ငြိုငြင်ခဲ့ဘူးလို့လားဟင်"





အလင်္ကာ စည်းစိမ်ဥစ္စာတွေ အတော်များများကို ချစ်သူကိုသိင်္ဂါက လောင်းကစားတွေလုပ်၊ ကလပ်တွေတက်ပြီး ဖြုန်းခဲ့တယ်လေ။

အလင်္ကာ စိတ်မဆိုးခဲ့ တောင်းသမျှ ထုတ်ပေးခဲ့သည်။

"မြရိပ်ညိုရော ... မင်း ... မင်း မြရိပ်ညိုကို တမင်လုပ်ပစ်လိုက်တာ မဟုတ်လား အလင်္ကာ ..."

"မြရိပ်ညိုက အလင်္ကာ ညီမလေးပါ ကိုသိင်္ဂါရယ် ... ဘာဖြစ်လို့ တမင်လုပ်ရမှာလဲ"

"မြရိပ်ညို ဘယ်မှာလဲ ... ပြော ... မင်း အမှန်အတိုင်းပြောနော်"

"မသိဘူး ... ရှင် ဘာဖြစ်လို့ ဒီလောက်တောင်ဖြစ်နေရတာလဲ ... မပြောနိုင်ဘူး"

"ဖြန်း"

"အမေ့"

"မင်း ... မင်း ... မြရိပ်ညိုရှိတဲ့နေရာကို ပြောစမ်းပါ အလင်္ကာ ... မင်းဆီကနေ ငါဘာမှ မလိုချင်တော့ဘူး၊ မြရိပ်ညိုလေးရှိတဲ့နေရာကိုပဲ ငါသွားချင်တယ်"

ကိုသိင်္ဂါ ရှင်အရမ်းလွန်နေပြီ။

အလင်္ကာ့အပေါ် စိမ်းကားရက်စက်တဲ့စကားတွေ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာ.အလင်္ကာ သည်းမခံနိုင်တော့ဘူးနော်။

ကိုသိင်္ဂါ အရက်တွေအချမ်းမူးနေ၏။

လူမှန်းပင် မသိတော့။

ရှင်က တစ်ကောင်ကြွက်။

ဆွေမဲ့ မျိုးမဲ့နော် ...

အလင်္ကာ ဝယ်ပေးထားတဲ့ တိုက်ခန်းမှာနေတာပါ။

အလင်္ကာ သတ်ပြီးရှင်းပစ်လို့ရတယ်။

"ဝုန်း"

"ဒိုင်း ... "

"သွားစမ်းကွာ ... ငါ့ကိုလွှတ်ပေးလိုက်ပါတော့ အလင်္ကာ၊ ငါချစ်တာက မြရိပ်ညိုကိုကွ ... မင်းအနားကပ်နေတာလဲ မြရိပ်ညိုကို ရမလားလို့ ... အခုတော့ ဒီကောင်မလေးက ငြင်းတယ်၊ ငါ့ကို မချစ်ဘူး"

"တော်ပါတော့ ကိုသိင်္ဂါ ... ပတ်ဝန်းကျင်ကြားလို့တောင် မကောင်းပါဘူး ... တော်ပါတော့ ... "

"မြရိပ်ညို ဘယ်မှာလဲ ... ငါ့ကိုပြောနော်၊ မြရိပ်ညိုကို မင်း ဘယ်မှာသွားထားလဲလို့ ... "

"မသိဘူး ... ပြောလည်းပြောမပြနိုင်ဘူး"

"ဝုန်း"





"မင်း ... မင်း ... "

ကိုသိင်္ဂါက သူမပခုံးနှစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။

သေသေချာချာ စဉ်းစားကြည့်တော့လည်း ကိုသိင်္ဂါက အလင်္ကာကို မချစ်ခဲ့ပေ။

ချူစားဖို့ တစ်ခုထဲပဲရှိတာ။

အလင်္ကာကို ချစ်ခွင့်ဘယ်တုန်းကမှ မပန်ခဲ့ဘူးပေ။

အတူတော့နေသည်။

ကာမရမက်အတွက်ပဲ ရည်ရွယ်ထားတာ။

မိဘတွေ ချန်ထားခဲ့တဲ့အမွေတွေ ကုန်ပြီ။

ခြံတွေ လုံးချင်းတိုက်တစ်လုံးပဲ ကျန်တော့သည်။

"မင်းကို ငါမချစ်ဘူးကွ ... မင်းနာမည်လေးက တေး အလင်္ကာဆိုပြီး မင်းစရိုက်တွေက ကြမ်းတမ်းတယ် ... အကျင့် မကောင်းဘူး၊ မြရိပ်ညိုအပေါ် မင်းအကျင့်ယုတ်နေတာတွေ ငါမသိ ဘူးထင်နေလား"

ကိုသိင်္ဂါက အလင်္ကာနှင့်အတူနေထိုင်လာတာ နှစ်တွေကြာ ပြီဆိုတော့လည်း တစ်ခါတရံ အလင်္ကာအကျင့်စရိုက်တွေကို သိသွား တတ်လေသည်။

ရှင်က မြရိပ်ညိုနားကပ်ဖို့ ကျားချောင်းသလို ချောင်းနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။

"မြရိပ်ညိုကို မင်းသတ်ပစ်လိုက်ပြီလား အလင်္ကာ ... ကား အက်စီးဒင့်ဖြစ်တာ မသေလို့ မင်းတစ်နေရာရာမှာ သတ်ပစ်လိုက်ပြီ မဟုတ်လား"

"ဒုတ်"

"အား"

"မင်း ... မင်း ..."

"ဒုတ် ... ဒုတ် ..."

"ဒုတ်"

သူမစိတ်တွေ ဘယ်လိုမှ ထိန်းချုပ်လို့မရတော့။

ကိုသိင်္ဂါရဲ့ စော်ကားမှုတွေက အတိုင်းထက်လွန်နေပြီ ဖြစ်သည်။

"ကိုသိင်္ဂါ ဘယ်လိုနေသေးလဲ၊ ရှင် ... အလင်္ကာအပေါ် သစ္စာမဲ့ပြီး စိမ်းကားရက်စက်နေတာကြာပြီလေ"

ကိုသိင်္ဂါ ငြိမ်သက်သွားသည်။

ခေါင်းကိုပဲ နှစ်ချက်သုံးချက် ရိုက်ပစ်လိုက်၏။

အလင်္ကာက နာမည်ပဲ နူးညံ့တာနော်။

ရက်စက်စရာရှိရင် ဘယ်သူမှ လိုက်မမီအောင် ရက်စက်တတ်တယ် ကိုသိင်္ဂါ။





သူမ ဝယ်ထားသောတိုက်ခန်းက လူခေါင်သည်။

ရှစ်ထပ်တိုက်ကြီးရဲ့ အပေါ်ဆုံးထပ်။

အောက်ထပ်မှာပဲ လူတွေကရှိနေကြ၏။

သူမ လက်စသတ်ပစ်လိုက်သည်။

အစောကြီးထဲက အမြင်မှန်မရရင် ရှင်းပစ်ဖို့ စဉ်းစားကြံစည်ထားပြီးသားဖြစ်၏။

အလင်္ကာက ရှင့်လောက် မရက်စက်သေးပါဘူး။

အလင်္ကာ စိတ်ဓာတ် မာကျောပေမယ့် ချစ်ရတဲ့သူကို ရှင်းပစ်တဲ့နေရာမှာတော့ မျက်ရည်က စို့ချင်နေသည်။

"အလင်္ကာက မြရိပ်ညိုကို အရမ်းမုန်းတီးနေတာလေ၊ ရှင်က ချစ်တယ်ဆိုတော့ အလင်္ကာ ရှင့်အပေါ် ရက်စက်ရလိမ့်မယ်"

အလင်္ကာကိုယ်တိုင် မြရိပ်ညိုကိုလည်း လူ့လောကကြီးထဲကနေ ထွက်စေချင်ခဲ့တာပါ။

ဒါပေမဲ့ ...

ဒင်းဆီမှာ အမွေတွေရှိနေသေးတယ်။

ဒက်ဒီစီစဉ်ထားတဲ့ စည်းစိမ်ဥစ္စာတွေ။

"သမီးဒက်ဒီက ဒီဟာမလေးအတွက် အရမ်းပူနေတော့ အမွေတွေ တစ်နည်းနည်းနဲ့ စီမံထားခဲ့မှာပဲ ... မာမီ သတင်းသဲ့သဲ့ ကြားထားတာ ဒင်းအသက်နှစ်ဆယ့်ငါးနှစ်မှာတဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



အမွေစားအမွေခံ စာအုပ်တွေလည်း တစ်နေရာရာမှာ ဒက်ဒီ ဝှက်ထားနိုင်သည်။

မြရိပ်ညိုကိုပဲ လျှို့ဝှက်ပေးထားခဲ့လားပဲ။

အလင်္ကာ ဘာမှမသိရသေး၍ မြရိပ်ညို အသက်ရှင်နေထိုင်ခွင့်ရနေခဲ့တာပါ။

"နင့်အလှည့်ပဲ မြရိပ်ညို ... နင့်အသက်က နှစ်ဆယ့်ငါးနှစ်ပဲ နေခွင့်ရှိရမယ် ... နင်အမွေပစ္စည်းတွေရပြီးသွားရင်လေ ..."

အလင်္ကာ့နာမည်ကို မာမီပေးထားခဲ့တာပါ။

သမီးကို ကြမ်းတမ်းခက်ထန်တဲ့ဘဝကို မပိုင်ဆိုင်စေချင်ဘူးတဲ့။

အရမ်းလှပ ချောမောနေလို့တဲ့။

အလင်္ကာ့စိတ်တွေ ကြမ်းတမ်းလာခဲ့ရတာက ဒက်ဒီနဲ့ အစေခံမ ဖောက်ပြန်တာသိပြီးသွားတဲ့အချိန်က စတင်ခဲ့တာပါ။

"နင် လူ့လောကကြီးထဲ စတင်ဝင်ရောက်လာတော့ ပိုပြီး မကျေနပ်ချက်တွေ မုန်းတီးရွံ့ရှာမှုတွေနဲ့ နင်က ငါနဲ့သွေးလာတူနေတာ ... ငါဘယ်လောက်အထိ ရွံ့ရှာစက်ဆုတ်ခဲ့ရလဲ"

အလင်္ကာ သတ္တိတွေရှိလာတာ မြရိပ်ညိုဆီက အမွေတွေကို တရားနည်းလမ်းနဲ့ပဲဖြစ်ဖြစ် မတရားတဲ့နည်းလမ်းတွေနဲ့ပဲဖြစ်ဖြစ် အရယူရဦးမည် ဖြစ်သည်။





"ကိုသိင်္ဂါရယ် ... အလင်္ကာ ဘယ်လောက်အထိ ဝမ်းနည်းကြကွဲနေရလဲသိလား ... ရှင်သာ အသိတရားတွေ ရခဲ့ရင်ပေါ့လေ"

သူမ ပါးပြင်နှစ်ဖက်မှာ ကိုသိင်္ဂါရဲ့လက်ဝါးရာတွေ ထင်နေဆဲပင်။

စိတ်မထင်လျှင် မထင်သလို ရိုက်နှက်တတ်သေးသည်။

"ရှင်က အလင်္ကာအပေါ် အမြဲတမ်း သစ္စာဖောက်တယ်၊ နိုင်ကျင့်တယ် ... ကျွန်မက ရှင့်မို့ ချစ်လွန်းလို့ သည်းခံနေတာပါ"

သူမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ စီးကျလာသည်။

နာမည်လေး နူးနူးညံ့ညံ့ တေးအလင်္ကာရဲ့ နှလုံးသားထဲကို ကြမ်းတမ်းခက်ထန်မှုတွေ ဝင်ရောက်လာစေရန် သွတ်သွင်းပေးခဲ့ကြ၏။

တေးအလင်္ကာ သွေးတွေ အေးစက်တောင့်တင်းတော့ တတ် ဖြစ်လာသည်။

"မြရိပ်ညို ... နင့်အလှည့်ပဲ ... အများအမြင်မှာတော့ ငါက နင့်ကို အရမ်းချစ်ပြီး အကြင်နာ ပိုလွန်းတဲ့အစ်မတစ်ယောက်"

တေးအလင်္ကာရဲ့ နှုတ်ခမ်းတွေက တင်းကြပ်စွာစေ့ကပ်နေသည်။

ကိုသိင်္ဂါ့မှာ ဆွေမျိုးသားချင်းမရှိ။

မိဘမဲ့ တစ်ကောင်ကြွက်။



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းကို ကြေကွဲဝမ်းနည်းရပါတယ် ကိုသိဂ်ါ ... ဘာပိုင်ဆိုင်မှုမှ မရှိခဲ့တဲ့ ငပေငတေတစ်ယောက်ကို အလင်္ကာက သံယောဇဉ်တွယ်ပြီး ကူညီထောက်ပံ့ပေးခဲ့တာလေ ... ရှင်က ကျေးဇူးတရားကို မသိတဲ့လူပဲ"

သူမ လုပ်စရာရှိတာတွေကို ကြိုတင်စီစဉ်ထားသည့်အတိုင်း သေသပ်ပိရိစွာ လုပ်ဆောင်ခဲ့၏။

ပြီးဆုံးသွားပါပြီ။

သူမ ဒီအခန်းသို့ သွားလာနေထိုင်တတ်တာ ပတ်ဝန်းကျင်က မသိပေ။

သူမ ဒီတစ်ကြိမ်ပဲ လာခဲ့ဖူးတာပါ။

အရင်က သူမရှိရာကို သူကရောက်လာခဲ့သည်။

"ငါက မြရိပ်ညိုကို တစ်နေ့ရှိုးနဲ့ မင်းအနားမှာကပ်နေတာပဲ တေးအလင်္ကာ ..."

"ကြည့်စမ်း ... ရှင်ပြောခဲ့တဲ့စကားတွေက ဘယ်လောက်ရက်စက်လဲ မြရိပ်ညိုကြောင့်လား ..."

ကျောင်းမှာနေထဲက ကိုသိဂ်ါက ဆင်းရဲနွမ်းပါးသူ။

အလင်္ကာနဲ့ရော မြရိပ်ညိုနဲ့ပါ တစ်ကျောင်းထဲသားတွေ။

အလင်္ကာနဲ့က စာသင်ခန်းတစ်ခန်းထဲ ပို၍ရင်းနှီးကြသည်။

"အလင်္ကာက ရှင့်ကိုအရူးအမူးချစ်ခဲ့မိတာပါ ... ရှင်အရော





တဝင်လာလုပ်နေတာက မြရိပ်ညိုကို ချစ်လို့ပဲ"

ကိုသိဂ်ါက် အလင်္ကာ့ထက် တစ်နှစ်ကြီးသူပါ။

အတန်းတော့ တူကြသည်။

မိဘတွေ ဆင်းရဲလို့ ကျောင်းနောက်ကျမှ တက်ရတာတဲ့။

"အလင်္ကာ ရူးသွပ်ခဲ့တာပါ။ ရှင့်ကို တယုတယ လိုအပ်တာတွေ ထောက်ပံ့တယ် ... ကျွန်မရဲ့အပျိုစင်ဘဝကို ရှင်ပဲ ဖွဲ့ခြွေဝါးမျိုသွားခဲ့တယ်၊ ညာတာထောက်ထားမှု တစ်စက်လေးမှမရှိပါလား"

သံယောဇဉ်တွေကို နာကြည်းမှုတွေနှင့် ဖြေဖျောက်ပစ်လိုက်သည်။

ဒီတိုက်ကြီးက ဝယ်ယူနေထိုင်သူ သိပ်မရှိ။

သူမ သော့ပိတ်ထားခဲ့ရုံပဲ။

ညဦးနက်မှ သူမ တိုက်ကြီးပေါ်ကနေ ဆင်းလာခဲ့သည်။

"နာမည်က နူးညံ့သိမ်မွေ့နေပေမယ့် ကျွန်မက ဘာကိုမှ အကြောက်အလန့် မရှိတာ ကျွန်မအဖေ အစေခံမနဲ့ ဖောက်ပြန်တာ သိသွားတဲ့နေ့ကပဲ ကိုသိဂ်ါ ..."

သွေးအေးပြီး ရက်စက်နိုင်တာ အလေ့အကျင့်ဖြစ်နေပါပြီလေ။

မြရိပ်ညို ...

နင့်အလှည့်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



နှင် ... ငါ့ဒက်ဒီစည်းစိမ်ဥစ္စာတွေကို ရယူလက်ခံလိုက်ပြီးရင်တော့ ...

"တီ ... တီ ..."

"တီ ..."

ခြံဝန်းအကျယ်ကြီးရဲ့ တံခါးကြီးရှေ့မှာ ကားကိုရပ်ပြီး ဟွန်းတီးလိုက်သည်။

ခြံစောင့်ကြီး ဦးငှက်က ပြေး၍လာဖွင့်ပေး၏။

သူမ ကားကိုအေးဆေး တည်ငြိမ်စွာ မောင်းဝင်လာခဲ့သည်။

"မမကြီး ... နောက်ကျလိုက်တာ ... စိတ်ပူလို့ပါ"

"ကျွန်မ ... နောက်နေ့ညီမလေးဆီ ပြန်ရမယ် ... ခြံကြီးကို ဆက်ပြီး စောင့်ရှောက်ထားပေးပါဦး ... ကြာမယ် ..."

"ဟင် ... ရောက်လာတာတောင် မကြာသေးဘူး"

"ညီမလေးကို စိတ်မချလို့ လုပ်ငန်းကိစ္စတွေ စီစဉ်နေလို့ပါ၊ ညီမလေး အားငယ်နေမှာလည်း စိတ်ပူတယ်"

"ဟုတ်ကဲ့ ... ခြံနဲ့တိုက်ကိုတော့ စိတ်ချပါ၊ ဦးငှက် စောင့်ရှောက်ထားပေးပါ့မယ်"

"ဦးငှက် ..."

"ဗျာ ..."

"ကျွန်မကို ဘယ်သူကလာမေးနေပါစေ ဒီကိုရောက်လာတာ အသိမပေးပါနဲ့ ... သဘောပေါက်ပါတယ်နော် ..."

"ဟုတ်ကဲ့ ... စိတ်ချပါ မမကြီး"

သူမ ကားပေါ်ကနေ ဆင်းပြီး တိုက်ကြီးထဲဝင်လာခဲ့သည်။

မိဘအမွေအနှစ် ခြံနဲ့တိုက်။

အလက်ဘ့ကို မွေးခဲ့တဲ့နေရာ။

သူမ အိပ်ခန်းထဲဝင်လိုက်တော့ နှစ်ယောက်အိပ် ခုတင်ကြီးက ပန်းရောင်သွေးတွေ လွှမ်းနေ၏။

အလက်ဘ်နှင့်ကိုသိဂ်ါတို့ တရားဝင် လက်ထပ်ထားခြင်းမရှိပေမယ့် အတူတူအိပ်စက်ခဲ့ကြတာ နှစ်ပေါင်းများစွာပင်။

"မြရိပ်ညို ... နှင့်ကြောင့်ပဲ ... နှင် ... ငါ့ဘဝတွေရော၊ ငါ့နှလုံးသားတွေရော တစစီ ဖြစ်အောင် ဖွဲ့ချေနေခဲ့တာလေ"

မနက်ဖြန် အစောကြီး ဒီကနေ ထွက်ရမယ်။ အလက်ဘ်ဘယ်လောက်ပဲ သွေးအေးတယ်ဆိုပေမယ့် ရင်တွေတဒိန်းဒိန်းခုန်ချင်သည်။

+-+-+





www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"မင်းလမ်းလျှောက်ရမယ် မြရိပ်ညို ... မင်းကြောက်နေလို့[…]
ပါ၊ ကိုယ့်အတွေ့အကြုံအရ မင်းခြေထောက်တွေက သန်မာပါတယ်[…]
ပြန်ပြီးကောင်းသွားနိုင်ချေများတယ်"

မြရိပ်ညို ဘာမှမဖြစ်ပါဘူး ဒေါက်တာ အကောင်းပါ။

လမ်းလည်းလျှောက်နိုင်ပါတယ်။

မမကြီးကို ကြောက်လို့ပါ။

ဒေါက်တာ့လို လူချောလူခန့်တစ်ယောက်နှင့် မြရိပ်ညို၏[…] နှစ်ယောက်ထဲထားတာ မရိုးသားနိုင်ပေ။

မမကြီး နှလုံးသားတွေထဲမှာ ကိုသိင်္ဂါပဲရှိနေသည်။

မြရိပ်ညိုနှင့် ကိုသိင်္ဂါ ဝေးသွားစေရန် ဒေါက်တာလို လူတ[…] ယောက်နှင့် ရင်းနှီးကျွမ်းဝင်သွားစေချင်တာလည်း ဖြစ်နိုင်၏။

မမကြီးလက်ထဲကနေ လွတ်မြောက်အောင် မြရိပ်ညို[…]





ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။

"ဟော့ ကောင်မလေး ... မင်း အဲဒီလို ငေးငိုင်သွားတာကို မကြိုက်တာဘဲ ... တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်း နေစမ်းပါကွာ"

"ဟုတ် ... "

ချစ်သောမောင် စိတ်ထဲမှာ မြရိပ်ညိုလေး စိတ်ထွေမှိုင်းနေတာ မကြိုက်။

အမြဲတမ်းလိုလိုပင် ငေးငိုင်သွားတတ်သည်။

မြရိပ်ညို စိတ်ဓာတ် တက်ကြွရန် လိုအပ်သည်။

ငယ်ရွယ်သူလေးပဲ စိတ်ဓာတ်ကျနေနိုင်၏။

မတေးအလင်္ကာ ပြန်လာရင်တော့ ပြောပြရမယ်။

သူ့ရင်ထဲမှာ မြရိပ်ညိုလေးအား သနားကြင်နာနေမိသည်။

"မင်း ဒေါ်ကြွေစေ့ကိုတွဲပြီး ထပါ ... ဒေါ်ကြွေစေ့ လာပါဦး"

အခန်းထဲဝင်လာပြီး စားစရာတွေ လာပို့တဲ့ဒေါ်ကြွေစေ့အား ဒေါက်တာကလှမ်းခေါ်သည်။

မြရိပ်ညို လမ်းမလျှောက်ချင်ပါဘူး။

မမကြီးကို ကြောက်ပါတယ်။

သူမကို လူကောင်းပကတိအဖြစ် မမြင်ချင်သူပါ။

"ဟုတ်တယ် မြရိပ်လေး ... ထပါ ... ဒေါ်ကြွေစေ့တော့



www.burmeseclassic.com

www.burmeseclassic.com



မင်းကို လမ်းလျှောက်စေချင်တာပဲ"

ဒေါ်ကြွေစေ့လည်း မြရိပ်ညိုလေးကို သနားကြင်နာနေမိသည်။

အလကာ လူကြမ်းမ ...

တစ်ခါတရံ မြရိပ်ညိုလေးအား ညှင်းပန်းနှိပ်စက်နေတာတွေကို တွေ့နေရ၏။

ဒေါ်ကြွေစေ့ကတော့ ဘာပြောလို့ရမှာလဲ။

မမကြီးရဲ့ အစေအပါး မိဘစဉ်ဆက် အရှင်သခင်တွေက သေဆိုသေ ရှင်ဆိုရှင်။

"ဒေါ်ကြွေစေ့တွဲမယ် ... ခြံထဲ ဆင်းကြည့်ရအောင်ပါ"

"ဟုတ်ကဲ့"

မြရိပ်ညိုကတော့ ဒေါက်တာ ရိပ်မိသွားမှာလည်း ကြောက်မိသည်။

သူက ဆရာဝန်လေ။

ရိပ်မိနေပြီလားတောင် မသိပါဘူး။

ဒေါ်ကြွေစေ့က တွဲထူမပေးနေ၏။

မြရိပ်ညို မထခဲ့။

တွဲခိုထားသည်။

"အား ... မထနိုင်ဘူး ဒေါ်ကြွေစေ့"





"မင်းစိတ်တွေက အားငယ်နေတာပါ မြရိပ်ညို စိတ်ကိုနိုင်မှာစမ်းပါ၊ မင်းဘ၀အတွက် ဒုက္ခိတဘ၀က အရှမ်းနစ်နာတယ်ကွ"

ဒေါက်တာချစ်သောမောင် အားမရ။

မြရိပ်ညို လူကောင်းပကတိ ပြန်ဖြစ်နိုင်သည်ဟု သူထင်နေသည်။

"အရမ်းနှမြောဖို့ကောင်းပါတယ် မြရိပ်ညို ... မင်းစိတ်ကြောင့်ပါကွ ... ထစမ်း ... "

ချစ်သောမောင်ကိုယ်တိုင်ပင် မြရိပ်ညိုအား စိတ်မရှည်နိုင်တော့ဘဲ တွဲ၍ထူမတ်ပေးလိုက်သည်။

"အား ... အမလေး ... "

"ဟင်"

သူ့ခန္ဓာကိုယ်ပေါ်သို့ မြရိပ်ညိုခန္ဓာကိုယ်လေးက လဲပြိုကျလာ၍ သူလှမ်းဖက်တွယ်ထားလိုက်ရသည်။

"ဒုက္ခပါပဲကွာ ... မင်းကိုက အရမ်းပျော့နေတာပဲ စိတ်နိုင်စမ်းပါကွာ"

"ကျွန်မ လုံး၀လျှောက်လို့မရဘူးထင်တယ် ဒေါက်တာ ... ကြိုးစားနေတာပဲ၊ ကျွန်မစိတ် ဒီလောက်မပျော့ပါဘူး၊ အတင်းအကြပ်ကြီးတော့ လေ့ကျင့်မပေးပါနဲ့လားရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညို ဒေါသလည်းဖြစ်ရပြီး လေသံမာမာလေးနှင့်ပြောမိနေသည်။

"ကောင်းပြီ မြရိပ်ညို ... ကိုယ့်တာဝန်က မင်းလူကောင်းတစ်ယောက်လို သွားလာလှုပ်ရှားနိုင်ဖို့လေ ... မင်းအပျင်းထူနေလို့ မဖြစ်ဘူးကွ ..."

ဒေါက်တာချစ်သောမောင် ရင်ခွင်ထဲကနေ အိပ်ယာပေါ်သွားဖို့ ပြင်ဆင်နေစဉ် မမကြီးက အိပ်ခန်းဝမှာ ရုတ်တရက်ပေါ်လာသည်။

"မြရိပ်လေး ဘာဖြစ်နေတာလဲ"

"ဟင်"

"သြော် ... မတေးအလင်္ကာ ပြန်ရောက်တာ မြန်လိုက်တာ"

"ဟုတ်တယ် ဒေါက်တာ ... ညီမလေးကို စိတ်မချတာနဲ့ လုပ်ငန်းတွေအမြန်လုပ်ပြီး ပြန်လာတာပါ"

မမကြီးပြန်လာတာ အရမ်းမြန်လွန်းနေသည်ဟု ထင်မိသည်။

ဘာဖြစ်လို့များလဲ ...

ကိုသိင်္ဂါနဲ့ အဆင်ပြေပါစေဟု မြရိပ်ညို ဆုတောင်းနေမိ၏။

မမကြီးကိုပင် မြရိပ်ညို မကြည့်ရဲ။





ဒေါ်ကြွေစေ့လည်း အပြင်ထွက်သွားတဲ့အချိန် ဖြစ်နေ၍ တစ်မျိုးထင်သွားမှာ ကြောက်မိသည်။

"စောစောကပဲ ဒေါ်ကြွေစေ့ အပြင်ထွက်သွားပါတယ် မမကြီး"

"ဒေါက်တာ ..."

"ဗျာ ..."

"ညီမလေး အခြေအနေ ဘယ်လိုလဲ ... ပြန်ပြီး လမ်းလျှောက်နိုင်မှာပါနော်"

"ကောင်းနိုင်ချေတော့ များပါတယ် ... ဒါပေမဲ့ မတေးအလင်္ကာရဲ့ ညီမက စိတ်ပျော့တယ်၊ လမ်းလျှောက်ဖို့ သတ္တိမရှိဘူး ဖြစ်နေတယ်လေ"

"ဒေါက်တာ ..."

"ဗျာ"

"ကျွန်မနဲ့ဒေါက်တာတို့က ရွယ်တူလောက်ပါပဲလေ ... အလင်္ကာလို့ပဲခေါ်ပါ"

"ဟုတ်ကဲ့"

မြရိပ်ညိုကတော့ ဒေါက်တာချစ်သောမောင်နှင့် တရင်းတနှီး နေထိုင်ဖို့ လုံးဝစိတ်မကူးမိပေ။

ကြောက်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



မမကြီး ချစ်မြတ်နိုးတာက ကိုသိင်္ဂါဖြစ်ပေမယ့် မမကြီး စိတ်တွေက အစိုးမရ။

ဒေါက်တာချစ်သောမောင်က ကိုသိင်္ဂါနှင့်လုံးဝဆန့်ကျင် ဘက်ပါ။

အရှည်အချင်းရော ဂုဏ်သိက္ခာရော ပြည့်စုံသူပါ။

သူမ ငြိမ်သက်နေမိသည်။

"ညီမလေးကလဲ ဒေါက်တာစကားကို နားထောင်လေ ... ဟုတ်တယ် ... ဆရာဝန်ကြီးတွေကလဲ မမကြီးကိုပြောတယ်၊ ညီမလေးဝေဒနာက စိတ်ခံစားနိုင်မာဖို့လည်း လိုအပ်တယ်တဲ့"

တေးအလင်္ကာကတော့ မြရိပ်ညို အိပ်ရာပေါ်ထိုင်လိုက်ပြီး ညီမလေး မျက်လုံးပေါ်ကျနေတဲ့ဆံနွယ်လေးများကို သပ်တင်ပေးမိသည်။

နှင့်မှာ ဘယ်လိုညို့အားပြင်းတဲ့ စိတ်သဘာဝတွေ ပြင်းထန်နေလဲမြရိပ်ညို။

တစ်လောကလုံးက ယောကျ်ားတွေ နှင့်ကိုပဲ ချစ်မြတ်နိုးနေကြတာလား။

ဒေါက်တာနှင့်မြရိပ်ညို ဒီလောက်အချိန်လေးအတွင်းမှာပင် တရင်းတနှီးနှင့်။

စိတ်ထဲမှာ ပေါက်ကွဲချင်နေသည်။





"ညည်းလေး စိတ်ခံစားတွေကျဆင်းနေလို့ မဖြစ်ဘူးနော် မြရိပ်လေး ... မမကြီးမှာ သံယောဇဉ်တွယ်တာစရာ ဒီညီမလေး တစ်ယောက်ပဲရှိတာပါ ... ဒီလို ဒုက္ခတဘဝကြီးနဲ့ မမဘယ်လိုမှ ကြည့်ရက်နိုင်ဘူး"

မြရိပ်ညို ...

ညည်းကို ငါ‌ယယ်ယယ်လေးထဲက မုန်းတီးနေခဲ့တာပါ။

ညည်းအသက်ရှင်နေတာ ဒက်ဒီချန်ထားခဲ့တဲ့ အမွေတွေ ကြောင့်ပါအေ။

ငါ့အဖေ ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေကို ညည်း ဘယ်တော့မှ အခန့်သား မစံစားစေရဘူး။

ဒက်ဒီ အများကြီးချန်ပေးထားခဲ့တာပဲ။

အံလင်္ကာရတာက မာမီ့အမွေတွေ။

ဒက်ဒီ့ပစ္စည်းက တစ်ဝက်။

မြရိပ်ညိုက အိမ်စေမရဲ့သမီးပဲ ... ရာရာစစ။

"ဒေါက်တာရယ် ... ကြည့်ပါဦးနော် အလင်္ကာ့ညီမလေးလေ ဘယ်လောက်ချောမောလှပလဲ ... နန်းထိုက်တဲ့ ပန်းမြတ်တော်ဝင် လေးပါ"

ဒေါက်တာချစ်သောမောင်က သေသေချာချာကြည့်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ခန့်ညားချောမောတာပဲ။

အလက်ာ့မိဘလက်ထက်ထဲက ခင်မင်ရင်းနှီးတဲ့ ဆရာဝန်ကြီးဆီမှာ အရိုးအကြော တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်တစ်ယောက် ပို့ပေးဖို့ အကူအညီတောင်းခဲ့တာ။

မထင်မှတ်ဘဲ ...

ဒေါက်တာက ငယ်ငယ်ချောချော ယောကျ်ားပီသလွန်းတဲ့ ယောကျ်ား တစ်ယောက် ဖြစ်နေသည်။

"ကိုသိဂ်ါ ... ကျေးဇူးမသိတတ်တဲ့လူပဲ၊ ရှင့်ကို အရူးအမူးချစ်ခဲ့မိတာ ကျွန်မကံဆိုးတာပဲ ... ဒေါက်တာချစ်သောမောင်နဲ့တခြားစီပဲ"

မြရိပ်ညိုနှင့်အနီးကပ်ထားလို့ ဖြစ်ပါ့မလား။

လူ့လောကကြီးထဲမှာ ကိုသိဂ်ါ မရှိတော့ဘူးဆိုတော့ ဒေါက်တာ့အပေါ် အလက်ာ မျက်စိကျသွားရလေသည်။

"ဒေါက်တာ့ကိုလည်း ပြောထားချင်ပါတယ် ... မိသားစုတွေလိုပဲ တရင်းတနှီးနေထိုင်နိုင်ပါတယ်လို့ အလက်ာတို့ကို လုံးဝအားမနာစေချင်ပါဘူး"

"ကောင်းပါတယ် အလက်ာ ... ကိုယ်လည်းမိသားစုဝင်တွေလို နေထိုင်ချင်ပါတယ် ... ကိုယ်က တစ်ကောင်ကြွက်လေ၊ မိသားစု





လည်း မရှိဘူး၊ ဆရာက အကူအညီတောင်းထားလို့ တာဝန်လည်း ကျေချင်ပါတယ်"

"ဝမ်းသာလိုက်တာ ဒေါက်တာရယ် ... အလက်ာကတော့ လေ ဒီညီမလေးအတွက်ပဲ စိတ်ပူနေရတာပါ ... ဒေါက်တာကုသပေးပါ၊ ဒေါက်တာဖြစ်စေချင်တာ ပြောပြပါ"

"ကိုယ်ကတော့ မြရိပ်ညို့ရဲ့စိတ်တွေ ပျော့ညံ့မနေဖို့နဲ့ မကြောက်ဖို့ပါပဲ ... ဒီလိုရောဂါမျိုးက စိတ်နဲ့အများကြီးဆိုင်နေပါတယ်"

"ကြားလား မြရိပ်လေး ... ဒေါက်တာ့စကားတွေကို ညည်းလေးနားထောင်ပါ ... မမကြီးကို စိတ်ပူအောင် မလုပ်ပါနဲ့အေ"

မြရိပ်ညို နဖူးလေးကို သပ်ပေးရင်း အလက်ာပြောနေမိသည်။

သူမက သူမနာမည်နဲ့တော့ လုံးဝဆန့်ကျင်ဘက်ပဲ။

အဲဒါ ညည်းကြောင့်ဖြစ်ရတာ မြရိပ်ညို ...

ငွေဘဝတွေ ကြမ်းတမ်းခက်ထန်သွားရတာ ငွေဒက်ဒီကို နင့်အမေ အစေခံမက မြူဆွယ်ဖြားယောင်းလို့ ငွေဒက်ဒီက ဖောက်ပြန်ခဲ့တာပဲ။

ငယ်စဉ်လေးထဲက အလက်ာတွေ့မြင်ခဲ့ရတဲ့ မြင်ကွင်းက မေ့ပစ်လို့ မရခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါချစ်သူကိုလည်းလုတယ် ... ငါချစ်မြတ်နိုးရတဲ့ ယောက်ျားက နင့်ကိုပဲ စွဲလမ်းနှစ်သက်နေလို့ ငါသတ်ပစ်လိုက်မိတယ် ... နင့်ကြောင့်ပဲ ... "

အိမ်စေမ သမီးကို သူက သွေးသားတော်စပ်နေတာကိုပင် မခံစားနိုင်။

ရှုပ်ရှုပ်နာကြည်းမှုတွေ အတိုင်းအဆမရှိတော့။

မြရိပ်ညိုကို ဒက်ဒီလွဲအပ်ထားခဲ့တဲ့ မိသားစုရှေ့နေကြီး အမွေတွေ လာရောက်လွှဲအပ်ပေးမည့်အချိန်ကို သူမ စောင့်ဆိုင်းနေမိခြင်းဖြစ်သည်။

"ဒေါက်တာ"

"ဗျာ"

"ဒီနေ့မနက်စာကို အလက်ာကိုယ်တိုင် စီစဉ်ချက်ပြုတ်မယ်၊ ဒေါက်တာက ကြိုက်နှစ်သက်တာ ဘာပါလဲရှင် ... "

"ကိုယ်က ချေးမများတတ်ပါဘူး အလက်ာ ... ငယ်စဉ်က အရမ်းဆင်းဆင်းရဲရဲနေထိုင်လာရသူပါ ... အဆင်ပြေသလိုပဲ စားသောက်နေထိုင်တတ်ပါတယ်"

"ညီမလေးကတော့ ကြက်သားဆီပြန်ချက်လေး ကြိုက်တယ်၊ ငါးဖယ်သုပ်လေးကြိုက်တယ်၊ ဒေါက်တာ ပြောပြပါ ... အစားအစာတွေကိုလေ ... "





"ရပါတယ် ... အားရှိတာတွေတော့ စားပေးရပါမယ်၊ မြရိပ်ညို စိတ်ထဲမှာ ငါ ဒုက္ခိတကြီးပါလားဆိုတဲ့အတွေး မဝင်အောင် လေ့ကျင့်ပေးရပါမယ်"

"ဟုတ်ကဲ့"

"ကိုယ့်ကို ခွင့်ပြုပါဦး ... "

"ကောင်းပါပြီ ဒေါက်တာ ... "

မနက်စာတော့ အလက်ာတို့နဲ့အတူတူ သုံးဆောင်စေချင်ပါတယ်"

"ဟုတ်ကဲ့"

ဒေါက်တာ ချစ်သောမောင်က ပြန်ထွက်သွားသည်။

"မြရိပ်ညို"

"ရှင် ... မကြီး"

"နင်နဲ့ဒေါက်တာ လိုအပ်တာထက်ပိုပြီး မရင်းနှီးစေနဲ့နော်၊ နင့်ကို ပေါ်တင်ပဲပြောမယ် ... ငါ ဒေါက်တာကို စိတ်ဝင်စားသွားပြီ"

"ရှင်"

"ဘာရှင်လဲ ... ကိုသိဂ်ါလို သစ္စာမရှိတဲ့လူယုတ်မာကို ငါ ခွဲလွှတ်လိုက်ပြီ ... ငါနဲ့လုံးဝ လာမပတ်သက်ဖို့ပြောလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မမကြီးကိစ္စတွေမှာ မြရိပ်ညို ဝင်မပါလိုပေ။

ဒေါက်တာ့ကိုလည်း မြရိပ်ညို လုံးဝကင်းကင်းရှင်းရှင်း မေ ထိုင်လို့ ဆုံးဖြတ်ထားမိသည်။

အစောကြီးထဲကပါပဲ မြရိပ်ညို ဆုံးဖြတ်ထားခဲ့၏။

ကိုသိဂ်ါမှ ကိုသိဂ်ါဖြစ်နေခဲ့ပြီးမှ သူမကို မမကြီးက စေ့စေ့ ကြည့်နေသည်။

"ကျွန်မ ဒုက္ခိတဘဝကိုပဲ နှစ်သက်ပါတယ်မမကြီးရယ် အကောင်းပကတိလည်း ပြန်မဖြစ်ချင်ပါဘူး ... ဒေါက်တာလည်း မလိုအပ်ပါဘူး"

"လူမြင်ကွင်းမှာတော့ ငါကနင့်ကို ချစ်ခင်ကြင်နာဟန်ပြ ဦးမယ်လေ မြရိပ်ညို ... ငါက ဘယ်လိုမိန်းမမျိုးလည်းဆိုတာ နင်သိ ပါတယ်"

မမကြီးက အတ္တကြီးပြီး စိတ်ကမမှန်ပေ။

ငယ်စဉ်လေးထဲက မိဘတွေရှေ့မှာတော့ အထူးသဖြင့် ဒက်ဒီ့ရှေ့မှာ အရမ်းကိုချစ်ခင် ကြင်နာတတ်သော မမတစ်ယောက် ၏နွေးထွေးမှုတွေ ပြသနေတတ်ပြီး ဒက်ဒီကွယ်ရာမှာတော့ မမကြီး က နှိပ်စက်တတ်သည်။

"ဟဲ့ မြရိပ်ညို ... နင့်ကိုငါပြောပြထားမယ်နော်၊ ဒေါက်တာ့





ကို မြူဆွယ်ဖြားယောင်းတာမျိုးတွေ မလုပ်ရဘူး မှတ်ထားနော်"

"ဟုတ်ကဲ့ပါ ... "

သူမ နဖူးလေးအား မမကြီးက လက်ညှိုးနှင့်ခပ်ကြမ်းကြမ်း ထွန်းထိုးပြီး ပြန်ထွက်သွားလေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

"ကိုချစ်သောမောင် သုံးဆောင်ပါနော် ... အလက်ာတို့ကို မိသားစုတွေလိုပဲ သတ်မှတ်ပါ ... အားမနာပါနဲ့နော် ... "

"မြရိပ်ညိုရော သူ့ကို မိသားစုနဲ့အတူတူ နေထိုင်စားသောက်တတ်အောင် ခေါ်ပေးပါ အလက်ာ ... "

အလက်ာ တမင်မခေါ်တာပါ။

ဒေါက်တာချစ်သောမောင်နဲ့ နှစ်ယောက်အတူတူ စားသောက်ချင်သည်။

မြရိပ်ညိုအား ဒေါက်တာက အရေးတယူ လုပ်နေတာကိုလည်း မနှစ်သက်မိ။

"ဒီကောင်မလေးက ခေါင်းမာတယ် ... ဘယ်လိုမှခေါ်လို့မရဘူး ဒေါက်တာ"

"မြရိပ်ညို ဘယ်လောက်ပဲခေါင်းမာနေပါစေ ရအောင်ခေါ်ရ





မယ် အလက်ာ ... မင်းက ညီမကို ဒုက္ခိတဘဝကနေ လွတ်မြောက်စေချင်တယ်ဆိုရင်လေ ... "

"အင်းနော် ... ဟုတ်ပါတယ် ကိုချစ်သောမောင် ပြောတာမှန်တယ် ... ဖြရိပ်လေးကိုယ်တိုင် အပြင်မထွက်ချင်ဘူးဖြစ်နေတာ"

"ကိုယ်သွားခေါ်လိုက်မယ်"

"အင်း ... ကောင်းတယ် ဒေါက်တာက သူ့ကိုဆေးကုသနေတဲ့ ဆရာဝန် မဟုတ်လား"

မိမြရိပ်ညို ...

နင် ဒေါက်တာချစ်သောမောင်ခေါ်လို့ လိုက်လာရင်တော့ နင့်ကို အသေသတ်ပစ်မယ်။

နင့်ကိုပေါ်တင် ပြောထားပြီးသားနော်။

ဒေါက်တာက ပြန်ထသွားသည်။

"ယောကျ်ားတွေက မြရိပ်ညိုကိုဆိုရင် သည်းသည်းလှုပ် ဖြစ်နေလိုက်တာ ... မုန်းတယ် ... "

ဒေါက်တာချစ်သောမောင်ကတော့ ကိုသိဂ်ါနှင့်ဘယ်လိုမှ နှိုင်းယှဉ်လို့မရနိုင်တဲ့ယောကျ်ားတစ်ယောက်ပါ။

ပညာရော ရုပ်ရည်ရော ... တစိမ့်စိမ့်ကြည့်မိပြီး ချစ်မြတ်နိုးမိသွားသည်။

"ဒေါက်တာချစ်သောမောင် ဘယ်လိုပဲခေါ်နေပါစေ ညီး



www.burmeseclassic.com

www.burmeseclassic.com



မလိုက်လာနဲ့နော် ...”

အလင်္ကာ ဒေါသတွေပေါက်ကွဲပြီး စိတ်ထဲကနေ ကြိမ်းဝါးနေမိသည်။

ခဏနေတော့ ဒေါက်တာချစ်သောမောင် တစ်ယောက်ထဲပြန်ရောက်လာ၏။

ညည်း ...

ငါ့စကားကို နားထောင်သားပဲ မြရိပ်ညို။

“မြရိပ်ညိုက တော်တော်လေးခေါင်းမာတာပဲ အလင်္ကာ ဘယ်လိုမှ ခေါ်မရဘူး”

“အလင်္ကာ ပြောသားပဲ ... ညီမလေးတ သူ့ဘဝကို အမြဲတမ်း ဒေါသတွေထွက်နေတာပါ ... တစ်ယောက်ထဲပစ်ထားဖို့တောင် ပြောနေတာ ...”

“ဒီအတိုင်းဆို မလွယ်ဘူး အလင်္ကာ ... စိတ်က အဓိကပဲလေ ... ခိုင်မာဖို့ အရေးကြီးတယ်”

ဒေါက်တာ ချစ်သောမောင် အရမ်းကို စိတ်ပျက်သွားရသည်။

ဒီလိုခေါင်းမာတဲ့ကောင်မလေးမျိုး မတွေ့ဖူးပါဘူး။

“ကျွန်မ ဘယ်လိုမှသွားချင်တဲ့ဆန္ဒ မရှိလို့ပါ ဒေါက်တာ၊ အတင်းအကြပ်မခေါ်ပါနဲ့ ... ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်”





မြရိပ်ညိုကို ဘယ်လိုမှ ခြိမ်းခြောက်ခေါ်ဆောင်၍ မရပေ။

မင်း ဒီလောက်အထိ စိတ်ဓာတ်ကျစရာမလိုပါဘူး မြရိပ်ညိုရယ်။

ချစ်သောမောင် ကိုယ်တိုင် မြရိပ်ညိုအား သနားကြင်နာနေမိသည်။

မင်းခံစားနေရမှာပါ။

အရွယ်နုပျိုတဲ့အချိန် မင်းကို အကောင်းပကာတိ ဖြစ်စေချင်တယ်။

သူကိုယ်တိုင် စိတ်ရှည်ရှည်ထားဖို့ ဆုံးဖြတ်ထားသည်။

“ကိုချစ်သောမောင် ...”

“ဗျာ”

“ညီမလေးအကြောင်း ခေါင်းထဲသိပ်မထည့်ပါနဲ့ ဖြည်းဖြည်းပေါ့ ... သိပ်ပြီး စိတ်လောမကြီးစေချင်ဘူး”

“ဟုတ်တယ် အလင်္ကာ ... ကိုယ်တို့စိတ်ရှည်သင့်တယ်၊ မြရိပ်ညိုဘက်ကလဲ အရမ်းဝမ်းနည်းကြေကွဲနေရှာမှာပါ၊ ကံကောင်းတာက မင်းလိုအစ်မတစ်ယောက်ရှိနေတာပဲ”

“မြရိပ်လေးအတွက် အလင်္ကာလေ စက္ကန့်မလပ် စိတ်ပူနေရတယ်၊ အလင်္ကာကြောင့်ဖြစ်ရတာလို့လည်း တွေးပြီးဖြေလို့မရဘူး ဒေါက်တာကပဲ အကောင်းဆုံးအနေအထားပြန်ရောက်အောင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားကုသပေးစေချင်ပါတယ်"

"ငယ်ရွယ်နုပျိုတဲ့အချိန်မှာ ဖြစ်ရလို့ ကိုယ်လည်း စိတ်မကောင်းဖြစ်ရတယ် ... စိတ်ချပါ ... ဒီကောင်မလေးစိတ်ကို တဖြည်းဖြည်းပြုပြင်ပေးသွားမယ်၊ ကောင်းမွန်တဲ့ အခြေအနေပဲလို့ ကိုယ် ထင်နေတယ်"

"ဒေါက်တာ့ဘက်ကနေ လုံးဝစိတ်မလျှော့ပစ်လိုက်ပါနဲ့နော်၊ အလင်္ကာ တောင်းပန်ပါတယ်"

အလင်္ကာပဲ အပီသရုပ်ဆောင်ပြလိုက်သည်။

"စားပါ ဒေါက်တာ ဖြည်းဖြည်းပေါ့ ... ကျွန်မတို့ နားလည်မှုနဲ့ စိတ်လောလို့တော့ မရဘူးထင်တယ်"

မြရိပ်ညိုကို လူကောင်းတစ်ယောက်ဟု ဒေါက်တာချစ်သောမောင် ထင်မိနေ၍ စိတ်တတ်မနိုင်မာတဲ့ကောင်မလေးကို ဒေါသထွက်ရသည်။

အလင်္ကာပြောသလိုပဲ စိတ်ရှည်ရမယ်။

သူ့ရင်ထဲမှာလည်း ခံစားချက်တွေက ပြင်းပြနေ၏။

ဒီလောက်ကြီးစိုးရိမ်ပူပန်ဖို့ မသင့်ဘူးဟုပဲ တွေးပစ်လိုက်သည်။

"အလင်္ကာက မိန်းကလေးပီသတယ်၊ အိမ်မှုကိစ္စတွေလည်း နိုင်နင်းတဲ့ ... ဟင်းချက်လက်ရာတွေလည်း အရမ်းကောင်းပါ





တယ်"

ချစ်သောမောင်ကလဲ မိန်းကလေးပီသတဲ့ ဣန္ဒြေသိက္ခာကြီးမားတဲ့ မိန်းကလေးမျိုးကိုပဲ နှစ်သက်မိသည်။

"အလင်္ကာ့မာမီကလေ အမြဲတမ်း မိန်းကလေးပီသပြီး အိမ်ရှင်မကောင်းဖြစ်ဖို့ သွန်သင်ဆုံးမနေခဲ့တာပါ၊ မြရိပ်ညိုအမေကတော့ ကလပ်တွေတက်ပြီး ခေတ်ရေ့ပြေးလွန်းတယ် ... ဒီကောင်မလေးတောင် မာမီ့လက်ထဲ စောစောစီးစီးရောက်လာလို့ပါ ... အဖေညီအစ်ကိုလေ ... သူ့အမေကပြောရမှာ အရမ်းရှက်ပါတယ်၊ မပြောတော့ပါဘူး"

သူမစကားပြောတာတွေ လွန်သွားကြောင်း တောင်းပန်လိုက်သည်။

တကယ်တော့ အလင်္ကာ့မာမီက လင်ငယ်ယူပြီး ဒက်ဒီနဲ့ သူမကို ထားခဲ့တာပါ။

နောက်မပြန်လာတာ။

နင့်ကို ဒေါက်တာ လုံးဝအထင်မကြီးစေရဘူး။

"ဒါကလေ ... ညီမလေးကြိုက်တာပါ၊ ကြက်သားကို မဆလာနဲ့ချက်ထားတာ၊ အလင်္ကာလေ နှစ်ယောက်လုံးမိဘမဲ့တွေဆိုတော့ အရမ်းချစ်ကြပါတယ်"

"အလင်္ကာ့လို အစ်မတစ်ယောက်ရှိလို့ပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



အလင်္ကာကိုတော့ မိန်းကလေးပီပီသသနှင့် ချောမောလှပ ဣန္ဒြေကြီးသူဟု သူ့စိတ်ထဲမှာ သတ်မှတ်ထားပေမယ့် မြရိပ်ညိုကို ချစ်သောမောင် ပို၍သံယောဇဉ် တွယ်မိသွားသလိုပင်။

မြရိပ်ညို မျက်ဝန်းလေးတွေကို ဖြူစင်တဲ့ မိန်းကလေးဟု တော့ သူ့စိတ်က နှစ်သက်မိနေသည်။

"မြရိပ်ညိုကလေ ထင်တိုင်းကြွချင်တဲ့ ကောင်မလေးပါ ဒေါက်တာ ... အလင်္ကာ ဘယ်လောက်စိတ်မောလူမောဖြစ်ရလဲ၊ အခုလို မဖြစ်ခင်မှာ ကိုသိင်္ဂါဆိုတဲ့ လူတစ်ယောက်နဲ့ မိုးရာလိုက်ပြေး ကြတယ် ... နောက်ဆုံး ကိုသိင်္ဂါက စွန့်ပစ်ထားခဲ့လို့ အလင်္ကာ ပြန်ခေါ်လာခဲ့တာပါ ... အဲဒီစိတ်ဓာတ်ကလည်း သူ့မှာရှိနေပါတယ်၊ ဟိုလေ ... ဒေါက်တာ သိထားအောင်ပါ၊ ညီမလေးရဲ့စိတ်အခြေ အနေကို သိထားစေချင်တယ်"

မြရိပ်ညိုကို ချစ်သောမောင် အရမ်းပဲ အံ့ဩနေမိသည်။

တကယ့်ကို နုဖတ်အိစက်ညွန့်ဖူးနေတဲ့ ကောင်မလေးက ယောကျ်ားတစ်ယောက်ရဲ့ စွန့်ပစ်ခြင်းကို ခံခဲ့ရတာလား။

စွန့်ပစ်ထားခဲ့သူက ဘယ်လိုယောကျ်ားမျိုးလဲ။

"ကိုသိင်္ဂါအကြောင်း အလင်္ကာစုံစမ်းကြည့်တော့လေ လူရုပ် လူပွေ ပိုင်းလုံးကောင်ပါ ... အဆင့်လုံးဝမရှိဘူး ... ဆေးသမား"

"ဟုတ်လား"





"ကိုသိင်္ဂါနဲ့ဖြစ်ချင်တိုင်းဖြစ်နေလို့ အလင်္ကာ တားဆီးရင်း မြရိပ်ညိုက အစ်မစကားကို နားမထောင်ချင်ဘူး ... ဒေါသတွေဖြစ်ရ ပေမယ့် အလင်္ကာ ချစ်မြတ်နိုး သံယောဇဉ်တွယ်ရတဲ့ ညီမလေးဖြစ် နေတော့ ဘယ်တတ်နိုင်မလဲ"

တကယ်မထင်ရဘူး မြရိပ်ညို ... အရမ်း နူးညံ့သူလေးလို့ ကိုယ်စတွေ့တွေ့ချင်း ထင်မှတ်ထားခဲ့တာပါ။

မင်းက ကောင်ရှုပ်မလေးဘဲ။

ဆရာကတော့ အလင်္ကာတို့အကြောင်း သိပ်မသိတော့ဟု ကြိုတင်ပြောထားခဲ့သည်။

"မိဘတွေနဲ့ ခင်မင်တာပါ ... အခုမှ ပြန်ဆုံဖြစ်တာလေ"

သူကတော့ မိသားစုအကြောင်းတွေကို သိပ်စိတ်မဝင်စားမိ။

သူ့ကိုပေးထားတဲ့တာဝန်ပဲ ကျေပွန်ချင်သည်။

"ဒေါက်တာကို ပြောပြရတာကလေ သိထားသင့်တယ်ထင် လို့ပါနော် ... ညီမလေးအကြောင်း ဒေါ်ကြွေစေ့တောင် မသိအောင် အလင်္ကာ ဖုန်းဖိထားတာပါ"

"ကိုယ့်ကိုတော့ ယုံကြည်စိတ်ချပေးပါ အလင်္ကာ ... ကိုယ် က တခြားသူတွေနဲ့ မတူဘူးလေ ... မြရိပ်ညိုနဲ့အလင်္ကာတို့ ဂုဏ် သိက္ခာမဲ့စေဖို့ ဘယ်တော့မှ မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာကိုတော့ အလင်္ကာ လုံးဝယုံကြည်အားကိုးပါတယ်နော်"

မြရိပ်ညို နှင်းခံယူရမယ့်ဘဝက အဲဒါပဲ …

နှင်းကိုယ်တိုင် အစေခံမရဲ့သမီးလေ။

ငှါဒက်ဒီကို ဖြားယောင်းသွေးဆောင်လိုက်တာပဲ။

ငါ ဘယ်တော့မှ မမေ့ဘူး။

အလင်္ကာငယ်စဉ်လေးထဲက မြရိပ်ညိုတို့သားအမိကို အရမ်းမုန်းတီးခဲ့မိတာပါ။

ဒေါက်တာချစ်သောမောင်ကတော့ ငါ့အတွက်ပဲ။

"ဒေါက်တာ"

"ပြောပါ အလင်္ကာ"

"အလင်္ကာတို့ မိသားစုအကြောင်းသိရလို့ စိတ်ပျက်မသွားပါနဲ့နော် … မြရိပ်လေးကိုတော့ သည်းခံပေးပါ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခိတဖြစ်ရလို့ အရမ်းပေါက်ကွဲနေတာပါ"

"ရပါတယ် အလင်္ကာ … ကိုယ်က မိသားစုဆရာဝန်ပဲလေ၊ ဒီလိုပါပဲ မြရိပ်ညိုက ကိုယ့်လူနာပါ … ကိုယ်စိတ်မပျက်ပါဘူး"

"ကျေးဇူးပါပဲနော် … ဒေါက်တာ အေးအေးဆေးဆေး အနားယူလိုက်ပါဦး"

"ကောင်းပါပြီ"





ဒေါက်တာ ချစ်သောမောင် ပြန်ထွက်သွားသည်။

တကယ်တမ်းကျတော့ အလင်္ကာ ဘာမှဟင်းတွေ ချက်တတ်တာမဟုတ်။

ဒေါ်ကြွေစေ့ပဲ ချက်ပြုတ်ပေးခဲ့တာပါ။

အိမ်မှုကိစ္စ ဝေးသေးတယ်။

အလုပ်သမားတွေပဲ လုပ်ကြသည်။

"ဒေါ်ကြွေစေ့"

"အမိန့်ရှိပါ မမကြီး"

"ဒီမှာ ကျွန်မပြောပြမယ် … ဒေါက်တာရှေ့မှာ ကျွန်မကို အရမ်းကြီးလေးစားပြမနေနဲ့၊ ဒေါက်တာက တစ်မျိုးထင်သွားဦးမယ် ပြီးတော့ … တခြားကိုယ်ရေးကိုယ်တာတွေမေးရင် တစ်လုံးတောင် မပြောမိပါစေနဲ့"

"ဒေါ်ကြွေစေ့ ဘယ်တုန်းကမှ မမကြီးတို့ကိုယ်ရေးကိုယ်တာတွေ မပြောပြမိပါဘူး။ ကိုယ့်အရှင်သခင်တွေအပေါ်မှာ သစ္စာရှိပါတယ်"

"ဒီမှာ"

"အမိန့်ရှိပါ"

"ကိုသိင်္ဂါနဲ့မြရိပ်ညိုတို့က ချစ်သူတွေ နှစ်ယောက်သား အလွန်အကျွံတွေဖြစ်ပြီး ခိုးရာလိုက်ဖူးတယ်လို့ ပြောပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... "

"ဘာရှင်လဲ ... ကျွန်မအကြောင်း ဒေါ်ကြွေစေ့ ကောင်းကောင်းသိတယ်နော်၊ ဘယ်သူတွေက ဒေါ်ကြွေစေ့တို့ ဘိုးစဉ်ဘောင်ဆက် အရှင်သခင်တွေလဲ"

"မမကြီးတို့ပါ ... "

မမကြီး မဟုတ်တာတွေ ပြောနိုင်းနေပေမယ့် ဒေါ်ကြွေစေ့ မလှန်ရဲပေ။

တေးအလင်္ကာက နာမည်နှင့်မလိုက်ဖက်အောင် ရက်စက်သူဖြစ်သည်။

မြရိပ်ညိုလေး ဘယ်လောက်ခံနေရလဲ မိမိအသိဆုံးပါ။

မိမိကိုယ်တိုင် မမကြီးအလင်္ကာလက်ထဲက ဘယ်လိုနည်းနှင့်မှ မလွတ်မြောက်နိုင်ကြောင်း သိနေ၏။

ပြောဆိုလည်း ပြောရတော့မှာပဲလေ။

မြရိပ်ညိုလေးကိုတော့ သနားသည်။

"ဒေါက်တာ မမေးရင်တောင် ဒေါ်ကြွေစေ့က စကားရှာပြီးပြောပြပါ"

ဒေါ်ကြွေစေ့အား ဒေါက်တာ့ကိုပြောပြရမည့်စကားတွေကို အလင်္ကာ သင်ပြနေမိသည်။

"ကျွန်မကို သနားစရာအစ်မတစ်ယောက်ဖြစ်အောင် ပြောပြပေးရမယ်"





"ဟုတ် ... ဟုတ်ကဲ့ ... "

"မြရိပ်ညိုဘက်ကနေ ဘာအကြောင်းနဲ့မှ လိုက်စရာမလိုဘူးနော်၊ ကိုသိင်္ဂါနဲ့ဖောက်ပြန်တယ်၊ ကျေးမွေးစောင့်ရှောက်ထားတာတွေကိုတောင် မထောက်ထားဘူး ... အခုတော့ ကိုသိင်္ဂါက ကျွန်မကို ပြစ်ချသွားပြီ"

မိမိတွေ့မြင်သိထားရတော့ ကိုသိင်္ဂါဆိုတဲ့ မမကြီးချစ်သူက မြရိပ်ညိုလေးအား အတင်းအားမမ္မ စော်ကားခြင်းဖြစ်သည်။

မြရိပ်ညိုက မိမိကို တိုင်တန်းပြောပြခဲ့၏။

ဒီကောင်က လူရုပ်လူပွေ။

အလုပ်အကိုင် မယ်မယ်ရရမရှိဘဲ တေးအလင်္ကာရဲ့ မိဘအမွေအနှစ်တွေကို ထိုင်ဖြုန်းနေလေသည်။

အမှန်တွေကို မပြောရဲပါဘူး။

"အခွင့်အခါသင့်သလို ပြောပေးရမယ် ... ကျွန်မအမိန့်ကို ရှင်နာခံပါ၊ ကျွန်မ ဒေါက်တာ့ကို ချစ်နေပြီ"

ဘုရားရေ ...

အရင်ကတော့ ကိုသိင်္ဂါမှ ကိုသိင်္ဂါ အရူးအမူးပဲ။

အလိုလိုက်အကြိုက်ဆောင်ထားလိုက်တာလည်း ပြောမနေပါနဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြေွစေ့ ရှုံရာစက်ဆုတ်လာသည်။

"ကျွန်မပြောတဲ့အတိုင်းမလုပ်ဘဲ ဆန္ဒကျင်ပြီး မြရိပ်ညိုဘက်က လိုက်ရင်တော့ ရှင်ကြီးအသေဆိုးနဲ့သေရပြီသာ မှတ်ထား"

"ဟုတ်ကဲ့ ပြောပါ့မယ် မမကြီးရယ် ... ဒေါ်ကြေွစေ့ သိပါတယ် ... မမကြီးအပေါ်မှာပဲ သစ္စာစောင့်မှာပါ"

မတတ်နိုင်တော့ဘူး မြရိပ်ညိုလေးရေ။

ဒေါ်ကြေွစေ့ကို နားလည်ခွင့်လွှတ်ပေးပါ။

တေးအလင်္ကာကို သစ္စာမဖောက်ရဲပါဘူး။

ညည်းလေးဘဝလည်း အေးချမ်းလွတ်မြောက်ပါစေ။

"ဟင်းတွေချက်တာကအစ ကျွန်မချက်တာနော် ... နားလည်လား၊ အရေးကြီးတာ ဒေါက်တာက ကျွန်မကို အထင်ကြီးနှစ်သက်ဖို့ပဲ ... "

"ဟုတ်ကဲ့ပါ"

"လုပ်စရာရှိတာလုပ်တော့"

"ဟုတ်ကဲ့"

တေးအလင်္ကာက အမြဲတမ်း အတ္တကြီးတယ်ဆိုတာ ရှင်အသိဆုံးပါပဲ ဒေါ်ကြေွစေ့။

ဒေါသကြီးပြီး ကြမ်းတမ်းသူပဲလေ။

နာမည်က မိဘတွေမှည့်ခဲ့တာပါ။





ဒေါ်ကြေွစေ့ကို သူမ အမြဲတမ်း ငြိမ်ဝပ်ပိပြားနေစေရန် နှိပ်ကွပ်ထားတတ်သည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"မြရိပ်ညို"

"ရှင်"

"မင်းက အပျင်းကြီးနေတာလား ခေါင်းမာတာလား၊ မင်းဘဝကြီးကို စိတ်ပျက်အားလျှော့နေတာလား"

"ဖြစ်နိုင်ရင် ကျွန်မတစ်ယောက်ထဲပဲနေချင်တာပါ ဒေါက်တာ ..."

"မင်း လူကောင်းတစ်ယောက်လို သွားလာလှုပ်ရှားနိုင်တယ်ကွ ... မင်း ဆေးကုသမှု မခံယူချင်တဲ့အကြောင်းက ဘာလဲ၊ မင်းအစ်မကို မင်းမသနားဘူးလား ... မင်းကို ဒုက္ခိတဘဝနဲ့ အလကားမမြင်ချင်ဘူး ..."

ရှင်က မမကြီးအကြောင်း ဘယ်လောက်သိလို့လဲဟင်။

မြရိပ်ညိုကို ဒုက္ခိတဘဝရောက်အောင် သူပဲလုပ်ခဲ့တာပါ။





မြရိပ်ညိုမှာ ရှင်းပြခွင့်ပင် မရှိ။

မမကြီးကို ကြောက်တယ်။

မြရိပ်ညို အဝေးသို့ ထွက်ပြေးချင်ပေမယ့် မပြေးရဲ။

မမကြီး ဘာကြောင့် မြရိပ်ညိုကို လက်ခံထားလည်းဆိုတာ ဒက်ဒီချန်ထားခဲ့တဲ့ အမွေတွေကြောင့်ပါ။

"မင်းကို ကောင်းနိုင်လို့ ကိုယ်ပြောပြနေတာပါ၊ မင်းစိတ်ဓာတ်က အဓိကပဲ မြရိပ်ညို ..."

မြရိပ်ညိုက အရမ်းဆိုးသွမ်းပေတေပြီး လုပ်ချင်တာတွေ လုပ်တတ်တဲ့ အမူအကျင့်တွေရှိနေကြောင်း အလကားကိုတောင် သနားမိနေရသည်။

ဒီကောင်မလေး အစ်မကိုတောင် ညာတာထောက်ထားမှု လုံးဝမရှိဘူး။

မြရိပ်ညိုမျက်နှာလေးအား စိုက်ကြည့်နေမိ၏။

တကယ်ပဲ မထင်ရက်နိုင်အောင် နုဖတ်နေတဲ့ မြရိပ်ညို နှာတံစင်းစင်းလေး နှုတ်ခမ်းထူအမ်းအမ်းလေး မျက်ဝန်းညို့ညို့ ဖြောင့်စင်းထူထဲလွန်းတဲ့ ဆံနွယ်တွေ။

"ဒေါက်တာ"

"ဟင်"

"ကျွန်မ ဆေးသောက်ပြီးရင် အနားယူချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာက သူမအား စိတ်ဝင်စားနေမှာ သူမအကြောက်ဆုံးပင်။

မမကြီး ရည်မှန်းထားတဲ့ယောက်ျားဆိုရင် အကြောက်ဆုံးပါပဲ။

ကိုသိင်္ဂါရော မမကြီးကို စွန့်ပစ်သွားပြီလား။

ကိုသိင်္ဂါက မြရိပ်ညိုအား လက်ထပ်ခွင့်တောင်းဆိုနေလေသည်။

"ညနေတော့ မင်းခြံထဲဆင်းရမယ် ... သစ်ပင်အုပ်အုပ်လေးရှိနေတဲ့ ချစ်စံအိမ်လေးရဲ့အပြင်ဘက်က အရမ်းစိတ်ကြည်နူးသာယာဖို့ကောင်းတယ်"

မမကြီးက ဘာဖြစ်လို့များ ဒီနေရာလေးကို ချစ်စံအိမ်လို့ပေးထားရတာလဲ။

ပတ်ဝန်းကျင်မှာ မမကြီးအား စိတ်သဘောထား ပြည့်ဝဖြူစင်တဲ့ မိန်းမတစ်ယောက်အဖြစ် မြင်စေရန် ဟန်ဆောင်ထားတာပဲဖြစ်သည်။

"ကျွန်မ လုံးဝမထွက်ချင်ပါဘူး ဒေါက်တာ ... ကျွန်မ ခြေထောက်ပြန်ကောင်းဖို့ မဖြစ်နိုင်တော့ဘူးထင်ပါတယ် ... ကျွန်မကို အချိန်လေးပေးပါ"

မြရိပ်ညို သေပစ်ချင်သည်။





မမကြီးအလက်ာကြောင့် သူမ ဒုက္ခိတဘဝနဲ့ နေထိုင်လာခဲ့ရတာပါ။

"ညနေကျရင်တော့ မင်းဆင်းရမယ်၊ မင်းအစ်မကိုလည်းကိုယ် အတင်းအကြပ်ပြောခိုင်းရမှာပဲ ... "

"သေချင်လိုက်တာ"

"မြရိပ်ညို မင်းဘာဖြစ်လို့ စိတ်ဓာတ်တွေကျနေရတာလဲ"

"ဟို ... ဒေါက်တာ ... ကျွန်မအစ်မက ဆင်းစေချင်ရင်ကျွန်မ ဆင်းပါ့မယ် ... ကြိုးစားပြီး လူကောင်းဖြစ်စေရပါ့မယ်"

"မင်းအစ်မဆန္ဒပဲလေ ... မင်းအစ်မ ဘယ်လောက်အထိစိတ်ပူနေလဲ မြရိပ်ညို ... မင်းခေါင်းမမာသင့်ဘူး"

"ဟုတ်ကဲ့"

ဒေါက်တာက မြရိပ်ညို မဆင်းမချင်း ခေါ်နေမှာပဲဖြစ်သည်။

သူမ ဒီလိုပဲနေပြလိုက်မယ်။

မမကြီးရယ် ...

မြရိပ်ညိုကို ဒေါက်တာ ခေါ်ထားပေးစရာမလိုဖါဘူး။

ဒေါက်တာချစ်သောမောင်က ငယ်ငယ်ချောချောလေး ဖြစ်နေ၏။

မမကြီး ဘာသဘောနှင့်လည်းဆိုတာ သူမ သိသည်။

"ကဲ ... မင်းဆေးသောက်တော့ ... ပြီးတော့ အိပ်၊ အနား



www.burmeseclassic.com

www.burmeseclassic.com



ကြီးတာက အားရှိနေအောင်လည်း အိပ်သင့်တယ်"

"ဟုတ်ကဲ့"

ဒေါက်တာချစ်သောမောင်ကို ထိုစကားလောက်ပဲ သူမ ပြောသည်။

အရေးတယူ မလုပ်မိအောင် နေထိုင်ရမယ်။

"ကဲ ... မြရိပ်ညို ... စိတ်ကိုအေးအေးထားပြီး အနားယူ တော့နော် ... အိုကေ ... "

"ဟုတ်"

သူမ ခေါင်းလေးက တယုတယ ပုတ်လိုက်သဖြင့် သူမ အထိတ်တလန့် ဖြစ်သွားရလေသည်။

ဒေါက်တာက မြရိပ်ညိုအား ဂရုဏာသက်နေသလိုပင်။

မြရိပ်ညို မကြိုက်။

သူမ မျက်နှာလေးက တင်းမာခက်ထန်သွားသည်။

"ညနေမှ တွေ့မယ်"

"ဟုတ်ကဲ့"

မြရိပ်ညိုလေသံလေး မာသွားသဖြင့် အားတော့နာမိသည်။

ဒေါက်တာ့စေတနာတွေကို မြရိပ်ညို အသိအမှတ်ပြုပါတယ် ရှင်။

ဒေါက်တာနဲ့အရေးတဝင် တရင်းတနှီးမနေပါစေနဲ့။





မြရိပ်ညိုက အစေအပါးတွေရဲ့ သွေးပါ။

မမကြီး ဒက်ဒီက ကောက်ယူမွေးစားခဲ့ကာ သမီးအရင်းနှင့် တန်းတူညီတူထားကာ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

"သမီးငယ်လေး ... မွေးစားသမီးဖြစ်ပေမယ့် ဒက်ဒီ့သွေး သား သမီးအရင်းလေးအဖြစ် သတ်မှတ်ထားပါတယ် ... အားမငယ် နဲ့ ပြောပါရစေ"

ဒက်ဒီက မြရိပ်ညိုကို အချစ်ကြီးချစ်နေ၍ပဲ မမကြီး မနာလို နေ့တိုဖြစ်တာဟု ထင်မိသည်။

"မြရိပ်ညို"

"ဟင် ... မမကြီး ... "

"ဒေါက်တာက ပြောတယ် ... ညနေခြံထဲဆင်းရမယ်တဲ့"

"ဟုတ်ကဲ့ မမကြီး ... ဒေါက်တာက လေ့ကျင့်ရမယ်ပြော ပါတယ်၊ မမကြီးဆန္ဒအတိုင်းပါပဲနော် ... မဆင်းနဲ့ဆိုလည်း မဆင်း ပါဘူး"

"ညည်း ဆင်းရမယ် ... ဟန်မပျက်စေနဲ့၊ ဒေါက်တာကိုတော့ စရှောပရိသွားပြီး မလုပ်နဲ့နော်"

"ဟုတ်ကဲ့ပါ မမကြီး"

"မြရိပ်ညို ... ညည်းကို တစ်ခုလောက်မေးရမယ်၊ ညည်းကို ဒက်ဒီက အမွေစားအမွေခံ စာချုပ်မပေးခဲ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မပေးခဲ့ပါဘူး မမကြီး၊ ဒက်ဒီဆုံးတော့ မြရိပ်မှ အနားမှာ မရှိတာဘဲ"

"ကြိုတင်ပြီးပေးလားလို့"

"ဟင့်အင်း ..."

"ညည်း မလိမ်နဲ့နော်"

"မလိမ်ပါဘူး ... မမကြီးရယ် ... ဒက်ဒီက ရုတ်တရက်ကြီး ဆုံးတာလေ"

"ညည်း ... နောက်ဘယ်တော့မှ ငါ့အဖေကို ဒက်ဒီလို့မခေါ်နဲ့ မြရိပ်"

"ဟုတ်ကဲ့"

"ညည်းကို ကျုပ်ပြောထားပြီးပြီနော် ... ဒေါက်တာ့ကို အိမ်ကလီရိုက်ဖို့တော့ ညည်း လုံးဝမကြိုးစားနဲ့ ..."

"မမကြီးရယ် ... ကျွန်မဘဝက မမကြီးထားရာနေ စေရာသွားရသူပါ ... ယောက်ျားတစ်ယောက်ကို ချစ်ကြိုက်ဖို့ဆိုတာ စိတ်ကူးထဲတောင် မထည့်ရဲပါဘူး"

မြရိပ်ညိုကို စေ့စေ့ကြည့်လေ စွဲမက်ဖွယ် အလှတွေပိုင်ဆိုင်ထားသူလေးအဖြစ် မသတ်မှတ်ဘဲ မနေနိုင်ကြ။

ဒေါက်တာကရော မြရိပ်ညိုအား အရေးတယူရှိလွန်းနေတာ သူမ သိနေသည်။





"အလက်ာ ... မင်းကို ကိုယ်ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ မင်းရဲ့ ဓနအင်အားတွေနဲ့ ဖြားယောင်းမြူဆွယ်မှုအောက်မှာ ဝပ်[illegible]င်းခယခဲ့မိပေမယ့် ကိုယ်ချစ်မိခဲ့တာက မြရိပ်ညိုပဲ ... ကိုယ် မင်းဆီက ဘာတစ်ခုမှ မတောင်းဆိုချင်တော့ပါဘူးကွာ၊ မြရိပ်ညိုလေးနဲ့ ဆက်ထပ်ခွင့်ပဲ ပြုပေးပါ"

တော်တော်လေး အပြောကောင်းတဲ့ ကိုသိင်္ဂါပဲ။

သူ့ဘဝကြီး တစ်ခုလုံးကို ပေးကမ်းထောက်ပံ့စောင့်ရှောက်လာခဲ့တဲ့ မျက်နှာကိုတောင် မထောက်မညှာ။

ရှင် သေသင့်တယ်။

ရှင့်နောက်ကို မြရိပ်ညိုကို ထည့်ပေးလိုက်ချင်တာ။

သေမင်းနိုင်ငံရောက်မှ ပေါင်းကြရအောင်ပါ။

ကိုသိင်္ဂါနှင့်ပတ်သက်ပြီး အလက်ာ ရင်တွေပူလောင်နာကျင်နေဆဲပါ။

ဒက်ဒီ မလွှဲမသွေ မြရိပ်ညိုအတွက် အမွေပစ္စည်းတွေ ထားခဲ့မှာပဲ။

မာမီကတော့ ရွှေနေကြီး ဦးသာဒင်ဆီမှာ အပ်ထားခဲ့တယ်တဲ့။

ဦးသာဒင်က ဒက်ဒီ့လူမှလူ။

တာဝန်အတိုင်းပဲ လုပ်ဆောင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး"

"ဘာလဲ ..."

"မြရိပ်အတွက် မပူပါနဲ့၊ မြရိပ် ဒုက္ခိတဘဝကလည်း မလွတ်မြောက်ချင်ပါဘူး ... ဒီအတိုင်းပဲ နေပါရစေနော်"

"မရဘူး ... နင့်ကိုငါက ဘယ်လောက်အထိ ချစ်မြတ်နိုးလဲဆိုတာ ပတ်ဝန်းကျင်သိအောင် ပြနေတာလေ"

မမကြီးရယ် ...

မြရိပ်ညိုကို ဘာဖြစ်လို့များ ဒီလောက်အထိ မုန်းတီးနေရတာလဲဟင်။

ဒက်ဒီ့အမွေတွေကြောင့်လား။

မြရိပ်ညို မရသေးလို့ပါ။

ဒက်ဒီ မသေခင်က မြရိပ်ညိုအား အသေအချာမှာခဲ့သည်။

"သမီးလေး ခံစားခွင့်အပြည့်ရှိပါတယ်၊ ဘာဖြစ်လို့ ခံစားခွင့်ရှိလဲဆိုတာ သမီး မမကြီး အသိဆုံးပဲ"

မမကြီး သိနေသည်တဲ့။

ဘာတွေမုန်းတော့ မသိပါဘူး။

သမီး ဘဝတစ်သက်တာအတွက် ဒက်ဒီ့အမွေတွေကို ဘယ်သူမှ ပေးပြစ်ဖို့ စိတ်ကူးထဲတောင် မထည့်ပါနဲ့တဲ့။

ဒက်ဒီ အသေအချာမှာကြားထားခဲ့၏။





မမကြီးက တဖြည်းဖြည်းနှင့်ကြောက်စရာကောင်းလောက်အောင်ပင် သူမအပေါ် ရက်စက်နေလေသည်။

"နင်အောက်ကို ဆင်းရမယ် မဟုတ်လား ... ငါနဲ့ဆင်းကြယ်"

"ဟုတ်ကဲ့"

"မြရိပ်ညို"

"ရှင်"

"ဒေါက်တာက ယဉ်ကျေးသိမ်မွေ့တယ်၊ ကိုသိင်္ဂါနဲ့ဘာမှ ခဆိုင်ဘူး ... ကိုသိင်္ဂါက ငွေပေါ်စည်းတွေ မတရားယူပြီး ထွက်ပြေးသွားတယ် ... ဒေါက်တာ့ကိုတော့ ငါအရယူရလိမ့်မယ်"

"ယူပါ မမကြီးရယ် ... မြရိပ် ဒေါက်တာ့ကိုလည်း မကြိုက်ပါဘူး၊ အထင်လည်း မကြီးပါဘူး"

နင်က ငွေထက်ပိုပြီး ဘာဖြစ်လို့များ စွဲဆောင်မှုရှိနေရတာလဲ။

မြရိပ်ညိုအမေက အိမ်စေဖြစ်ပေမယ့် ချောမောသူဖြစ်သည်။

"မာမီ ... အိမ်ကပ်စမ်းပါ၊ ဒက်ဒီ့ကို ဟိုအိမ်စေမက အပြတ်ကပ်ဆွဲနေတာ၊ မာမီက တစ်ချိန်လုံးအပြင်ပဲ ထွက်နေတယ်"

သူမ ပြောခဲ့စဉ်က မာမီ့မျက်နှာ ရှုံ့မဲ့၍ သမီးဒက်ဒီက မာမီကို ဘယ်တော့မှချစ်မှာမဟုတ်ဘူးတဲ့။

အမြဲတမ်း မုန်းတီးနေတာပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မာဓိကတော့ ဝတ်စားပြင်ဆင်ပြီး အပြင်ထွက်နေတာ ဒက်ဒီ့ရဲ့အကြင်နာကင်းမဲ့မှုနှင့် ဖောက်ပြန်မှုတွေကြောင့် ဖြစ်သည်ဟု ထင်နေခဲ့သည်။

"နင်ကတော့ ငါ့ညီမအရင်းမှန်ပေမယ့် အိမ်စေမနဲ့ရလို့ နှ... တယ် ... နင့်ကို ငါဘယ်တော့မှ ညီမတစ်ယောက်လို့ မသတ်မှတ်ဘူး"

မြရိပ်ညို ကိုယ်တိုင် ဒက်ဒီ့သမီးအရင်းဆိုတာ မသိပေ။

မွေးစားသမီးဟုပဲ ထင်နေခဲ့သည်။

သိနေတာက ဒေါ်ကြွေစေ့ပဲ။

သူမရဲ့ ငယ်နိုင်။

အလက်ာက သေဆိုသေ ရှင်ဆိုရှင်ပဲ။

မြရိပ်ညိုကို မြင်တွေ့နေရလေ အလက်ာဒေါသတွေ ပေါက်ကွဲရလေပဲ။

ဒက်ဒီ့စည်းစိမ်ဥစ္စာတွေ ဘယ်လောက်အထိ ပေးထားခဲ့လဲ။

ပေးထားခဲ့တာ သေချာသည်။

"မြရိပ်ညို နင့်ကို ဗိုးချဲလ်ပေါ်တင်ပြီး ခြိထဲဆင်းမလား"

အများအမြင်မှာတော့ အလက်ာက ညီမဖြစ်သူ မြရိပ်ညို အား ချစ်ခင်ကြင်နာမှုအပြည့်ရှိနေသော အစ်မတစ်ယောက်။

သွေးသားအရင်းမဟုတ်တာတောင် တာဝန်ကျေပွန်လွန်း သည်ဟု ထင်စေသည်။

"မမကြီး ... မနိုင်ပါဘူး၊ ဒေါ်ကြွေစေ့ကိုပဲခေါ်ပါ"

"ရပါတယ် ... ငါကိုယ်တိုင်ပဲ မမယ်"

မမကြီး ရဲမာန်ဆောင်ပြနေတာတွေကို မြရိပ်ညို စိတ်အညစ် ဆုံးပင်။

ရင်ထဲမှာ မွန်းကြပ်နေသည်။

သူမ သေပစ်ချင်နေ၏။

မမကြီး လက်အောက်မှ လွတ်မြောက်ချင်နေသည်။

"ထ ... "

မမကြီးကမ၍ ဗိုးချဲလ်ပေါ် တင်သည်။

"လေးလိုက်တာ မသာအလောင်းကြီးကျနေတာပဲ ... နင် သေတော့ မသေနဲ့ဦး ... ငါ့အတွက်က နင်ရှိဖို့လိုအပ်သေးတယ်ဟဲ့"

မမကြီးစိတ်ထဲမှာ မြရိပ်ညိုအား နည်းနည်းလေးမှ စေတနာ မရှိပေ။

ဆဲဆိုဟိန်းဟောက်နေခဲ့သည်။

သူမတို့ အခန်းအပြင်ကို ထွက်လာတော့ ဒေါ်ကြွေစေ့ ရောက်လာတော့မှ သူမစိတ်မေ သက်သာသွားရသည်။

"ပေးပါ မမကြီး ... ကျွန်မ တွန်းပေးပါ့မယ်"

"ဖယ်ပါ ဒေါ်ကြွေစေ့ ... ကျွန်မလုပ်မယ်၊ ရှင့်ကိုမခိုင်းဘဲ

www.burmeseclassic.com



ဝင့်မလုပ်ပါနဲ့"

"ဟုတ်ကဲ့"

"ရှင်ကြီး လုပ်စရာရှိတာသွားလုပ်တော့ ကျွန်မ ခေါ်မှလာ ပါ"

"ဟုတ်ကဲ့"

ဒေါ်ကြွေစေ့ ထွက်သွားသည်။

ဒေါက်တာ့ရှေ့မှာ ညီမလေးအပေါ် ချစ်မြတ်နိုးလွန်းတဲ့ အမေတစ်ယောက်အဖြစ် သရုပ်ဆောင် ပြတော့မည်ဖြစ်သည်။

မြနုပ်ညို ဘာပြောနိုင်တော့မှာလဲ။

အောက်ထပ်ရောက်တော့ ဒေါက်တာနှင့်ဆုံမိကြသည်။

"မင်း တော်တယ် အလက်ာ ... ပျောင်းမလေးကို ခြံထဲဆင်း အောင် ခေါ်လာနိုင်တယ်"

"ပျောင်းမလေး လုပ်နေလို့မရဘူးလေ ညီမလေးကို ချော့ခေါ် လာရတယ်"

"ကောင်းတယ် ... ဒီလောက် အေးမြသာယာတဲ့တောအုပ် လေး ... ပြီးတော့ အချစ်စံအိမ်လေး၊ မင်းခံစားသင့်တယ် မြရိပ်ညို"

"ကျွန်မ ခံစားလို့မရဘူး ဒေါက်တာ ... ကျွန်မက အခန်းထဲ မှာပဲ နေထိုင်ချင်တာပါ"

"မင်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝကို ဘာဖြစ်လို့ အရှုံးပေးချင်





တာလဲ မြရိပ်ညို"

သူမ မျက်နှာထားတင်းတင်းလေးနှင့် နှုတ်ဆိတ်နေပစ်လိုက် သည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"မြရိပ်ညိုက အရမ်းဆိုးတယ် ဒေါက်တာ ... အစ်မအဝေ လည်း နည်းနည်းလေးမှ စာနာထောက်ထားမှု မရှိဘူး၊ အလက်ာ ကတော့လေ သွေးသားရင်းမဟုတ်ပေမယ့် ညီမလေးအရင်းလေးလို ပဲ ချစ်တာပါ"

"မြရိပ်ညိုက အလက်ာရဲ့ သွေးသားရင်းမဟုတ်ဘူးလား အလက်ာ"

"မဟုတ်ပါဘူး ... အိမ်က အလုပ်သမားနဲ့ဒရိုင်ဘာ လင် မယားရဲ့သမီးပါ ... အလက်ာ့မိဘတွေက မွေးစားထားခဲ့တာပါ အလက်ာ့မှာလည်း ညီအစ်ကိုမောင်နှမသားချင်း မရှိတော့ ညီအစ်မ ရင်းလိုပဲ သဘောထားခဲ့တာပါ"

"ကိုယ်က စမ်းကွဲလောက်တော့ ဆွေမျိုးတော်စပ်မယ်လို့ ထင်ထားခဲ့တာပါ၊ မင်းနဲ့လည်း ရုပ်ရည်ချင်းဆင်တယ်လေ ...





အလက်ာ့ကိုတော့ ကိုယ်ပိုပြီးလေးစားသွားပြီကွာ"

မြရိပ်ညိုအား မသိမသာနှင့် ချိုးချိုးနှိမ်နှိမ် ပြောပစ်လိုက် သည်။

အစေအပါးတွေရဲ့သမီးလို့။

ဒေါက်တာချစ်သောမောင်က အသေအချာကြည့်လေ မွေ့ မင်းသားလေးတစ်ပါးလိုပါပဲ။

ကိုသိဂ်ါနဲ့ ဘာမှမဆိုင်ဘူး။

အလက်ာ့စည်းစိမ်ဥစ္စာတွေ ထိုင်ဖြုန်းနေပြီး အလက်ာ့အား နှံ့ပစ်သွားဖို့ ကြိုးစားခဲ့သည်။

သေတာတောင် နည်းသေးတယ်။

"မြရိပ်ညိုရဲ့ စိတ်ဓာတ်ကိုတော့ ပြုပြင်ပေးရမယ် အလက်ာ ယ် ... မင်း ကြိုးစားပေးစမ်းပါကွာ"

"စိတ်ချပါ ဒေါက်တာရယ် ... အလက်ာလည်း ညီမလေး ဖြစ်ကို မြင်တွေ့နေရတာ စိတ်မကောင်းဖြစ်ရပါတယ် ... စိတ်ရှည် ည်းခံပြီး ဖြောင်းဖျရမယ်လေ"

"မင်းကို လေးစားပါတယ် အလက်ာ ... ကိုယ်တို့အတတ် င်ဆုံး ကြိုးစားကြမယ်နော်"

မြရိပ်ညိုကတော့ သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေတဲ့လမ်း သားအတိုင်း ဗိုးချဲလ်ကို တွန်းလိမ့်၍သွားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမကြီးနှင့် ဒေါက်တာတို့အနားမှာ မနေချင်ပေ။

သူမက လူကောင်းပကတိပါ။

မမကြောင့် ဒုက္ခိတဘဝကို ခံယူနေရတာ ရင်ထဲမှာ နာကျ[illegible]နေရသည်။

"အချစ်စံအိမ်လေးတဲ့ ... မမကြီး စိတ်ကူးတွေကောင်းလိုက်တာ ညီမလေးအတွက် အရမ်းလှပတဲ့နေရာလေး ..."

မြရိပ်ညိုကတော့ အရမ်းပဲကြောက်ရွံ့ထိတ်လန့်နေမိသည်။

ငရဲခန်းကြီးပါ။

မမကြီးရဲ့ ရက်စက်မှုတွေကို မြရိပ်ညိုနှစ်ပေါင်းများစွာ ခံ[illegible]ခဲ့ရ၏။

သူမတစ်ယောက်ထဲ တောစပ်မှာ ဝှီးချဲလ်ကို ရပ်ထား[illegible]ထိုင်နေသည်။

"မြရိပ်ညို"

"ရှင် ... ဒေါက်တာ"

"မင်းတစ်ယောက်ထဲ ဘာတွေစဉ်းစားနေတာလဲကွ"

"မမကြီးရောဟင်"

"အလက်ာလား ... အရေးတကြီးဖုန်းလာလို့လေ ... အပြ[illegible]ကို ခဏထွက်သွားတယ်"

မမကြီး အပြင်ထွက်သွားတာ ဘာအကြောင်းများလဲ။





မြရိပ်ညိုကတော့ ဒေါက်တာနှင့်မပတ်သက်လိုပေ။

တောစပ်မှာဖြစ်နေ၍ ပြန်လှည့်ဖို့ပြင်သည်။

"မြရိပ်ညို"

"ရှင် ..."

"ခြံထဲမှာ ထိုင်ဦးလေ ... ဒီနေရာလေးက အရမ်းသာယာပါ[illegible]ယ်၊ မင်းစိတ်တွေ ပင်ပန်းနွမ်းနယ်မှုတွေကို ပပျောက်စေတယ်[illegible]လေ"

"ဟင့်အင်း ... ကျွန်မ အိမ်ထဲပဲ ဝင်ချင်တယ်၊ အနားယူချင်[illegible]ပါ ဒေါက်တာ ..."

"မင်း အိမ်ထဲမှာပဲ အနားယူနေလို့ ဘယ်ဖြစ်မလဲ ငပျင်း[illegible]လေးရဲ့ ... မင်းအစ်မရဲ့ မေတ္တာစေတနာတွေကိုလဲ မင်းသိတတ်[illegible]းလည်ပေးသင့်တယ်"

"ကျွန်မ ခြေထောက်က ဘယ်လိုမှပြန်ကောင်းလာနိုင်စရာ[illegible]ရှိပါဘူး ဒေါက်တာ ... အပင်ပန်းခံပြီး မကြိုးစားချင်တော့ပါဘူး"

"မင်း ပြန်ကောင်းနိုင်တယ်လို့ ကိုယ်ပြောထားပြီးပြီပဲ မြရိပ်ညို ... မင်းအလွယ်တကူ စိတ်ဓာတ်မကျစမ်းပါနဲ့ ... မင်းမတ်တပ်[illegible]ပါ"

"ရှင် ... ဘာလုပ်မလို့လဲ ဒေါက်တာ ..."

"ဒီနေရာမှာ သစ်ပင်ကြီးတွေက အုပ်ဆိုင်းနေတာပဲလေ



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညို ... မင်းမတ်တပ်ရပ်ပြီး တစ်ပင်နဲ့တစ်ပင် ကူးကြည့်လေ

"ရှင်"

"ကိုယ်တွဲပေးမယ်"

"ဒေါက်တာ တွဲပေးနေတာကြီးကို ကျွန်မ စိတ်ထဲမှာ မကြိုက်ဘူး ... ဒေါ်ကြွေစေ့ ခေါ်ပေးပါ"

"ကိုယ် ခေါ်ပေးပြီးပြီ မြရိပ်ညို ... ဒေါ်ကြွေစေ့က မမကြီး အမိန့်မရဘဲ အပြင်မထွက်ပါရစေနဲ့တဲ့"

ဒေါ်ကြွေစေ့က မမကြီး ကြောက်ရွံ့ရသူဖြစ်သည်။

ဒေါက်တာတွဲပေးနေရင်လည်း မမကြီးတစ်မျိုးထင်မှာလည်း ကြောက်ရ၏။

မြရိပ်ညို စိတ်ညစ်လိုက်တာ။

"ထပါ မြရိပ်ညို ... ကိုယ်က ဆရာဝန်ပါ ... မင်းကို စိတ်မ တောင် မဖြစ်မှားဘူးနော်၊ မင်းပြန်ကောင်းနိုင်တယ်လို့ ကိုယ့်စိတ် ထဲမှာ ထင်နေတယ်"

ဒေါက်တာက တော်ပါတယ်။

မြရိပ်ညို အခြေအနေကို နားလည်သူဖြစ်သည်။

"ထပါ ပျောင်းမလေးရယ် ... ကိုယ့်ကို အစ်ကိုတစ်ယောက် လိုပဲ သဘောထားပါကွာ"

မမကြီးနှင့်ဒေါက်တာ နီးစပ်သွားပါစေဟု မြရိပ်ညို ဆု





တောင်းပေးနေရင်း ဒေါက်တာ့ကိုလည်း သူမရင်ထဲမှာ သံယောဇဉ် တွယ်မိသွားသလို ခံစားလိုက်ရသည်။

သူမအပေါ် ကြင်နာတတ်လွန်းတဲ့ယောကျ်ားတစ်ယောက်။

"မင်း ကြိုးစားကြည့်ပါ မြရိပ်ညို ... ဘာဖြစ်လို့ စိတ်ဓာတ် ကျရမှာလဲကွာ၊ ကြည့်စမ်း ... သစ်ရိပ်မြိုင်ခြံကြီး ဘယ်လောက် သာယာလဲ"

"အင်း ... "

"ချစ်စံအိမ်အရှင်သခင်မလေးက ဘဝကိုစိတ်ပျက်လက်ပျက် နဲ့ ကိုယ်ကတော့ မင်းကို လူကောင်းပကတိ ပြန်ဖြစ်ဖို့ လုံးပန်းကြိုးစား မှာနော်"

အလင်္ကာက နူးညံ့သိမ်မွေ့ယဉ်ကျေးပေမယ့် ကောင်ဆိုး မလေး မြရိပ်ညိုကိုပဲ ဒေါက်တာချစ်သောမောင် သံယောဇဉ်တွယ်မိ နေသည်။

အလင်္ကာ့ကိုတော့ လေးစားတာပဲရှိ၏။

သံယောဇဉ် မတွယ်မိ။

သူ့ဘဝတစ်လျှောက်လုံးမှာ မိန်းမတွေနှင့်ကင်းအောင်နေ ထိုင်ခဲ့သည်။

မြရိပ်ညိုက မြင်မြင်ချင်းပဲ ကြင်နာသနားမိသွားသည်။

"ထလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဒေါက်တာက အတင်းအကြပ် သူမအား လုပ်ဆောင်ပေးတော့မည်ဖြစ်၍ သူမ အလိုက်သင့်လေး ထလိုက်သည်။

"တွေ့လား ... မင်းရပါတယ်၊ မင်းနေကောင်းပါတယ်၊ စိတ်ဓာတ်ပဲ လိုအပ်တာပါ မြရိပ်ညို ..."

"ကျွန်မ သိပ်လျှောက်လို့ မရဘူးထင်တယ် ဒေါက်တာ၊ နားချင်တယ် ... ခြေထောက်တွေက အရမ်းနာနေပြီ"

"လျှောက်စမ်းပါ မြရိပ်ညို ... ဖြည်းဖြည်းချင်းပဲလျှောက်ပါ၊ မင်း စိတ်လောမကြီးနဲ့"

"ရပါတယ် ဒေါက်တာ ... ကျွန်မ ဖြည်းဖြည်းချင်း ကြိုးစားလျှောက်ပါ့မယ်"

ဒေါက်တာကဖေးမကူညီနေတာ မမကြီးမြင်သွားရင် ပြဿနာပဲ။

မမကြီး ဘာဖြစ်လို့များ အပြင်ထွက်သွားရတာလဲ။

သူမကတော့ ထိတ်လန့်ကြောက်ရွံ့နေရသည်။

"ဟုတ်ပြီ ... တစ်ဖက်ကိုတူးလိုက်၊ မင်းခြေထောက်ကို ရဲရဲတင်းတင်းလှမ်းစမ်းပါ မကြောက်နဲ့ ..."

"ဟုတ်ကဲ့"

သူမ စိတ်ညစ်သည်။





ဝမ်းနည်းကြေကွဲစွာ ငိုပစ်ချင်သည်။

အပင်တွေက တစ်ပင်နှင့်တစ်ပင် ယှက်နေတာပါ။

အဝေးကြီး မဟုတ်။

သူမ ပြုတ်ကျသွားလည်း ရွက်ကြွေတွေက အထပ်ထပ်။

နာကျင်စရာမရှိ။

သူမ လိမ်ညာဟန်ဆောင်နေရတာကိုလည်း မုန်းမိသည်။

"နင် ဒုက္ခိတဘဝကနေ ဘယ်တော့မှ မကျွတ်လွတ်စေရဘူး၊ နင် ငါ့ထက်သာပြီး မနေနဲ့"

မမကြီးရဲ့ကြောက်စရာကောင်းလွန်းတဲ့ ရက်စက်မှုတွေ သူမ ငိုပစ်ချင်သည်။

"အမလေး"

"ဟင် ... မြရိပ်ညို"

"အား ... ရပါတယ်၊ ကျွန်မ ဘာမှမဖြစ်ပါဘူး ... ကျွန်မ အိပ်ခန်းထဲကိုပဲ ပြန်ချင်ပါပြီ ဒေါက်တာ ..."

"အင်းလေ ... မင်းကိုပြန်ပို့ပေးပါ့မယ်၊ မင်းအနားယူတော့ မြရိပ်ညို ... မင်းဘယ်နားနာသွားသေးလဲ"

"ဟင့်အင်း ..."

သူမက ဟန်ဆောင်လှဲချပစ်လိုက်၍ နာကျင်မှုမရှိပါဘူး။

ဒေါက်တာက စိုးရိမ်တကြီးနှင့် သူမအား ထူပွေ့၍ ငိုးခွဲပ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ် တင်ပေးနေသည်။

"ကျွန်မ သွားလို့ရပါပြီ"

"မြရိပ်ညို"

"ရှင်"

"မင်း ကိုယ့်ကို တရင်းတနှီးနေဖို့ တွန့်နေတယ်ထင်တယ်"

"ကျွန်မ အမှန်အတိုင်းပြောရရင် ဘယ်လိုယောကျ်ားမျိုးကိုမှ တရင်းတနှီး မနေချင်ပါဘူး"

"ကိုယ်က ဆရာဝန်လေ"

"ဖြစ်နိုင်ရင် ပြောတာပါ"

"မင်းမမကြီးက မင်းအဖြစ်ကို မကြည့်ရက်ဘူး ... မင်းကြိုးစားသင့်တယ် မြရိပ်ညို ... မင်းဘဝလေးကို မနှမြောဘူးလား"

"ကျွန်မဘဝကို ကျေနပ်နေဖို့ပဲ လိုအပ်တယ်ထင်ပါတယ် ဒေါက်တာ ... အကောင်းဆုံးပဲ မဟုတ်ဘူးလား"

ဒေါက်တာ မသိပါဘူး ကျွန်မဘဝကိုလေ။

မမကြီးအလင်္ကာကိုပဲ သနားနေတယ် မဟုတ်လား။

ဒေါက်တာနဲ့ကျွန်မ အချိန်အကြာကြီး အတူတူရှိမနေချင်ပါဘူး။

သံယောဇဉ် မတွယ်ချင်လို့ပါ။

ကျွန်မ ကြာလာရင် ခံနိုင်ရည်တောင် ရှိပါ့မလားမသိတော့





ဘူး။

ဒေါက်တာရဲ့ မျက်နှာဖြူဖြူဝင်းဝင်းတွေပေါ်မှ နှုတ်ခမ်းစိုစိုရဲရဲတွေက သူမရင်ကို လှုပ်ခတ်စေလေသည်။

"ငါ ချစ်တယ် ... ဒေါက်တာ့ကို ငါပဲအရယူမယ်၊ နင်ဝင်မရှုပ်နဲ့ မြရိပ်ညို"

မမကြီးအသံတွေကို ပြန်ကြားယောင်လာပြီး သူမ အိမ်လေးထဲ ဝင်ချင်သည်။

"ကျွန်မကိုယ်တိုင်ပဲ ဝှီးချဲလ်ကို လိမ့်သွားပါ့မယ်ဒေါက်တာ"

မြရိပ်ညို နှုတ်ဆက်ပြီး အချစ်စံအိမ်လေးထဲ အလျင်အမြန် လိမ့်၍ ဝင်လာခဲ့သည်။

"မြရိပ်လေး"

"ဟင် ... ဒေါ်ကြွေစေ့"

"ဘယ်လိုဖြစ်လာရတာလဲ အပြေးအလွှားနဲ့ ... "

"မမကြီးကြောင့်ပါ ... ကျွန်မ ဒေါက်တာနဲ့အတူတူနေရတာ ကြောက်နေသလိုပဲ"

"မြရိပ်လေးရယ် ... "

တေးအလင်္ကာအကြောင်း ဒေါ်ကြွေစေ့ အသိဆုံးပါပဲ။

မာယာတွေနဲ့ မြရိပ်ညိုလေးကိုကြိတ်ပြီး နှိပ်စက်နေတာပါ။

မြရိပ်ညိုနှင့်တေးအလင်္ကာတို့က အဖေတူတွေဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြွေစေ့ သိသည် မပြောရဲ။

တေးအလင်္ကာကို ကြောက်ရသည်။

"လာ ... ဒေါ်ကြွေစေ့ ပို့ပေးမယ်၊ စောစောက ဒေါက်တာ လာခေါ်ပါတယ် ... မမကြီးအမိန့် မရဘဲ ဘယ်လိုလုပ်ပြီး ထွက်လာရဲမလဲ"

ဒေါ်ကြွေစေ့ကတောင် မြရိပ်ညိုလေး ဒုက္ခတဘဝရောက်နေတာကို စိတ်မကောင်းဖြစ်ရသည်။

ဦးကောင်းမြတ်က ညည်းလေးအဖေအရင်းပါ။

ဒေါ်ကြွေစေ့ သိနေ၏။

မြရိပ်ညိုလေးကို ဒေါက်တာချစ်သောမောင်နှင့် နီးစပ်စေချင်သည်။

"မင်းလေးက ဂုဏ်မဲ့သူလေး မဟုတ်ပါဘူး မြရိပ်လေးရယ်၊ သူဌေးကြီးရဲ့ သမီးလေးပါပဲ ..."

မြရိပ်ညိုလေးအား ဒေါ်ကြွေစေ့ သနားမိသည်။

ငယ်စဉ်လေးထဲက သူဌေးကြီးက အပ်ထားခဲ့၏။

မိမိ စောင့်ရှောက်ပေးလာခဲ့ရတဲ့ကလေး။

တေးအလင်္ကာကြောင့် အစေအပါးတွေရဲ့ သမီးအဖြစ်ပဲ မြရိပ်ညိုလေး သိထားခဲ့ရသည်။

"မြရိပ်လေး ..."





"ရှင် ..."

"ညည်းလေး ဘာလိုအပ်သေးလဲ"

"ဟင့်အင်း ..."

"တေးအလင်္ကာ မရှိခင် ပြုစုပေးချင်တယ်"

"ရပါပြီ ဒေါ်ကြွေစေ့ရယ် ... ကျွန်မအတွက် ဘာအပန်းမှ မကြီးပါဘူး"

"မြရိပ်လေးရယ် ... ညည်းလေး လူကောင်းပကတိဖြစ်ဖို့ ကြိုးစားစမ်းပါအေ ... ဒေါ်ကြွေစေ့ စိတ်မကောင်းလို့ပါ"

"ဟုတ်ကဲ့ပါ"

ဒေါ်ကြွေစေ့ကလဲ သူမအား ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်လာခဲ့သည်။

ကျေးဇူးကြီး၏။

မြရိပ်ညိုအတွက် မမကြီးလစ်သည်နှင့် အားလုံးလုပ်ဆောင်ပေးခဲ့သည်။

"မမကြီး ... ဘာကိစ္စရှိလို့လဲ မသိဘူး ... အရေးတကြီးထွက်သွားတယ်"

"ကိုသိင်္ဂါကြောင့်ပဲလား"

"သိင်္ဂါဆိုတဲ့ကောင် ဒီကိုရောက်လာမှာ စိတ်ပူရတယ်အေ"

မြရိပ်ညိုကတော့ ကိုသိင်္ဂါအား မမကြီး သူမအနားအရောက်



www.burmeseclassic.com

www.burmeseclassic.com



ခံမှာ မဟုတ်တာ သိနေသည်။

ကိုသိင်္ဂါကို အမုန်းဆုံးပဲ။

သူမ လွတ်မြောက်ရာလမ်းက ဒက်ဒီ့ဆီက အမွေတွေလွှဲအပ် မယ့်နေ့ပဲ။

နှစ်တွေက အများကြီးကျန်နေသေး၏။

သူမ သေပစ်ချင်နေသည်။

"ဒေါ်ကြွေစေ့ သွားတော့မယ် ... အခုတော့ အသေအချာ မှာခဲ့ချင်တာက ဒေါက်တာ့ကို အားကိုးပါ"

"ရှင်"

"ဒေါက်တာနဲ့ချစ်သူတွေ ဖြစ်ဖို့လေ ... "

သူမ မျက်ဝန်းလေးတွေ ဝိုင်းစက်ပြူးကျယ်သွားရသည်။

+++

၁

အခန်း ( ၁၀ )

"ရှင်တို့က ဘယ်သူတွေလဲ ... ကျွန်မ ဖုန်းနံပါတ်ကို ဘယ်က နေရခဲ့တာလဲ"

"မောင်သိင်္ဂါဆီကပါ"

"ဘာပြောတယ် ... "

"လွန်ခဲ့တဲ့ တစ်လလောက်ကပါ၊ မောင်သိင်္ဂါနဲ့ဆုံမိပြီး သူ့ဖုန်းရော ... ဒီကတူမလေးဖုန်းနံပါတ်ပါ ပေးခဲ့တယ် ... အရေးအကြောင်းရှိရင် ဆက်ပါတဲ့လေ"

အရေးထဲ ကိုသိင်္ဂါရဲ့ ဦးလေးနှင့်အဒေါ်က သူမထံ အဆက်အသွယ်လုပ်နေသေးသည်။

"တူမကြီးမှာ ခြံကြီးရှိတာလည်းသိထားပါတယ်၊ မောင်သိင်္ဂါ ပြောတာပဲ ... သူတောင်သွားမယ်လို့ ပြောတယ်"

သူမ အထူးလျှို့ဝှက်ထားတဲ့နေရာကို သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသိင်္ဂါ ရှင်တော်တော်လေးလွန်တာပဲ။

သစ်ရိပ်မြိုင်ကိုတောင် သိနေတယ်။

မြရိပ်ညိုကို ရှာနေမှာပေါ့။

မြရိပ်ညို ကားအက်ဆီးဒင့်ဖြစ်တုန်းကလဲ ကိုသိင်္ဂါ မသိလိုက်။

ကိုသိင်္ဂါ ခရီးထွက်နေတာ။

သူ့အမျိုးတွေဆီပဲ။

"ကျွန်မ သိထားတာကတော့ ကိုသိင်္ဂါက တစ်ကောင်ကြွက်ပါ ... ဘယ်က ဦးလေးတွေလဲ"

"ဒီမှာ အထောက်အထားတွေ ပါပါတယ် တူမကြီးရယ်"

ကျွန်မကို တူမလို့ မခေါ်ပါနဲ့ဟု အော်ဟစ်ပစ်ချင်သည်။

ဘယ်လိုလူတန်းစားတွေလဲ။

စုတ်ပြတ်သတ်နေတာပဲ။

ဦးလေးဆိုသူက မိုက်မိုက်ကန်းကန်းနှင့် လူမိုက်ရုပ်။

သူမ မုန်းတီးရွံရှာတဲ့ လူတန်းစားတွေဖြစ်သည်။

"ကျုပ်တို့တူလေးနဲ့ တွေ့ပါရစေ ... လိပ်စာတွေပေးထားခဲ့ပါတယ်၊ မောင်သိင်္ဂါက သူဒီမြို့လေးကိုလည်း ရောက်နေနိုင်တယ်လို့ ပြောပြထားပါတယ်"





"မရှိဘူး"

"ဘယ်သွားလို့လဲ ... "

"သူထွက်သွားတာပဲ ... နိုင်ငံခြားကိုလားပဲ"

"မဖြစ်နိုင်ပါဘူး ... တူလေးက ဦးလေးတို့နဲ့ပြန်ဆုံလို့ အရမ်းသာနေတာပါ"

ထိုလူတွေက ကိုသိင်္ဂါနှင့် ကွဲကွာသွားပုံတွေကို ရှင်းပြကြသည်။

"တူလေးနဲ့က ညီမလေးဆုံးသွားပြီးထဲက မြို့ကိုတက်သွားကွဲကွာသွားရတာပါ ... တူမလေးရယ် ... "

"ကျွန်မသိတာတော့ သူကတစ်ကောင်ကြွက်ပါ၊ အခုတော့ နိုင်ငံခြားကို ထွက်သွားပြီ"

"သူ ... သူ ... ဦးလေးတို့ကို ဆက်သွယ်မယ်လို့ ပြောခဲ့တာ"

မောင်သိင်္ဂါ ဘာတွေဖြစ်နေပြီလဲမသိဘူး။

မိမိတို့နှင့်ဆက်သွယ်လာကာ သူ ... မိန်းကလေး တစ်ယောက်ကို အရူးအမူးချစ် မြတ်နိုးနေကြောင်းနှင့် တေးအလင်္ကာကို တွေ့ချင်ဘဲ ထိတ်လန့်ရကြောင်း ပြောပြထားခဲ့သည်။

"ဦးလေးတို့ကို တူလေးနဲ့ဆက်သွယ်နိုင်မယ့် လိပ်စာလေး ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း မသိပါဘူး"

"အဲဒီလိုပြောလို့ မရဘူးလေ တူမကြီးရဲ့ ..."

ကိုသိင်္ဂီ ဦးလေးအသံက မာထန်နေ၍ တေးအလင်္ကာပင် လန့်သွားရသည်။

ငွေညှစ်မယ့်လူတွေထင်တယ်။

ကိုသိင်္ဂီ ဘာတွေ သွားပြောထားလည်း မသိပါဘူး။

ထိုလူ့မျက်နှာထားက မာထန်နေ၏။

လူရှုပ်တွေ ...

သူမကတော့ ဘာမှမသိဘဲ ဒင်းကိုကျွေးမွေး ထောက်ပံ့ခဲ့ရ သည်။

"ဦးလေးတို့တူ ဘယ်ရောက်နေပြီလည်းဆိုတာ သိမှဖြစ်မယ် နော် ... ဦးလေးတို့ကို သေသေချာချာ ထပ်ဆက်သွယ်မယ်လို့ ပြော ထားခဲ့တယ်လေ ..."

တေးအလင်္ကာဆိုတဲ့ မိန်းကလေးက အနံ့ကြီးကွင်းကျယ် ဖြစ်နိုင်သည်။

"မောင်သိင်္ဂီနဲ့တွေ့ပါရစေ တူမကြီးရယ် ... ဦးလေးတို့ စိတ် ပူနေတယ်"

"မသိဘူးလို့ ကျွန်မ ပြောထားပြီးပြီပဲ ... သူဟာသူ ထွက် သွားတာလေ"





"ဦးလေးတို့ အရမ်းဒုက္ခရောက်နေပါတယ်၊ နေစရာ စားစရာ ကောင်းမရှိဘူး ... နည်းနည်းပါးပါး ထောက်ပံ့ပေးပါ တူမကြီး"

မဆီမဆိုင် သူမထံ အကူအညီလာတောင်းနေသေးသည်။

သူမ ထောက်ပံ့ပေးဖို့ စေတနာတစ်စက်မှ မရှိပေမယ့် ထောက်ပံ့လို့လည်း မဖြစ်ပေ။

စိတ်ညစ်တယ် ...

ဒီလူ့ကို သူမ ထောက်ပံ့ရတော့မှာပဲဖြစ်၏။

လူသတ်မှုကို အစလာဖော်မှာလည်း စိတ်ပူရသည်။

"ကဲပါ ... ကျွန်မ ထောက်ပံ့ပေးမယ်၊ ရှင်တို့ ပြန်ကြပါနော်၊ နောက်တော့ ကိုသိင်္ဂီ ဆက်သွယ်မှာပါ ..."

"အမြန်ဆုံး ဆက်သွယ်ပါလို့ ပြောပေးပါ ... လိပ်စာလည်း ချင်ပါတယ်"

သူမကတော့ မလွှဲမရှောင်သာဘဲ ကိုသိင်္ဂီ ဦးလေး လင် မယားအား ထောက်ပံ့ပေးလိုက်ရသည်။

စိတ်မောလိုက်တာ။

ငွေကိုလည်း နှမြောနေမိ၏။

ဒင်းသေတာတောင် ကိစ္စက မပြီးပြတ်သေးပေ။

လူယုတ်မာကောင် ...

"မြရိပ်ညိုကြောင့်ပဲ ... ဒင်းက မြူဆွယ်လို့ပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတွေ ဆူဝေပြီး ပြန်လာခဲ့သည်။

အလင်္ကာ အလုပ်တွေက ရန်ကုန်မှာရှိနေ၏။

ခြံမှာနေရတာ ခဏလာရောင်နေခြင်းဖြစ်သည်။

"ဒေါက်တာ ... ရှင်ကသာ အလင်္ကာ့ လုပ်ငန်းကြီးကို ဦးဆောင်မှုပေးနိုင်ရင် အကောင်းဆုံးပါပဲ"

ကိုသိင်္ဂါ ...

ရှင်က အလကားလူ ... အသုံးကိုမကျဘူး။

အလင်္ကာ့ဘဝကြီးတစ်ခုလုံးကို နင်းချေသွားခဲ့တဲ့ လူယုတ်မာကြီး။

အလင်္ကာက နာမည်နှုဖတ်နေပေမယ့် စိတ်ကခပ်ကြမ်းကြမ်း ငယ်စဉ်ထဲက စိတ်ဒဏ်ရာတွေရထားပြီး တစ်လောကလုံးကို မကျေမနပ်ဖြစ်ခဲ့ရသည်။

"မြရိပ်ညို ... ညည်းကရော ကျူပ်ကို ဒုက္ခအပေးဆုံးဟာပါပဲ ... နင့်ဆီကနေ ငါပြန်ယူပစ်မယ်"

အလင်္ကာ ပြန်ရောက်လာတော့ ခြံထဲမှာ ဒေါက်တာနှင့် မြရိပ်ညိုတို့ မရှိတော့။

သူမ မျက်နှာပေါ်မှ ဒေါသရိပ်တွေ ပျောက်သွားပြီး အပြုံးချိုချိုတွေက ရုတ်ခြည်းထင်ဟပ်လာသည်။

"ဒေါ်ကြွေစေ့ ... ထမင်းပွဲပြင်မယ်၊ ဒေါက်တာရော မနက်





စာ မစားရသေးဘူး ထင်တယ်"

"ဟုတ်ကဲ့ ... မြရိပ်ညိုဆီတော့ ပို့ပြီးပါပြီ"

"ဒေါက်တာ့ကို သွားခေါ်ပါ"

မြရိပ်ညို ရောက်ရောက်ချင်းပဲ မနက်စာကို ပြင်ဆင်သည်။

တေးအလင်္ကာ ဘဝမှာ ဒေါက်တာချစ်သောမောင်က အလိုအပ်ဆုံးပဲ။

ကိုသိင်္ဂါကြောင့် စိတ်မပူပင်ခဲ့ပေမယ့် ဦးလေးလင်မယားက ဘယ်ကနေပေါ်လာမှန်းမသိတော့။

သက်ဆိုင်ရာတွေနှင့် ရှုပ်ထွေးမှာလည်း စိုးရိမ်ရသေးသည်။

"အလင်္ကာရယ် ... မင်းအပြင်ထွက်ပြီး အခုမှပြန်ရောက်လာတာ ထမင်းပွဲကို ဘာဖြစ်လို့ပြင်ဆင်နေရတာလဲ ... ကိုယ်ဒီအတိုင်းလည်း ကိုယ် စားလို့ရပါတယ်"

"ဒေါက်တာ့ကို ဧည့်ဝတ်ကျေပွန်ချင်လို့ပါနော်၊ အလင်္ကာ ကိုယ်တိုင် ပြင်ဆင်ကျွေးချင်ပါတယ်"

"အပင်ပန်းခံလို့ကွာ"

"ဒေါက်တာအတွက်ဆိုရင် အလင်္ကာ မပင်ပန်းပါဘူး ... ညီမလေးအတွက် ဒေါက်တာရှိနေလို့ အလင်္ကာ အားတက်ရပါတယ်"

"မင်းညီမလေးကတော့ ခေါင်းမာတယ် ... အတော်လေး



www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးသိမ်းသွင်းနေရတယ်လေ"

"စောင့်ရှောက်ပေးပါ ဒေါက်တာရယ် ... အခုလည်းေ
ညီမလေးအရုပ်ကို သွားရှင်းပေးရတာပါ။ ညီမလေးရည်းစားဟောင်
ကိုသိင်္ဂါရဲ့ ဆွေမျိုးတွေလိုက်လာလို့ပါ"

တေးအလင်္ကာ့စကားတွေကို မလှမ်းမကမ်းမှာရပ်နေတဲ့
ဒေါ်ကြွေစေ့ ကြားတော့ မြရိပ်ညိုလေးအတွက် စိတ်မကောင်းဖြ
ရသည်။

ဒင်းရည်းစားပါ ...

လူရှုပ်လူပွေ ...

ဒင်းကြောင့် မြရိပ်ညိုလေး ဘယ်လောက်အထိ ခံစားနေ
ရှာလဲ။

တေးအလင်္ကာကို ကြောက်ရသည်။

"ကိုသိင်္ဂါနဲ့ လုံးဝသဘောမတူလို့ ပြောဆိုတာမရဘူး၊ ကိုသိင်
နောက်လိုက်ပြေးတယ် ... တစ်လလောက်နေတော့ ကိုသိင်္ဂါက
စွန့်ပစ်လိုက်တာပဲ"

ရက်စက်လိုက်တာ ...

ဒေါက်တာက မြရိပ်ညိုလေးအား အထင်သေးစေရန်
အလင်္ကာ ပြောနေခြင်းဖြစ်သည်။

သနားလိုက်တာ ...





ရိုးသားဖြူစင်လွန်းတဲ့ မြရိပ်ညိုလေးရယ်။

မင်းလွတ်မြောက်စေဖို့ ဒေါ်ကြွေစေ့ ဘယ်လိုကူညီပေးရ
မလဲ။

ဒေါက်တာနှင့် နီးစပ်စေချင်သည်။

"မြရိပ်ကလေ ... မိဘဆွေမျိုးတွေက မပြောချင်ဘူး ...
အလင်္ကာ အရမ်းချစ်လို့ပါ"

တေးအလင်္ကာ ညည်းမဟုတ်တာတွေ လျှောက်ပြောနေ
တာပဲ။

မြရိပ်ညိုလေးက အပြစ်မရှိပါဘူးအေ။

"ဒေါက်တာ သုံးဆောင်ပါနော် ... အားမနာပါနဲ့၊ အလင်္ကာ
တာလေ ဒေါက်တာပြန်သွားမှာ အရမ်းစိတ်ပူနေတာပါ"

"ကိုယ် မြရိပ်ညိုကို ပြစ်မသွားပါဘူး ... သူ့ဘဝလေး ပြန်ပြီး
တက်ကြွသွားအောင် စောင့်ရှောက်ပေးချင်တာပါ ... ကိုယ့်စိတ်ထဲ
မှာလေ ပြန်ကောင်းမယ်လို့ ထင်နေတယ်"

"ကြိုးစားပေးပါ ဒေါက်တာ ... "

မြရိပ်ညိုအပေါ် ဒေါက်တာချစ်သောမောင် သံယောဇဉ်
တွယ်ငြိသွားမှာလည်း အလင်္ကာ မလိုလားနိုင်။

အလင်္ကာထက် မြရိပ်ညိုက လှပချောမောလွန်းနေသည်။
အမြတ်တမ်း အလင်္ကာ မနာလိုဝန်တိုဖြစ်ရတဲ့အချက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အလက်ာ့လို အစ်မတစ်ယောက်ရှိနေလို့ ဒီကောင်မလေ ကံကောင်းနေတာပါ ... အလက်ာရဲ့သည်းခံပြီး သံယောဇဉ် တွယ် တာတတ်တဲ့ နှလုံးသားလေးကိုတော့ ကိုယ် အရမ်းလေးစားတယ်"

လေးစားရုံပဲလား ဒေါက်တာရယ်။

အလက်ာ့ကို မချစ်ဘူးလားဟင်။

ကိုသိဂ်ါလိုတော့ မြရိပ်ညိုကြောင့် အလက်ာ့အနား ကပ်တာလို့ပြောမှာ အဲရမ်းကြောက်တယ်။

ဒေါက်တာ့ပန်းကန်ထဲ ဟင်းတွေခတ်ထည့်ပေးနေသည်

မိန်းမမာယာတွေနဲ့ ဘယ်လိုများ ညှိရမလဲ။

စေ့စေ့ကြည့်မိလေ ဒေါက်တာက ယောက်ျားပီသပြီး ညားချောမောလေပါပဲ။

"အလက်ာလည်း ညီမလေးကြောင့် ရန်ကုန်က စီးပွား လုပ်ငန်းတွေ ထားခဲ့ရတယ်လေ ... ညီမလေးထက် ဘာမှတေ အရေးမကြီးပါဘူး"

"ကိုယ်ကတော့ အစွမ်းကုန်ကြိုးစားပေးပါ့မယ်လေအလက် မင်းစိတ်ချပါ ... အလက်ာ့ကိုလည်း ကိုယ်သနားတယ်၊ မြရိပ်ညို အတွက်ကတော့ လုံးဝစိတ်ချပါ ... "

မြရိပ်ညိုက တကယ်လည်း ပြောရဆိုရခက်သည်။

ခေါင်းမာလွန်း၏။





ချစ်သောမောင်ကတော့ မြရိပ်ညိုကို ပိုရှုပြင် စိတ်လှုပ်ရှား နေရှာ၏။

တေးအလက်ာကိုတော့ လေးစားတာပါ။

ကောင်ရှုပ်မလေးဖြစ်နေလို့လားတော့ မသိဘူး။

သူ့ရင်ထဲမှာ သံယောဇဉ်တွယ်နေမိသည်။

"ဒေါက်တာ ... "

"ပြောလေ အလက်ာ ... "

"အလက်ာလေ ဒေါက်တာ့ကို မောင်လို့ခေါ်ရင်ရမလား"

"ဗျာ ... "

"ဟိုလေ ဒေါက်တာလို့ခေါ်ရတာ စိမ်းနေလို့ပါ ... ချစ်သော မောင်လို့ ခေါ်ရမှာလား ... "

"ရပါတယ် အလက်ာ ... တစ်ချို့က ကိုယ့်ကိုမောင်လို့ပဲ ခေါ်ပါတယ်"

"ကျေးဇူးပါပဲ မောင်ရယ် ... "

မောင်ဟုခေါ်လိုက်ရတာ ရင်ထဲမှာ အေးစိမ့်သွားပြီး ရှက်ရဲရဲ လေး ပုံစံနှင့် ခေါင်းလေးကိုလည်း ငုံ့ပစ်လိုက်သည်။

"မရှက်ပါနဲ့ အလက်ာ ... ကိုယ်တို့ ရင်းနှီးသင့်ပါတယ်၊ တစ် နှစ်လောက် အတူနေရမယ်ထင်တယ် ... မင်းညီမ ပျောင်းမလေး ခေါင်းမာနေတယ်ဆိုရင်ပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာချစ်သောမောင်က မြရိပ်ညိုအကြောင်းပြောတိုင်း ရင်ခုန်လှုပ်ရှားလိုက်လှဲနေသည်ဟုထင်သည်။

မြရိပ်ညို မကျေနပ်ဆုံးဘဲ။

ဒါပေမဲ့ ...

သူမ သဘောကောင်းချင်ယောင်ဆောင်ပြီး ပြုံးပြလိုက်သည်။

"မောင်ရယ် ... ဒီကောင်မလေး အရမ်းခေါင်းမာလွန်းတယ်၊ မောင်သည်းခံပြီး ညီမလေး စိတ်ဓာတ်တွေ မြှင့်ပေးပါနော်"

"ကိုယ် တာဝန်ယူပါတယ် အလင်္ကာ ... မင်းညီမလေးကို အရမ်းစိတ်မပူပါနဲ့"

မောင်လို့မပြောဘူး ... ကိုယ်တဲ့ ...

အလင်္ကာကတော့ အပီအပြင် ဖမ်းစားနိုင်ဖို့ နည်းပရိယာယ်တွေ ကြံစည်နေလေသည်။

မောင့်ကို ချစ်သွားပြီး ကျွန်မ အမြန်ဆုံးအရယူမယ်။

မောင့်အတွက် အချိုပွဲကအစ တယုတယ ပြင်ဆင်ပေးနေသည်။

"အလင်္ကာ့လက်ရာတွေက အရမ်းကောင်းတယ်"

"အလင်္ကာလေ ... ဟင်း ထမင်းတွေ ချက်ပြုတ်ရင် မေတ္တာတွေ စေတနာတွေ သံယောဇဉ်တွေပါ ရောမွှေပြီး ချက်တာရှင့်"





"အိုကေ ... လေးစားတယ်၊ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ်အရမ်းလေးစားတယ်"

လေးစားရုံပဲလား ဒေါက်တာ။

အချစ်တွေကရော ...

ရှင့်ကို အလင်္ကာ အပိုင်သိမ်းထားလိုက်ပြီနော်။

မြရိပ်ညိုကို ကျွန်မ အပြတ်ရှင်းပစ်ရမယ်။

မကြာခင်ပေါ့ ...

မြရိပ်ညိုဆီကို ကျန်းမာရေး စစ်ဆေးဖို့ ကိုယ်သွားရမယ် မင်းရှိနေသင့်တယ် အလင်္ကာ ...

မြရိပ်ညိုက တစ်ခါတရံ သူ့ကို မျက်နှာထိ မျက်နှာထားနှင့်ပြောဆိုဆက်ဆံတတ်သည်။

မလိုလားတဲ့ မျက်ဝန်းတွေနှင့်လည်း ကြည့်တတ်၏။

အလင်္ကာ ရှိနေစေချင်၏။

သူကတော့ မြရိပ်ညိုရဲ့စိတ်ဓာတ်တွေကို မြှင့်တင်ပေးနိုင်မည့် နည်းလမ်းတွေကိုပဲ စဉ်းစားနေမိသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

သူမ ရှစ်ထပ်တိုက်ကြီးရဲ့အပေါ်ဆုံးထပ်သို့ တက်လာခဲ့သည်။

စိတ်မောလိုက်တာ ကိုသိင်္ဂါ ... အရိုးကျနေလောက်ပြီ။

ဒင်းအမျိုးတွေက ဘယ်ကနေ ပေါ်လာမှန်းမသိဘဲ လာရှုပ်နေသေး၏။

တေးအလင်္ကာမှာ စီးပွားရေးလုပ်ငန်းတွေ စီမံစရာ အားလုံး စီမံပြီး ဒေါက်တာနှင့်ပဲ အတူတူနေထိုင်တော့မည်ဖြစ်သည်။

"တောက် ... တေးအလင်္ကာရဲ့ ဘဝတစ်လျှောက်လုံးပျော်ရွှင်ချမ်းမြေ့မှုတွေ ဘာဖြစ်လို့များ မရှိရတာလဲ ... ဒေါသဖြစ်လိုက်တာ၊ မြရိပ်ညိုအမေ အိမ်စေမနဲ့ ဒက်ဒီတို့ ဖောက်ပြန်တဲ့နေ့ကိုတွေ့ပြီးထဲကပဲ ... "

တေးအလင်္ကာရဲ့ဘဝမှာ မခံရပ်နိုင်တဲ့ဒေါသတွေ အမြဲတမ်း





ခေါက်ကွဲနေစေတာ မြရိပ်ညိုအမေကြောင့်ပဲ။

အခုချစ်သူ ကိုသိင်္ဂါ အလုခံရတယ်။

နောက်ထပ် မောင့်ကို ထပ်လုရင်တော့ နင်အသေပဲ။

"မောင် ... မောင်ရယ် ... ကိုသိင်္ဂါထက် မောင့်ကို အလင်္ကာချစ်မိနေပြီ ... ဒီတစ်ခါတော့ ဘယ်သူလုလုတာမှ လက်ပိုက်ကြည့်မနေနိုင်တော့ဘူး"

သူမနှင့်ကိုသိင်္ဂါတို့ လျှို့ဝှက်စွာတွေ့ဆုံကြတဲ့ တိုက်ခန်းပါ။

ကိုသိင်္ဂါက သူမခန္ဓာကိုယ် အသွေးအသားကိုတော့ စိတ်တိုင်းကျ ဝါးမျိုခဲ့ပြီးတော့မှ မချစ်ခဲ့ဘူးတဲ့။

မြရိပ်ညိုကိုပဲ ချစ်နေခဲ့တာတဲ့။

"ဝုန်း ... "

သော့ပိတ်ထားတဲ့ တံခါးသော့ဖွင့်ပြီး ဝုန်းခနဲဆောင့်တွန်းဖွင့်ပစ်လိုက်သည်။

အားလုံးပိပိရိရိပဲ။

ကိုသိင်္ဂါကို သူမမြှုပ်နှံထားခဲ့တာက ရေကန်အပေါင်းမှာ ဒင်းအမျိုးတွေလာတော့လဲ ဘာဖြစ်လဲ မသိဘူး။

ငြင်းပစ်လိုက်ရုံပဲလေ။

သူမတို့နှစ်ယောက် အိပ်ခန်းကြီးက တွန့်ကြေကာ ဖရိုဖရဲနှင့် သူမတို့နှစ်ယောက် အတူတို့အိပ်စက်ခဲ့ကြတဲ့အတိုင်း။



www.burmeseclassic.com

www.burmeseclassic.com



"ကလင် … လင် … "

"ဟင် … "

"ကလင် … "

လူခေါ်ဘဲလ်သံပါ … သူမ နည်းနည်းတော့ ထိတ်လန့်သွားရသည်။

သူမ အသုံးအဆောင်ပစ္စည်းတွေ ကျန်ရစ်ခဲ့၍ လာရောက်ယူဆောင်တာပါ။

"ကလင် … လင် … "

"ဒုက္ခပါပဲ"

"ကလင် … လင် … "

ဒီအခန်းက လူမသိတဲ့အခန်း အလကား လျှို့ဝှက်စွာလာနေတတ်တဲ့အခန်းပါ။

ဘယ်သူတွေလာတာလဲ။

ကိုသိင်္ဂါ ဝိညာဉ်ပဲ လာခြောက်တာလား။

အလကား ဘာကိုမှမကြောက်တတ်။

ငယ်စဉ်လေးထဲကလည်း တစ်ယောက်ထဲ အထီးကျန်စွာသတ္တိရှိရှိ ရင်ဆိုင်ဖြတ်သန်းလာခဲ့တာပါ။

"ကလင် … လင် … "

"မဖွင့်ပေးရင် ဘဲလ်နှိပ်နေတော့မှာပဲ … ရှုပ်လိုက်တာ"





"ကလင် … လင် … "

သူမ ဖွင့်ပေးလိုက်ဖို့ဘဲ ဆုံးဖြတ်လိုက်ပြီး တံခါးကိုဖွင့်ပေးလိုက်သည်။

"ဟင်"

"တူမကြီး … "

"ဘာလာလုပ်ကြတာလဲ"

"ဒီအခန်းက တူကြီး အခန်းလေ … ဦးလေးတို့ တစ်နေ့နှစ်ခေါက်လောက် လာတက်ကြည့်တာပါ … ဒီနေ့မှ တံခါးသော့မခတ်ထားလို့ တူလေးများရောက်လာပြီလားလို့"

"ကိုသိင်္ဂါ နိုင်ငံခြားကို ထွက်သွားပြီလို့ ပြောထားပြီးပြီလေ၊ ဒါက ကျွန်မပိုက်ဆံနဲ့ဝယ်ထားတာပါ"

"တူလေးက ဒီအခန်းမှာ သူတစ်ယောက်ထဲနေတာဆိုပြီး ဦးလေးတို့ နေစရာမရှိရင်လာနေလို့ လိပ်စာပေးထားတယ်လေ"

"ကျွန်မ ထောက်ပံ့ကြေးပေးထားပြီးပြီပဲ ပြန်ကြပါ"

"ဦးလေးတို့မှာ နေစရာမရှိဘူး … မိသားစုတွေကို ဘုန်းကြီးကျောင်းမှာ ခဏတည်းခိုဖို့ အပ်ထားခဲ့ရတယ်"

"အဲဒါ … ကျွန်မနဲ့မဆိုင်ဘူး၊ သူနဲ့ ကျွန်မလည်း ပြတ်ပြီ"

"ဒီတိုက်ခန်းကို တူလေးနာမည်နဲ့ ဝယ်ထားတာပါ၊ ဦးလေးတို့မှာ စာချုပ်မိတ္တူရှိနေတယ် … မောင်သိင်္ဂါက ပေးထားတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးတို့ အားတက်အောင်တဲ့ ... အတင်းခေါ်နေလို့ ထွက်လာကြတာပါ ... ”

လူယုတ်မာကောင် ...

ကြည့်စမ်း ...

ဒင်းပိုက်ဆံတစ်ပြားသားမှ မပါဘဲ အပိုင်စီးချင်တယ်။

အလကာ်အပေါ် ဒီလောက်အထိ အကြံပက်စက်ရလား။

သူမငွေနှင့် ဝယ်ပေမယ့် ကိုသိဂ်ါ်ဆန္ဒအရ သူ့နာမည်နှင့်ပဲ ဝယ်ပေးထားမိသည်။

“ဦးလေးတို့နေပါရစေ ... မောင်သိဂ်ါ် ဆက်သွယ်မှာပါ”

“မဖြစ်ဘူး”

“ဘာဖြစ်လို့လဲ တူမကြီးရယ် ... ဦးလေး တောင်းပန်ပါတယ် တစ်နှစ်လောက်ပဲ နေထိုင်ခွင့်ပေးပါ”

ဦးသော်ခင် စိတ်ထဲမှာ မောင်သိဂ်ါ်နှင့်ပတ်သက်နေတဲ့ မိန်းကလေး အလကာ်ကို မသကာ်ဖြစ်မိနေသည်။

မျက်လုံးတွေက ကြောက်စရာကောင်းလောက်အောင် မီးဝင်းဝင်းတောက်နေ၏။

အချိုသတ်နေတာဟု ထင်သည်။

“ဦးလေးတို့ မိသားစု အရမ်းဆင်းရဲဒုက္ခရောက်နေတာ ကျွန်တော် မကြည့်ရက်ဘူး ... ကျွန်တော့်ရည်းစားဝယ်ပေးထားတဲ့





တိုက်ခန်းမှာ လာနေကြပါ”

“ဖြစ်ပါ့မလား မောင်သိဂ်ါ်ရယ် ... မင်းချစ်သူဝယ်ပေးထားတာဆိုတော့လေ ... ”

“အလကာ်က နာမည်သာ နုဖတ်နေတာ စိတ်ကကြမ်းတာ့ကြမ်းတယ် ... ဂရုစိုက်စရာ မလိုပါဘူး၊ ဦးလေးတို့မိသားစု ပြောင်းလာခဲ့ကြပါ”

တေးအလကာ်ဆိုတဲ့ မိန်းကလေးက ကြမ်းတမ်းခက်ထန်သည့်ရုပ်ရည်ပဲ။

တူလေးပြောတာက အခုလောလောဆယ် သူနဲ့ပဋိပက္ခတွေဖြစ်နေတယ်တဲ့။

ရည်းစားလုတာတဲ့ ... ဘာတွေလဲ။

“ကျွန်တော် ဆွေမျိုးတွေနဲ့ ပြန်ဆက်သွယ်ချင်လာတယ်၊ ခင်တလာတယ် ... ဦးလေးတို့မိသားစုပဲ ရှိတာပါ”

အခုတော့ မောင်သိဂ်ါ်က လုံးဝအဆက်အသွယ်မရဘဲ ပျောက်နေသည်။

စိတ်ထဲမှာ မသကာ်မိ။

“ကျွန်မလည်း ဒီတိုက်ခန်းကို ရောင်းဖို့စီစဉ်ထားတယ်၊ ပြန် ... ဒီမှာနေလို့တော့ မဖြစ်ဘူး”

“မနေ့က ဦးလေးအိပ်မက် မက်တယ်၊ တူကြီးက သွေးသံ



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲနဲ့ ကျွန်တော် အသတ်ခံရတယ်လို့ လာပြောတယ်"

"ဟင် ... ဘာပြောတယ် ... အဓိပ္ပာယ်မရှိလိုက်တာ၊ သူတ ဘယ်သူက သတ်မှာလဲ ... ရှင်တို့ ပေါက်ကရတွေ လာမပြော ပြန်ပါ ... "

တေးအလင်္ကာက ဒေါသတကြီးနှင့် မျက်နှာပျက်ပျက်နှ မောင်းထုတ်နေသည်။

ဒီကလေးမ ကြည့်ရတာ မရိုးသားဘူး။

ထိတ်လန့်တုန့်လှုပ်နေသလို ဒေါသတွေလည်း ဖြစ်နေသေ ၏။

မိမိတို့ကို ဘာဖြစ်လို့များ မလိုလားနိုင်အောင် ဖြစ်နေရသ လဲ။ ဦးသော်ခင်ကတော့ သက်ဆိုင်ရာကို တိုင်ကြားဖို့စဉ်းစားထ သည်။

"ဒီမှာ ... ရှင်ပြန်ပါ ... နောက်ထပ် ဘယ်တော့မှ မလာပ ကျွန်မနဲ့ ကိုသိင်္ဂါ အဆက်အသွယ်လည်းမရှိဘူး ... ရှင်တို့ ငွေညှ ချင်တာလား၊ ကျွန်မက ဘာကိုမှ ဂရုမစိုက်တတ်ဘူးနော်"

"တူမကြီး ... ဦးလေးတို့ကိုတော့ အပြစ်မတင်စေချင်ဘူ

ဦးသော်ခင်စိတ်ထဲမှာ တေးအလင်္ကာရဲ့မျက်နှာပြင် နီးခြ နေကာ တစ်စုံတစ်ခုကို လျှို့ဝှက်လုပ်ဆောင်ထား၍ ကြောက်ရ နေသည်ဟုထင်သည်။





"တူမကြီး ... ဦးလေးတို့က မောင်သိင်္ဂါ မဆက်သွယ်တော့ စိတ်ပူတယ် ... သက်ဆိုင်ရာကို တိုင်ရလိမ့်မယ်"

"ဘာ ... "

"လူပျောက်လေ ... "

"ဘာလဲ ... ရှင်ကငွေညှစ်ချင်လို့လား၊ အဓိပ္ပာယ်မရှိတာဘဲ တိုင် ... ကြိုက်ရာကိုတိုင်နိုင်တယ် ... ထိုင်ကြ ... ထွက်သွား"

သူမ အော်ဟစ်ရင်း မောင်းထုတ်ပစ်နေမိသည်။

ဘာတွေလဲ ရှင်က အလင်္ကာ့ငွေကြေးတွေနဲ့ ဆွေမျိုးတွေကို ပါ ထောက်ပံ့ပေးကမ်းချင်နေတာပေါ့လေ။

"ဝုန်း"

တံခါးအား ဝုန်းခနဲ စောင့်ပိတ်ပစ်လိုက်သည်။

အမလေး ဘယ်လိုလုပ်ရမလဲ ...

ကိုသိင်္ဂါ ဦးလေးက သက်ဆိုင်ရာကိုတိုင်လျှင် ဘယ်လိုလုပ်ရ မလဲ။

"ငါ လုပ်ငန်းတွေကို အစသတ်ရမယ် ... မဖြစ်ဘူး ... ငါ မောင့်အနားမှာပဲသွားနေမယ်၊ မောင့်ကို အပီအပြင်ဖမ်းရမယ် ... အမိဖမ်းပစ်ရမယ်"

သူမစိတ်တွေ ချောက်ချားပြီး ယူစရာရှိတဲ့ ပစ္စည်းတွေ အားလုံးယူမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ သဲလွန်စ မကျန်အောင် ယူသွားမှဖြစ်မယ် သူမနှင့် ကိုသိင်္ဂါ ဒီအခန်းမှာတွေ့ဆုံကြတာ မဖြစ်စေရဘူး။

မြရိပ်ညို ကျန်းမာရေးအကြောင်းပြပြီး ဟိုမှာပဲနေထိုင်မယ်။

သူမ စေ့စေ့စပ်စပ်နှင့် လက်ရာခြေရာမကျန်အောင် လုပ်ဝ် သည်။

"တေးအလင်္ကာပဲ ... ကြောက်စရာမလိုပါဘူး၊ ငါက ဗိုဗိုရို လိမ်ညာဟန်ဆောင်နေတတ်တာ ငယ်ငယ်လေးထဲက ကျွမ်းကျင် ပြီးသားပဲ"

မြရိပ်ညိုကို သူမ နှိပ်စက်ညှင်းပန်းနေခဲ့တာတောင် ပတ်ဝန်း ကျင်က ဘာမှမသိစေရန် ဖုံးကွယ်ဟန်ဆောင်နိုင်ခဲ့လေသည်။

"ဟုတ်တယ် ... ငါဇာတ်မြုပ်ရမယ် ... ဒင်း ဦးလေးက ရွေ တော့မှာ ... တိုင်ချင်ရာတိုင် ... "

သူမ ဒီတိုက်ခန်းကိုရောက်ရောက်လာတတ်တာ ပတ်ဝန်း ကျင်က မသိပေ။

သူမ ညဥ့်နက်မှ တိတ်တဆိတ်လာတတ်တာပါ။

ပြီးတော့လည်း ရှစ်ထပ်တိုက်ကြီးကခေါင်း၍ အောက်ထ လောက်မှာပဲ လူတွေနေထိုင်ကြသည်။

"ကိုသိင်္ဂါ ... ရှင်က လူလည်ကြီးပဲ ... ကျွန်မ ငွေနဲ့ဝယ်ထား တဲ့ တိုက်ခန်းကို ရှင့်ဆွေမျိုးတွေကိုပေးဖို့ ကြံစည်နေတာပဲ ...





ပြီးတော့ ရှင် လစ်ထွက်မယ် ... ရမလား ... တေးအလင်္ကာကို ရှင် လှော့ထွက်လိုက်တာပဲ ... "

တေးအလင်္ကာ ပစ္စည်းတွေအားလုံး သူမနှင့်သက်ဆိုင်သမျှ ယူသည်။

ပြီးတော့ ...

တံခါးကို သော့ခတ်လိုက်၏။

ခြေရာလက်ရာ မကျန်စေရန်လည်း အသေအချာ ဖျက်ပစ်ခဲ့ သည်။

"လူယုတ်မာသိင်္ဂါ ... နင့်ကို အစောကြီးထဲကနေ ငါသတ်ပစ် လိုက်သင့်တာ"

တေးအလင်္ကာ ပစ္စည်းတွေယူပြီး ခပ်သုတ်သုတ်ပြန်ထွက် လာခဲ့သည်။

ပတ်ဝန်းကျင်က ရှင်းနေ၏။

တေးအလင်္ကာကားလေးကို မောင်း၍ ထွက်လာခဲ့သည်။

"မောင်ရယ် ... ဒေါက်တာရယ် ... ကျွန်မရင်ထဲမှာ မီး တောက်နေပြီ၊ မွန်းကြပ်ပြီး အသက်ရှူလို့တောင် မရတော့ပါဘူး"

တေးအလင်္ကာ သတိရတမ်းတနေမိတာက ကိုချစ်သော မောင်ကိုပင်။

ပညာတတ် လူကြီးလူကောင်း အေးဆေးတည်ငြိမ် ချော



www.burmeseclassic.com

www.burmeseclassic.com



မောသူ။

တေးအလင်္ကာဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တာပဲ။

"မြရိပ်ညို … နင့်အလှည့်ပဲ … နင့်ကြောင့် ငါလူကြမ်းမကြီး ဖြစ်ခဲ့ရတာ … ငါ့နာမည်လေးက ဘယ်လောက်နူးညံ့သိမ်မွေ့လဲ တေးအလင်္ကာတဲ့ …"

ဒက်ဒီဖောက်ပြန်တယ် အိမ်စေမနဲ့။

မာမီက အိမ်မကပ်ဘူး။

သူမက အထီးကျန်ဘဝ။

ဒက်ဒီက သူမကိုမချစ်ဘူးဟု အမြဲတမ်း ခံစားနေကြသည်။

"မာမီ … ဒက်ဒီက အလင်္ကာ့အပေါ် စိမ်းနေသလိုပဲ မနေ ဘူး … မာမီကရော … ဘာဖြစ်လို့ အပြင်ပဲထွက်နေရတာလဲ၊ ဒက် ကို ပြစ်မထားပါနဲ့"

"သမီး ဘာလိုအပ်နေလဲ … ငွေလား စိန်လား … မာ အပြင်ထွက်တာကို စိတ်မဝင်စားနဲ့၊ အဲဒါ မာမီ့အကျင့်စရိုက်ပဲ သမီးဒက်ဒီကြောင့် ဒီအကျင့်ရခဲ့တာပါ … မာမီ့ကို ပြစ်ပယ်ထားလို့

မာမီနှင့်ဒက်ဒီ ချစ်ချစ်ခင်ခင် နေထိုင်ကြတာ အလင် မတွေ့ဘူးခဲ့။

ဒက်ဒီက အရက်သောက်ပြီး တစ်ယောက်ထဲသီးသန့်။





"မာမီ"

"ဟင်"

"ဒက်ဒီနဲ့အိမ်စေမတို့ကို ဖက်နေတာ အလင်္ကာတွေ့ခဲ့တယ်"

"လွှတ်ထားလိုက်ပါ … သမီးလည်း ဘာမှမပြောနဲ့၊ မသိချင်ယောင်ဆောင်နေ၊ မာမီပြောလိုက်ရင် ဒီအိမ်စေမကို သူအတည်ယူ ထိမ့်မယ်"

"မာမီ … အဲပြောလွယ်လိုက်တာ၊ ဒက်ဒီက ဒီလိုလုပ်လို့ ရမလား၊ ဒီအိမ်စေမကို သမီးကိုယ်တိုင် ဆူပူသောင်းကြမ်းမယ်၊ မောင်းထုတ်ပစ်မယ်"

မာမီ ဘာမှမပြောတော့။

သူမ သောင်းကြမ်းပြီးမောင်းထုတ်ပစ်သည်။

ဒက်ဒီကလည်း ဘာမှမပြောပေ။

တောကို ပြန်ပို့လိုက်၏။

ဒါပေမဲ့ …

ပြဿနာက မအေးချမ်းဘဲ အိမ်စေမမှာ ဒက်ဒီနဲ့ရတဲ့ ကိုယ်ဝန် ပါသွားပြီး သမီးတစ်ယောက်မွေး၍ သေဆုံးသွားသည်။

"မြရိပ်ညို နင်က အိမ်စေမသွေးပဲ … ဒက်ဒီက နင့်ကိုပိုချစ် နေတယ်၊ ပိုပြီး ယုယတယ် … ငါဘယ်လောက်အထိ မကျေမနပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး နင့်ကို မုန်းတီးခဲ့ရလဲ"

သူမ အံကိုတင်းတင်းလေးကြိတ်ပြီး ဒေါသတွေ ချိုးနှိမ်

သူမ ကုမ္ပဏီကို ရောက်လာသည်။

လုပ်ငန်းတွေကို လက်ထောက်တွေနှင့်လွှဲအပ်လိုက်ရ

တေးအလင်္ကာ စိတ်အေးအေးနှင့် အလုပ်တွေကို

ညွှန်ကြားထားခဲ့ရသည်။

"မမကြီးမှာ ဒုက္ခိတညီမလေးကို ပြစ်မထားနိုင်ဘူး။ သွား

စောင့်ရှောက်ရမယ် ... ဆရာဝန်က ပြန်ကောင်းမှာတဲ့၊ ညီမ

ကလွဲပြီး မမကြီး ဘယ်အရာကိုမှ တန်ဖိုးမထားနိုင်ဘူး ... ညီမ

အနားမှာ အချိန်ပြည့် ပြုစုရမယ်"

ဝန်ထမ်းတွေကလဲ ညီမလေးမြရိပ်ညိုအား တေးအလင်္ကာ

အရမ်းချစ်ပြီး သံယောဇဉ်ကြီးကြောင်း သိထားကြသည်။

ချီးကျူး ဂုဏ်ပြုစကားတွေပင် ပိုင်းဝန်းပြောနေကြ၏။

ဒီအတိုင်းပဲဖြစ်ရမယ်လေ။

တေးအလင်္ကာပဲဟာ။

ပတ်ဝန်းကျင်မှာ တေးအလင်္ကာက နာမည်နှင့်လိုက်ဖ

အောင် သိမ်မွေ့နူးညံ့သူ။

စေတနာမေတ္တာကြီးမားသူပေါ့။

သူမစိတ်တွေကို ထိန်းချုပ်၍ သွေးအေးအေးနှင့်ရက်စ





တတ်တဲ့ မိန်းမတစ်ယောက်အဖြစ် လူတွေမသိစေရန် ဟန်ဆောင်

ကောင်းတဲ့သူဟု ဘယ်သူကမှ မစွပ်စွဲ မပုတ်ခတ်ရဲအောင် နေထိုင်

ပြနိုင်ခဲ့လေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

"မြရိပ်ညို"

"ရှင်"

"မင်းလိုမိန်းကလေးမျိုး ကိုယ်တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးဘူးကွာ"

"ဘာဖြစ်လို့လဲ ဒေါက်တာ ..."

"ဒုက္ခိတဘဝမှာ နေချင်လို့လေ"

ဒုက္ခိတဘဝမှာ ဘယ်သူကနေချင်မှာလဲ ဒေါက်တာရယ်။

ကျွန်မဘဝနဲ့ ကျွန်မပါပဲ။

မမကြီးက ကျွန်မကို သတ်ချင်နေတာလေ။

ကျွန်မက လူကောင်းပကတိပါ။

ဒေါက်တာက မြရိပ်ညိုအပေါ် ချစ်ခင်ကြင်နာလွန်းသည်။

သံယောဇဉ်တွယ်မိနေ၏။





မဖြစ်နိုင်ပါဘူး ဒေါက်တာ။

မမကြီးက ဒေါက်တာကို သူလက်ထပ်မယ်လို့ ပြောထားခဲ့သည်။

"ကျွန်မကတော့ မဖြစ်နိုင်တာကြီးကို ဆက်ပြီးမလုပ်ချင်တော့ဘူး စိတ်မောလို့ ..."

ချစ်သောမောင်ကတော့ မြရိပ်ညိုကို ချစ်မိနေသည်။

စွဲဆောင်မှုရှိလွန်းတဲ့ မိန်းကလေးတစ်ယောက်ဟု ထင်မိ၏။

မင်း အားငယ်နေတာပါကွာ။

မင်းအခြေအနေက အရမ်းကြီးမစိုးရိမ်ရပါဘူး မြရိပ်ညို။

ကောင်းသွားနိုင်တာပါ ...

မြရိပ်ညိုကို လုံးဝအားပေးဖို့ပဲ ဆုံးဖြတ်ထားသည်။

"ထ ..."

"ရှင်"

"မင်း လမ်းလျှောက်ရမယ်"

"ဟင့်အင်း ..."

"တေးအလက်ာ မရှိတာနဲ့ မင်းဘာဖြစ်လို့ ခေါင်းမာနေရတာလဲ ... ကိုယ်ကတော့ တာဝန်ကျေအောင် လုပ်ရမှာလဲ"

"လက်လျှော့လိုက်ပါ ဒေါက်တာ ... ကျွန်မ လုံးဝမလုပ်နိုင်တော့ဘူး။ လေ့ကျင့်တာမျိုးတွေလည်း မလုပ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်ညို ... ထစမ်း ... မင်းမမကြီးလည်း ပြန်ရောက်လာတော့မယ်၊ မင်းစိတ်ကို ကြံ့ခိုင်အောင် လုပ်ပါ ... ထ ..."

သူ့ စိတ်မရှည်တော့သဖြင့် မြရိပ်ညိုခန္ဓာကိုယ်လေးအား အတင်းအကြပ် ဆွဲထူမလိုက်စဉ် မြရိပ်ညိုက ရုန်းဖယ်ပစ်လိုက်၍ နှစ်ယောက်သား ပြိုလဲကျသွားတော့သည်။

"ဟင်"

"ဟာ"

"အမလေး ..."

ဒေါက်တာရင်ခွင်ထဲသို့ လဲပြိုကျသွားပြီး သူမ အထိတ်တလန့် ရုန်းဖယ်ထဖို့ ကြိုးစားစဉ် ဒေါက်တာက မလွှတ်တော့ဘဲ အတင်းအကြပ် ပွေ့ဖက်ထားသည်။

"မင်းအားသန်သားပဲ ... ရုန်းလေ ..."

"လွှတ်ပါ ဒေါက်တာ ... အဲဒီလိုမလုပ်ပါနဲ့ ကျွန်မ အရှမ်းမောပန်းနေပါပြီ"

သူမ ဆက်ပြီး မရုန်းဖယ်ရဲ။

သူမ အကောင်းဆိုတာ ဒေါက်တာသိလို့ မဖြစ်ပေ။

စိတ်ညစ်လိုက်တာနော် ...

ထိုင်ပြီးတောင် ငိုပစ်ချင်သည်။

"မြရိပ်ညို ..."





"ရှင် ..."

"မင်းကိုချစ်တယ်"

"ဘာရှင့်"

သူမ အထိတ်တလန့်နှင့် ရုန်းဖယ်ပစ်ဖို့ပဲ ကြိုးစားမိသည်။

သူမက သူ့ရင်ခွင်ထဲမှာ မမကြီးသိသွားလျှင် ပြဿနာ အကြီးအကျယ် တက်နိုင်သည်။

"ဖယ်ပါ ဒေါက်တာ ... အဲဒီလို မလုပ်ပါနဲ့၊ အိမ်မှာ လူကြီးတွေလည်း မရှိဘူး"

"ကိုယ် ... မြရိပ်ညိုကို ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် လက်ထပ်ယူမယ်"

"မဖြစ်နိုင်ပါဘူး ... ကျွန်မ ယောက်ျားတစ်ယောက်ကို လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး ... ဖယ်ပါ ..."

အမလေး ...

မမကြီးသိသွားရင်တော့ သေပြီသာမှတ်တော့။

ဒေါက်တာ့ရင်ခွင်ထဲကနေ ရုန်းဖွက်ဖို့ ကြိုးစားမိသည်။

"မြရိပ်ညို"

"ကျွန်မ ရှင့်ကိုမကြိုက်ဘူး ... ချစ်လည်း မချစ်နိုင်ဘူး၊ အခွင့်အရေးသမား"

"အဲဒီလို မဟုတ်ပါဘူး မြရိပ်ညိုရယ် ... ကိုယ်ကလေ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲကနေ နှစ်နှစ်ကာကာချစ်မိသွားတာပါ ... လက်ထပ်ယူမယ်၊ မင်းဆီက ဘာမျှော်လင့်ချက်မှမရှိဘူး ... ကိုယ် ရိုးသားစွာချစ်မိတာပါ"

"ဖယ်စမ်းပါ ဒေါက်တာ ... ရှင် ဘယ်လိုလူလဲ ... လွှတ်ပါ"

"မြရိပ်ညို မင်းကိုချစ်တယ် ... ကိုယ် အရမ်းချစ်တယ်၊ ကိုယ့်ကိုယုံပေးပါ ... မင်းက ဒုက္ခိတတစ်ယောက်ဘဝကို ခံယူနေတာ ကိုယ်လက်မခံနိုင်ဘူး"

"ရှင်နဲ့ဘာဆိုင်လို့လဲ"

ဆတ်ဆတ်ကြဲမလေး ... မြရိပ်ညိုအား ဒေါသကိုဆွပေးချင်သည်။

မခံချင်စိတ်တွေနှင့် အင်အားတွေပြန်ပြည့်စေချင်နေမိ၏။

မင်းကို အရမ်းချစ်တယ် မြရိပ်ညို။

ကိုယ် ဘယ်လိုမှသည်းမခံနိုင်တော့ဘူး။

မြရိပ်ညိုခန္ဓာကိုယ်လေးအား တင်းကြပ်စွာ ပွေ့ဖက်ထားပစ်သည်။

"ဒေါက်တာ လွှတ်နော် ... ရှင် ဒီလိုအခွင့်အရေးယူလာရင် ကျွန်မ ဒေါ်ကြွေစေ့ကို လှမ်းခေါ်ပြစ်မယ်"

"ခေါ်လေ ... ဒေါ်ကြွေစေ့ကိုယ်တိုင်က မင်းနဲ့ကိုယ့်ကို သဘောတူနေတာလေ"





ဟုတ်ပါတယ် ...

ဒေါ်ကြွေစေ့ကိုယ်တိုင်က ဒေါက်တာနှင့် ချစ်သူတွေ ဖြစ်စေချင်ခဲ့သည်။

မကြီးစိတ်ကို ဘယ်သူမှ မသိကြ။

သူမကတော့ ကြောက်ရွံ့ထိတ်လန့်နေသည်။

"မြရိပ်ညိုရယ် ... မင်းကို တကယ်ပဲ ကိုချစ်တာပါ ... ကိုယ်တို့ အလင်္ကာကို ဖွင့်ပြောပြီး လက်ထပ်ကြမယ်"

ဒေါက်တာက သူမခန္ဓာကိုယ်လေးအား ပွေ့ဖက်၍ နှုတ်ခမ်းသားလေးကို နမ်းရှိုက်ဖို့ပြင်သည်။

"ချစ်တယ်"

"ဖယ်ပါ"

"မင်းကို အရမ်းချစ်တယ် ... ယုံပါ မြရိပ်ညိုရယ် ... ကိုယ် ဘယ်လိုမိန်းကလေးမျိုးကိုမှ လက်ထပ်ဖို့ စိတ်မကူးခဲ့ဘူး၊ အချစ်လည်း မရှိခဲ့ဖူးဘူး ... မင်းကိုမှ ကိုယ်အသည်းနှင့်အောင် ချစ်မိနေတယ်"

"လွှတ်ပါ ဒေါက်တာ ... ကျွန်မအတွက် စိတ်တွေမွှန်းကြပ်လာအောင် မလုပ်ပါနဲ့ ... လွှတ်ပါ ... "

မြရိပ်ညို စိတ်တွေ မခိုင်ချင်။

ဒေါက်တာ့ကို ချစ်မိသွားပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်၍ မရနိုင်တော့။

-ဒေါက်တာ့ရင်ခွင်ထဲ မှီတွယ်နေချင်၏။

အားရှိလိုက်တာ ... ဒေါက်တာနဲ့လက်ထပ်ပြီး မြရိပ်ညို အဝေးကို ထွက်သွားချင်ပါတယ်။

မြရိပ်ညိုလည်း ချစ်ပါတယ်။

"ထပါ မြရိပ်ညို ... ကိုယ်တို့ လမ်းလျှောက်ကြရအောင်ပါ၊ မင်းအတွက် ကိုယ် ဘာလုပ်ပေးရမလဲ ... မင်းကို ပျော်ရွှင်နေစေချင်တယ်"

မြရိပ်ညို နှုတ်ခမ်းသားလေးကိုဖိပြီး နမ်းရှိုက်လိုက်သဖြင့် သူမ အထိတ်တလန့်နှင့် ရုန်းဖယ်လေ သူက နမ်းလေပဲ။

ရှက်လိုက်တာ ... သူမလည်း အသိတွေ မေ့မျောသွားသလိုလို ရုန်းဖယ်ရင်း အင်အားတွေမဲ့သွားကာ တဒင်္ဂ ငြိမ်သက်သွားသည်။

"အားမငယ်ပါနဲ့ မြရိပ်ညိုရယ် ... မောင့်အချစ်တွေကိုလည်း ယုံပေးပါ ... မင်းကို ပျော်ရွှင်အောင် ကိုယ်ထားပေးပါ့မယ်"

သူမ ဆက်ပြီး ရုန်းဖယ်ငြင်းဆန်မှုတွေ မလုပ်လိုတော့။

မောင်တဲ့ ...

ကျွန်မကိုယ်တိုင် မောင့်ကို ချစ်မိနေသည်။

အနမ်းချင်း ဖလှယ်ကြသည်။





"မြရိပ်ညို"

"ဟင်"

"မောင့်ကိုချစ်လား"

"ရှင်"

"ဘာရှင်လဲ ... ဖြေစမ်းပါ၊ မောင့်ကို ချစ်ရဲ့လားလို့"

"ဟင့်အင်း ... "

"ဘာပြောတယ်"

"မဖြစ်နိုင်ဘူး ထင်ပါတယ် ဒေါက်တာ ... လုံးဝ မဖြစ်နိုင်လို့ပါ"

"ဘာဖြစ်လို့လဲ မြရိပ်ညို ... မင်းလက်ရှိဘဝကိုပဲ ကိုယ်ချစ်တာပါ ... တေးအလင်္ကာကို မောင်ပြောမယ်၊ လူကြီးစုံရာနဲ့တောင်းမယ် ... ကိုယ့်မှာ အိမ်ထောင်တစ်ခုကို မိန်းကလေးဘက်ကို အားကိုးစရာမလိုဘဲ တင့်တင့်တယ်တယ် ထားနိုင်တဲ့ စည်းစိမ်ဥစ္စာတွေ ရှိတယ်"

"မမကြီးကို ပြောပြလို့ မဖြစ်ဘူးနော် ... လုံးဝမပြောပြပါနဲ့ မမကြီးက သူ့ကိုပဲ ချစ်စေချင်တာ ... "

"မြရိပ်ညို"

"ရှင်"

"မင်းအကြောင်းတွေကို မမကြီးပြောပြထားလို့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသိထားပါတယ်ကွာ ... ”

“မြရိပ်ညို အကြောင်းတွေ ဟုတ်လား ... ”

“မင်းချစ်သူနဲ့ ခိုးရာလိုက်ပြေးဖူးတယ်လို့ မမကြီးကပြောတယ်”

ပြောရက်လိုက်တာ မမကြီးရယ် ... မြရိပ်ညိုက အဓိဆိုလို့ ယင်ဖိုတောင် မသန်းခဲ့ဘူးတဲ့ အပျိုစင်လေးပါ။

သူမအပေါ် ဒေါက်တာ အထင်သေးအောင် မမကြီး ပြောထားမယ်ဆိုတာလည်း သူမ သိထားပြီးသားပါ။

“ဒီကိစ္စ ကိုယ်ဘာမှ မခံစားရပါဘူး၊ မင်းကို နားလည်ပါတယ် မင်းဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ ... ကိုယ်ကတော့ မင်းကိုချစ်တယ်၊ မြတ်မြတ်နိုးနိုး လက်ထပ်မယ် ... တန်ဖိုးထားပြီး ချစ်တယ်”

မြရိပ်ညိုကရော ဒေါက်တာ့ကို ချစ်ခွင့်မရှိတော့ဘူးလားဟင်။

ဘာကြောင့်လဲ ...

မမကြီးက မြရိပ်ညိုအား လုံးဝအလွတ်မပေးတော့ ဒက်ဒီဆီကရမယ့် မြရိပ်ညိုအမွေတွေ သိမ်းပိုက်ပြီးတဲ့အထိပေါ့။

“လွှတ်ပါ ဒေါက်တာ ... ”

“မောင်လို့ခေါ်”

“ကျွန်မ ဒေါက်တာ့ကိုချစ်သူအဖြစ် မရွေးချယ်ရသေးပါဘူး





ကျွန်မကို မေ့ပစ်လိုက်ပါ ... ”

“ကိုယ် အလက်ာ့ကို ဖွင့်ပြောမယ် ... မင်းဆီက ဘာအခွင့်အရေးမှ မယူဘူး၊ မင်းရမယ့်အမွေတွေလည်း ကိုယ်မယူချင်ဘူး”

“မမကြီးကို အသိမပေးပါနဲ့ ဒေါက်တာ ... ကျွန်မမှာ ချစ်သူထားခွင့် မရှိပါဘူး”

“ကိုယ် လူကြီးလူကောင်း ပီသစွာနဲ့ မြရိပ်လေးကို တန်ဖိုးထားတောင်းယူမှာပါ”

“မဖြစ်ပါဘူး ဒေါက်တာ ... မြရိပ်ကို မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ ... ကျွန်မ ဒေါက်တာ့ကို မချစ်နိုင်ပါဘူး”

မြရိပ်ညို ... အသိတွေ ဝင်သွားပြီး ဒေါက်တာ့ရင်ခွင်ထဲကနေ ရုန်းထွက်မိသည်။ —

မဖြစ်ပါဘူး ...

ဒေါက်တာက မမကြီးတေးအလက်ာ ရည်မှန်းထားတဲ့ယောက်ျားဖြစ်နေ၏။

မြရိပ်ညို တဒင်္ဂ တိမ်းညွှတ်ယစ်မူးသွားမိခဲ့ခြင်း ဖြစ်သည်။

“မင်း ဘာဖြစ်လို့လဲ မြရိပ်ညို ... ကိုယ်သိနေပါတယ်၊ မင်းကိုယ့်ကို ချစ်တယ် မဟုတ်လား ... ”

“ဟင့်အင်း မချစ်ပါဘူး ... ဒေါက်တာ့ကို ကျွန်မ လုံးဝမချစ်ဘူး၊ ဒီကိစ္စ ရပ်ပစ်လိုက်ပါ ... မြရိပ်ညိုက ဒုက္ခိတတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မမကြီးကို လုံးဝမပြောပါနဲ့နော် ... ”

မြရိပ်ညို လွတ်သွားတဲ့ သူမစိတ်တွေကို အမြန်ဆုံးပြန်၍ ထိန်းချုပ်ထားလိုက်ရသည်။

ဒေါက်တာကို မြရိပ်ညို ချစ်ပါတယ်။

မြရိပ်ညို နှလုံးသားထဲအထိ စူးနစ်မြတ်နိုးရတဲ့ အချစ်ဦးပါ။

မြရိပ်ညိုမှာ ချစ်ပိုင်ခွင့် လုံးဝကို မရှိပါဘူး ဒေါက်တာ။

“မြရိပ်ညိုကို လွှတ်ပါ ဒေါက်တာ ... မမကြီးပြောတဲ့စကားတွေက အမှန်တွေပါပဲ ... ကျွန်မက အပျိုစင်လေး မဟုတ်ပါဘူး”

“မင်းတို့ကွာရှင်းထားကြတာ မဟုတ်ဘူးလား”

“တော်ပါတော့ ဒေါက်တာ ... မဖြစ်နိုင်တဲ့ကိစ္စကြီးကို ဆက်မလုပ်ကြတာ အကောင်းဆုံးပါပဲ ... နှစ်ယောက်လုံးအတွက် ပြောတာပါ”

“မြရိပ်ညိုရယ် ... ကိုယ်လည်း ရူးသွပ်နေပြီလားပဲကွာ၊ မင်းကိုမှ ချစ်မိနေတယ် အကြင်နာတွေ ပိုမိနေတယ် ... မင်းခိုးရာလိုက်ပြေးထားလည်း ကိုယ်ခွင့်လွှတ်တယ် ... တန်ဖိုးထားတယ်၊ မင်းကို ပျော်ရွှင်အောင် ကိုယ်အစွမ်းကုန် လုပ်ဆောင်ပေးချင်နေတယ်”

မြရိပ်ညိုလေး အပျိုစစ် မစစ်ကို ဒေါက်တာ ချစ်သောမောင် မစဉ်းစားချင်ပေ။

သူ့နှလုံးသားတွေက အချစ်တွေနဲ့ပဲ ပြည့်နှက်နေသည်။





ချစ်ရတဲ့ မြရိပ်ညိုလေးအား သူ့ရင်ခွင်ထဲမှာ မလွှတ်တမ်း ပွေ့ဖက်ထားချင်နေခဲ့၏။

သူမကတော့ ကြည်ဖြူငြိမ်သက်နေရာမှ သူ့ရင်ခွင်ထဲကနေ အတင်းရုန်းဖယ်၍ လွတ်မြောက်အောင် ကြိုးစားနေသည်။

“ကျွန်မ ဒေါက်တာ့ကို မချစ်ပါဘူး၊ ကျွန်မဘဝနဲ့ ကျွန်မပဲ ဘယ်သူမှ ကယ်တင်စောင့်ရှောက်ပေးနေတာမျိုးလည်း မခံချင်ဘူး၊ ကျွန်မ ခဏလေးတွေဝေယစ်မူးသွားမိတာပါ ဒေါက်တာ ... လွှတ်ပါ ... ”

မမကြီးသာတွေ့သွားရင်တော့ ပြဿနာတွေက အကြီးအကျယ်တက်တော့မှာ သေချာနေသည်။

ကိုသိင်္ဂီတုန်းကလဲ မြရိပ် ညိုအား ဒုက္ခိတဘဝရောက်စေရန် မမကြီးတေးအလင်္ကာကိုယ်တိုင် သစ်ပင်ကို ကားနှင့်ဝင်တိုက်ခဲ့သည်။

“နင် ငါ့ကိုချောက်ချဖို့ မကြံစည်နဲ့နော် မြရိပ်ညို ... ငါ့အစွမ်းအစတွေကို နင်သိတယ် မဟုတ်လား”

မမကြီးက ခြိမ်းခြောက်ဟိန်းဟောက်၍ သူမအား အဖြစ်မှန်တွေကို ပြောမပြစေရန် တားဆီးထားခဲ့သည်။

မြရိပ်ညိုကိုယ်တိုင်ကလဲ မမကြီး တမင်လုပ်ပစ်တာပါဟု ဖွင့်ဟမပြောပြရက်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညိုကြောင့်ပဲ မမကြီးဘေးအလင်္ကာ ထောင်ထဲရောက်မှာ အစိုးရိမ်ကြီးစိုးရိမ်ခဲ့၏။

မြရိပ်ညိုတစ်သက်လုံး ကြိတ်မှိတ်ခံစားလာခဲ့ရတာ အလွှေအကျင့်တွေ ရနေခဲ့ပြီဖြစ်သည်။

"ဒေါက်တာ့ကို တောင်းပန်ပါတယ်၊ ကျွန်မ ဘယ်လိုလူမျိုးကိုမှ မချစ်နိုင်ဘူး ... ကျွန်မ ဒုက္ခိတဘဝမှာပဲ ပျော်အောင်နေပြီးချင်တယ်၊ ကျွန်မရင်ဆိုင်ရမယ့်ဘဝတစ်ခုလို့ပဲ ထင်မှတ်ထားပါတယ်"

ဒေါက်တာချစ်သောမောင်ကိုလည်း တစ်စုံတစ်ခု ထိခိုက်နစ်နာမှာကို မြရိပ်ညို မလိုလားနိုင်အောင် ဖြစ်နေခဲ့လေသည်။

+++

## အခန်း ( ၁၃ )

ကိုသိင်္ဂီရဲ့ဆွေမျိုးတွေကို ဘယ်လိုရှင်းပစ်ရမလဲ။

အလင်္ကာ စိတ်ကို တော်တော်လေး အနှောက်အယှက်ပေး နေသည်။

သူတို့ တူကို မရမနေ ရှာနေကြမှာပဲဖြစ်သည်။

"မမ ပြန်သွားရမယ် ... ညီမလေးကို စောင့်ရှောက်ရဦးမယ်၊ မင်းတို့ ကုမ္ပဏီကို စောင့်ရှောက်ပေးထားပါ"

"စိတ်ချပါမမ ... ကုမ္ပဏီကိုတော့ နောက်ဆံမတင်းပါနဲ့၊ မမလေးကိုသာ အမြန်ဆုံးကောင်းစေချင်ပါတယ်"

"မမ သွားမယ် ... "

"မမ ကျွန်တော့်ကို ခိုင်းစရာရှိရင် ခိုင်းပါ"

"မြဒင် ... "

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမကို နောက်ယှက်နေတဲ့လူတွေရှိတယ်"

"ပြောပါ မမ် ... အားမနာပါနဲ့ မမက ကျွန်တော့်ကိုကြည့်ရှုစောင့်ရှောက်ထားတာပဲ ... ခိုင်းပါ ..."

မြခင် ... လူမိုက်။

လက်သံက ပြောင်သလားမမေးနဲ့တော့ တေးအလင်္ကာက စောင့်ရှောက်ပေးထားခဲ့သည်။

အကာအကွယ်လည်း ပေးထားခဲ့၏။

သူမ သေဆိုသေ ရှင်ဆိုရှင်။

ကိုသိဂ်ီပြီး ဆွေမျိုးတွေကပါ ထပ်နှိပ်စက်ချင်နေသေးသည်ရမလား ...

"မမကို ဒုက္ခပေးနေတဲ့လူတွေရှိတယ် ... မင်းနှိပ်ကွပ်ထားပေးလိုက် ... လုံးဝနော် ပိရိပါစေ"

"ရော့ ..."

မြခင်ရဲ့အကြိုက် ငွေအထပ်လိုက်ပေးလိုက်သည်။

တေးအလင်္ကာကို ဘာမှတ်နေလဲ။

သွေးအေးအေးနှင့် ရက်စက်တတ်သူ။

ရှင်းပစ်ရမယ့်သူတွေကို စာရင်းပေးလိုက်သည်။

"မမကြီး စိတ်ချပါ ... အားလုံး အငြိမ်းဇယားဖြစ်စေရမယ်"

တေးအလင်္ကာ ပြန်သွားရမယ်။





မြရိပ်ညိုနဲ့မောင် ဘာတွေဖြစ်နေကြပြီလဲ။

တေးအလင်္ကာဘဝကိုလာပြီး နှောက်ယှက်တဲ့သူက ... တေးအလင်္ကာရဲ့ ရက်စက်မှုကို ခံရမှာပဲ။

"မြရိပ်ညို ... နင့်ကို ငါပြောထားပြီးသားနော်၊ မောင်က ငါ့အတွက်ပဲ"

ကိုသိဂ်ီကလဲ မြရိပ်ညိုကို အရူးအမူးချစ်ခဲ့သည်။

တေးအလင်္ကာကို ရက်စက်ခဲ့၏။

စွန့်ပစ်ဖို့ ကြိုးစားခဲ့၏။

တေးအလင်္ကာရဲ့ ရက်စက်မှုကို ဒင်းခံလိုက်ရသည်။

သူမအတွက် အရေးတကြီးကိစ္စက မောင့်ကို အရယူဖို့ပဲ ဖြစ်နေ၏။

ဒီတစ်ခါတော့ သူမ ရှင်းပစ်ရမယ့်သူက မြရိပ်ညိုပဲ။

သူမ ကားကို တရကြမ်းမောင်းပြီး ပြန်ရောက်လာခဲ့သည်။

"မမကြီး ပြန်လာပြီလား"

"ဟုတ်တယ် ဒေါ်ကြွေစေ့ ... ညီမလေးအခြေအနေ ဘယ်လိုလဲ"

"ကောင်းပါတယ်ကွယ် ... လမ်းလျှောက်ကျင့်ဖို့တော့ ဒေါက်တာက အတော်လေး ပြောဆိုစည်းရုံးနေရတယ် ... ဒေါက်တာ့ကိုတော့ သိပ်စကားမပြောရှာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တေးအလင်္ကာရဲ့အကြောင်းကို ဒေါ်ကြွေစေ့ အသိဆုံးပင်။

စိတ်ကောင်းမရှိ။

မျက်နှာလေးချိုချိုနှင့် ဟန်ဆောင်နေတာပါ။

မြရိပ်ညိုလေး သနားစရာ။

ဒေါက်တာနှင့် တရင်းတနှီးနေသည်ဆိုလျှင် မြရိပ်ညိုလေး အပေါ် မတရား ညှင်းပန်းနှိပ်စက်မည်စိုးရိမ်၍ ကင်းကင်းရှင်းရှင်း နေထိုင်ကြောင်း ပြောပြရသည်။

"ကျွန်မကို အအေးတစ်ခွက်ဖျော်ပြီး မြရိပ်ညိုအခန်းထဲ ပို့ပေးပါ"

"ဟုတ်ကဲ့"

သူမ အချစ်အိမ်လေးထဲဝင်လာတော့ ဒေါက်တာအခန်းက တိတ်ဆိတ်နေသည်။

မြရိပ်ညိုအခန်းထဲ ရောက်နေပြီလား။

ကိုသိင်္ဂါလိုတော့ အဖြစ်မခံနိုင်ဘူး။

မြရိပ်ညိုရယ် နင်မကြာခင် သေမင်းနိုင်ငံကိုသွားရမယ်။

မြရိပ်ညိုအခန်းက ပွင့်နေသည်။

"ကျွဲ ..."

"ဟင်"

ထင်ထားတဲ့အတိုင်းပင်။





ဒေါက်တာက မြရိပ်ညိုအခန်းထဲမှာ ရှိနေသည်။

"တေးအလင်္ကာ ပြန်လာပြီလား"

"မောင်"

"ဟင်"

"ညီမလေးအခြေအနေရော တိုးတက်မှုရှိလား"

"သိပ်မရှိသေးဘူး အလင်္ကာ ... ဒီကောင်မလေးက ဒုက္ခိတဘဝမှာပဲ ပျော်နေတယ်ထင်တယ်"

မမကြီးကို တွေ့လိုက်တော့ မြရိပ်ညိုစိတ်တွေ မလုံမလဲနှင့် ကြောက်ရွံ့ထိတ်လန့်နေသည်။

ဒေါက်တာနဲ့က ချစ်သူတွေ ဖြစ်သွားကြပြီဖြစ်၏။

ကိုသိင်္ဂါကိုတော့ မြရိပ်ညို မုန်းတယ် ရွံ့တယ်။

လူယုတ်မာကြီး မမအလင်္ကာ့မျက်ဝန်းတွေက သူမမျက်ဝန်းတွေထဲအထိ ထိုးဖောက်မတတ်ပင်။

"ညီမလေးကလဲကွယ် ... အဲဒီလို တဇွတ်ထိုးလုပ်တတ်လို့ အမှားကြီးမှားခဲ့ပြီးပြီလေ"

မမကြီး မဟုတ်မဟတ်တွေ လုပ်ကြံဖာတ်ခင်းပြီး ဒေါက်တာ့ရှေ့မှာ မြရိပ်ညိုအား အပုတ်ချရန် ကြံစည်နေသည်။

လင်နောက်လိုက်ဖူးတယ်တဲ့ ...

ဒေါက်တာကတော့ သူမအား ခွင့်လွှတ်ပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညိုလည်း ဒေါက်တာကိုချစ်တယ်။

မမကြီးက မောင်ဟုပင် ခေါ်နေသည်။

"မောင် အနားယူတော့လေ ... ညီမလေးတာဝန် အလက်ာ ဆက်ယူမယ်"

ဒေါ်ကြွေစေ့က အအေးခွက်လာပို့ပေးသည်။

တေးအလင်္ကာ ညီမလေးအပေါ် ဘယ်လောက်အထိ အရေးတယူရှိလည်းဆိုတာ မောပန်းနွမ်းနယ်နေတာတောင် အနား မယူနိုင်ဘူးဆိုတဲ့ သဘောပင်။

"မမကြီး အမောတောင် မဖြေနိုင်ဘူး ... စိတ်ထဲမှာ ညီမလေးအတွက်ပဲရှိနေတယ်လေ ... ကုမ္ပဏီတော့ ပစ်ထားခဲ့ရတယ်၊ မမကြီးအတွက် ညီမလေးက အရေးအပါဆုံးပဲလေ"

မမကြီးက မြရိပ်ညိုအား ဘေးမှာကပ်ထိုင်ပြီး ပွေ့ဖက်သည်။

ကြောက်လိုက်တာ ...

အသက်ရှူလို့ပင် မဝတော့။

"တေးအလင်္ကာ ရောက်လာပြီဆိုတော့ ကိုယ်အပ်ခဲ့ပြီ၊ ဒီကောင်မလေးအတွက် တဖြည်းဖြည်းကိုယ်တောင် စိတ်မချဖြစ်နေပြီကွာ"

ဒေါက်တာက မြရိပ်ညိုကိုအပ်ခဲ့ပြီနော်။





ညနေ ခြံထဲဆင်းဖို့ ဖြောင်းဖျပေးပါဦးဟုပြော၍ ပြန်ထွက်သွားသည်။

"မြရိပ်ညို"

"ရှင် ... မမကြီး"

"ညည်း ... မောင့်ကိုဘာတွေညှုနေလဲ"

"မညှုပါဘူး ... မြရိပ်ညို ကင်းကင်းရှင်းရှင်းနေပါတယ်"

"နင့်ကို ငါပြောထားပြီးပြီနော် ... မောင်နဲ့ငါ လက်ထပ်မှာ၊ နင် ဝင်မရှုပ်နဲ့ ... "

"နင်က အိမ်စေတွေရဲ့သမီးပဲ ... ငါက ဒက်ဒီကြောင့် နင့်ကို လက်ခံထားရတာပဲ ... တန်ရာတန်ရာလုပ်"

"မြရိပ်ညို သိပါတယ် မမကြီးရယ် ... "

ဒေါက်တာ့ကို မြရိပ်ညို ချစ်နေမိတာ မမကြီးကို အပြတ်သားဆုံး ရင်ဆိုင်ပစ်လိုနေခဲ့သည်။

"ကျွန်မ ဒက်ဒီဆီကရတဲ့အမွေတွေအားလုံး စွန့်ပစ်ပါ့မယ်၊ ဒေါက်တာ့ကိုပဲ ပေးပါနော် ... "

သူမ ရင်ထဲကနေ ပြောမိနေတဲ့စကားတွေ ဖြစ်နေသည်။

"နင် ဒုက္ခိတဘဝမှာပဲ နေရမယ် ... မောင့်ကို နူးကရီးယား လွှတ်မယ်မကြံနဲ့နော် မြရိပ်ညို ... အသေပဲ ... "

မမကြီးရဲ့ ခြိမ်းခြောက်ဟိန်းဟောက်တဲ့စကားတွေက မြရိပ်



www.burmeseclassic.com

www.burmeseclassic.com



ညို့အတွက် ဓါးသွားတွေထက်ပင် ကြောက်စရာကောင်းနေသည်။

ပြေးစရာမရှိ …

မြရိပ်ညို့ အသက်(၂၅)နှစ်ပြည့်ပြီးသွားလျှင် အက်ဒီရှေ့နေကြီးက အမွေတွေ ပေးတော့မည်ဖြစ်သည်။

မြရိပ်ညို့ အနာဂတ်က ဆက်မတွေးရဲပေ။

“မောင့်ကို နင်ဖြားယောင်းသွေးဆောင်မယ်ဆိုရင် နင့်ကိုလည်ပင်းညှစ်သတ်ပစ်မှာနော်”

“သိ … သိပါတယ် … ”

ဒေါက်တာနှင့်သူမက ချစ်သူတွေတောင် ဖြစ်နေကြသည်။

သူမ ဒီတစ်ခါတော့ ဒေါက်တာ့ကို ချစ်မိသွားပြီဖြစ်၏။

စွန့်လွှတ်ရမှာပင် ကြောက်လာမိသည်။

“နင် … ဒီညနေ ခြံထဲမဆင်းနဲ့နော် အတင်းအကြပ်ငြင်းဆန်ရမယ် … ကြားလား … ”

“ဟုတ်ကဲ့”

“ငါသွားပြီ … နင့်ကို ပြုစုမနေနိုင်ဘူး၊ တေးအလင်္ကာရဲ့စိတ်ကို နင်သိပါတယ်နော် … ”

မြရိပ်ညို့က တေးအလင်္ကာနှင့် ဖအေတူ မအေကွဲ ညီအစ်မအရင်းဖြစ်ခဲ့ပေမယ့် အိမ်စေမသွေးနှင့် ရောနေ၍ မြရိပ်ညို့ကို ရှံ့ရှာမုန်းတီးနေသည်။





အမွေတွေရပြီးရင် နင့်ကိုလည်း အပြတ်ရှင်းပစ်ရမယ်။

သူမ အပြင်ထွက်လာ၏။

သူမ အခန်းလေးထဲပြန်လာခဲ့သည်။

မြဒင်ဆီက ဖုန်းဝင်လာသည်။

“မမကြီး … ရှင်းပစ်လိုက်ပြီ”

“ဟင် … မြန်လှချည်လား … နင့်လုပ်ရပ်တွေက ပိရိတယ်နော်”

“လုံးဝပဲ မမကြီးကို ဘာမှမနွယ်စေရဘူး … ခံစရာရှိရင် မြဒင်ပဲ ခံသွားမှာပါ”

“နင်သေချာရင် နင့်အကျိုးခံစားခွင့် ကြီးကြီးရစေမယ် မြဒင်”

“မြဒင်ပါဗျ”

“နင်”

“နောက်မှ လူချင်းတွေ့မှ ပြောပြမယ်နော် … မမကြီး ဘာမှပူမနေနဲ့တော့ စိတ်အေးအေးနေ … ”

“အိုကေ”

“ဟင်း … ”

တေးအလင်္ကာ သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသိဂ်ီ ...

ရှင် တမင်ကြံစည်ခဲ့တာပဲ။

ရှင့်မှာ အမျိုးအဆွေ မရှိဘူးဆိုပြီး အမျိုးတွေနဲ့ ပြန်ဆက်သွယ်ခဲ့တယ်။

တေးအလင်္ကာကို ဒီလိုလုပ်လို့ ဘယ်ရမလဲ။

"မြရိပ်ညို ... နှင့်အလှည့်ပဲ၊ မကြာခင် နှင့်အသက် နှစ်ဆယ့်ငါးနှစ်ပြည့်တော့မယ်လေ"

အတွေးတွေနှင့် ဒေါသတွေက ပေါက်ကွဲချင်နေသည်။

အိပ်စက်လို့မရ ...

ထူးခြားစွာဖြင့် မောင့်ကိုရင်ထဲမှာ စူးနစ်စွာ ချစ်မိနေခဲ့၏။

ကိုသိဂ်ီနဲ့ ဘာဆိုင်လဲ ...

ပညာတတ် ဆရာဝန်တစ်ယောက် လူကြီးလူကောင်းပီသသည်။

သန့်နေ၏ ...

အရပ်မြင့်မြင့်နှင့် ဖြူနုသော မောင်သည် တေးအလင်္ကာရဲ့ ရင်ကို အတိုင်းအဆမရှိအောင် လှုပ်ခတ်စေခဲ့၏။

ညနေစောင်းတော့ မောင်ရောက်လာပြီး မြရိပ်ညို ခေါင်းမာနေသည်ဟု လာပြောသည်။

"အလင်္ကာ ... လုပ်ပါဦးကွာ၊ မင်းညီမက ခြံထဲကိုလုံးဝ





ဆောင်းရေးလို့ ငြင်းနေတယ်"

"မောင်ရယ် ... အလင်္ကာလည်း ပြောဆိုဖြောင်းဖျပြီးပါပြီ၊ ရဘူး ... သူ့ဆန္ဒနဲ့ဆန့်ကျင်ပြီး အတင်းအကြပ်လုပ်နေရင် သူ့ကိုယ် သတ်သေပစ်မယ်တဲ့လေ"

"ဟင်"

တေးအလင်္ကာ စကားကြောင့် ချစ်သောမောင်ပင် အထိတ်တလန့် ဖြစ်သွားရသည်။

ဒီကောင်မလေး မြရိပ်ညို ...

မင်းဘာဖြစ်လို့ အားငယ်စိတ်ပျက်နေရတာလဲကွာ။

ကိုယ်စိတ်ပူတယ် ...

မင်းကို ဒီလိုမဖြစ်စေချင်ဘူး။

"တေးအလင်္ကာ"

"ဟင် ... "

"မြရိပ်ညိုကို ဘယ်လိုလုပ်ရမလဲ"

"မောင်"

"ပြော ... "

"ကျွန်မတို့ခြံထဲဆင်းပြီး ခေါင်းအေးအေးထားပါ ... ဆွေးနွေးကြရအောင်နော်"

"ကောင်းပါတယ် တေးအလင်္ကာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းကြမယ်"

တေးအလင်္ကာက သစ်ရိပ်မြိုင် ခြံကြီးထဲမှာ မောင်နှင့်အချစ် ဇာတ်လမ်းလေးကို ဖန်တီးညွတ်နူးချင်သည်။

အချစ်အိမ်လေး ပထမတော့ ပတ်ဝန်းကျင်မှာဟန်ပြ။

မြရိပ်ညိုအတွက် လုပ်ပြထားတာပါ။

ခြံထဲ ဆင်းလာသည်။

"မောင်"

"ဟင်"

"မြရိပ်ညိုကြောင့် စိတ်ညစ်နေလား"

"စိတ်ပူတယ်"

မောင် ဘာဖြစ်လို့များ ဒီလောက်အထိ မြရိပ်ညိုအတွက် စိတ်ပူပင်နေရတာလဲ။

ရှင့်စိတ်တွေက မြရိပ်ညိုအပေါ် လုံးဝတိမ်းညွတ်သွား ပြီထင်တယ်။

သူမ ဒေါသတွေက ရင်ထဲမှာ ဗလောင်ဆူနေသည်။

"ဒီရွက်ကြွေတောလေးက သဘာဝအတိုင်းပဲ ဖြစ်နေတာ လေ ... အဖိုးပိုင်တဲ့ခြံကြီးပါ"

"တကယ့်ကို သာယာအေးချမ်းတဲ့ ခြံကြီးတစ်ခုပါ ... ရင်ထဲ မှာ တကယ်ပဲ အချစ်တွေ ပြည့်နှက်နေတယ်"





တေးအလင်္ကာက အချစ်တွေကို မောင် ခံစားလာ၍ ကျေနပ်သွားခဲ့သည်။

"ကျွန်မ အချစ်အိမ်လေးထဲမှာနေရတာ စိတ်တွေနူးညံ့သိမ် မွေ့လာတယ် ... စီးပွားရေးလုပ်ငန်းတွေနဲ့ ရှုပ်ထွေးပွေလီနေတာ ဒီမှာပဲနေချင်တယ် ... အချစ်တွေခံစားချင်တယ်မောင်"

"ဟုတ်တယ် အလင်္ကာ"

"ကျွန်မဘဝမှာ အချစ်ဆိုတာကို ဘယ်တော့မှမစဉ်းစားနိုင် ခဲ့ဘူး၊ မိသားစုအတွက် စီးပွားရေးပဲလုံးပန်းနေရတာလေ ... ညီမလေးအတွက်လည်း အရမ်းစိတ်ပူတယ်"

"အလင်္ကာ့ကိုလည်း ကိုယ်အရမ်းသနားမိတယ်၊ မြရိပ်ညို ကလေးဆန်နေတာပါ ... ဒါပေမဲ့ ကိုယ်ကတော့ သည်းခံပြီး ဒီ ကောင်မလေးစိတ်တွေ ပျော့ပြောင်းလာဖို့ ကြိုးစားမယ်"

မောင် ရှင့်ရင်ထဲမှာ ဘာတွေခံစားနေရလဲဆိုတာ အလင်္ကာ သိပြီ။

ဒါပေမဲ့ ... တေးအလင်္ကာကတော့ မောင့်ကိုအပြီးအပိုင် လက်ထပ်မယ်လို့ ဆုံးဖြတ်လိုက်ပြီနော်။ သူမ ရွက်ကြွေလမ်းလေး အတိုင်း လျှောက်လှမ်းနေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

ချစ်သောမောင်ကတော့ မြရိပ်ညိုလေးကိုပဲ သတိရနေသည်။

ရှက်ကြွေလမ်းလေးမှာ ချစ်သူနှင့်ယှဉ်တွဲ၍ လမ်းလျှောက်ချင်နေခဲ့၏။

မင်းကိုလက်ထပ်မယ် မြရိပ်ညို။

ကိုယ်ဆုံးဖြတ်ထားပြီးပြီ။

မင်းဘဝလေးကို ပျော်ရွှင်လှပစေချင်တယ်။

ကိုယ် ယောကျ်ားပီသစွာ တာဝန်ယူချင်ပါတယ် မြရိပ်လေးရယ်။

"မောင်"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ တိတ်ဆိတ်နေတယ်"





"ကိုယ် မြရိပ်ညိုအကြောင်းတွေပဲ စဉ်းစားနေမိတယ်၊ ခေါင်းမာလွန်းတဲ့ ကောင်မလေးကို ဘယ်လိုစည်းရုံးသိမ်းသွင်းရမလဲလို့လေ"

"ညီမလေးက ဘယ်လိုမှလက်မခံလို့ ဒီကိုတောင် ပြောင်းလာခဲ့ရတာလေ"

အလင်္ကာ စာမင်လုပ်ပစ်ခဲ့တာကို ပတ်ဝန်းကျင်မှာ သတင်းအစအနပေါက်ကြားသွားမှာ ကြောက်၍ ဝေးသီခေါင်တဲ့နေရာလေးကို ခေါ်လာခဲ့ခြင်းဖြစ်သည်။

"မြရိပ်ညို ကောင်ဆိုးမလေးပါ ... လူပေကောင်ကို ခုထိမမေ့နိုင်သေးဘူးလေ ... ဒီအကြောင်းတွေးရင် အလင်္ကာရင်ကျိုးမတတ်ဘဲ"

မြရိပ်ညိုအား မောင် အထင်သေးစေရန် အလင်္ကာ ပြောပစ်သည်။

နင့်လို မိန်းမမျိုးကို ဘာဖြစ်လို့များ ယောကျ်ားတွေက ဘာဖြစ်လို့များ ဒီလောက်ချစ်ချင်နေကြရတာလဲ။

သူမထက် ရုပ်ရည်ချောမောနေတာတော့ အမှန်ပဲဖြစ်သည်။

"ဒီမှာ ခဏလောက်ထိုင်ကြရအောင်နော်"

"ထိုင်လေ ..."

မောင်က သူမအား သာမန်မိတ်ဆွေတစ်ယောက်အဖြစ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်နေကြောင်း မောင့်မျက်ဝန်းသန့်စင်မှုက သက်သေပြနေသည်။

အလက်ာ ဘယ်လိုဖြေးယောင်းသွေးဆောင်ရမလဲ။

"မောင်"

"ပြောလေ အလက်ာ ..."

"မောင့်မှာ ချစ်သူရှိခဲ့ဖူးလား ... လက်ရှိရောဟင်"

"ချစ်သူ"

"အင်း ..."

"ကိုယ်က မိမဲ့ဖမဲ့ ... ဆရာဝန်ကြီးက စောင့်ရှောက်လာခဲ့လို့ ... ကိုယ်ဆရာဝန်တစ်ယောက်ဖြစ်ခဲ့တာပါ အလက်ာ"

သူ ...

မြရိပ်ညိုကို ချစ်မိနေကြောင်း တမြတ်တနိုးလက်ထပ်ယူလိုကြောင်း အစ်မဖြစ်သူ တေးအလက်ာအား ဖွင့်ပြောလိုက်ရင်ကောင်းမလား။

ဒုက္ခိတ ညီမအား သူ့လိုဆရာဝန်တစ်ယောက်က လက်ထပ်ပါရစေဟု ခွင့်ပန်လျှင် အလက်ာ လက်ခံနိုင်သည်။

"မောင် ... ရှင်ဘာတွေစဉ်းစားနေတာလဲ၊ အလက်ာ မေးနေတာကိုဖြေလေ"

"အလက်ာ"





"ဟင်"

"ကိုယ်ငယ်စဉ်လေးထဲက ခုထိပညာရေးတစ်ခုထဲပဲ အာရုံစိုက်ထားလို့ ရည်းစားထားဖို့ စိတ်ကူးထဲမှာတောင် မရှိခဲ့ဘူး"

"ဟုတ်လား"

"အလက်ာ့လိုပဲလေ"

"အလက်ာတို့က ဘဝသူတွေပဲပေါ့နော် ... ရည်းစားဆိုတာ ရှိနိုင်လားလို့တောင် မေးရတော့မယ်ထင်တယ်"

"အင်း"

တေးအလက်ာက ရိုးသားဖြူစင်ပြီး စိတ်သဘောနူးညံ့သိမ်မွေ့တဲ့ မိန်းကလေးဖြစ်ပေမယ့် ချစ်သောမောင် စိတ်ကိုလှုပ်ရှားစေနေတာက ကောင်ဆိုးမလေး မြရိပ်ညိုဖြစ်နေသည်။

"ကိုယ်အမှန်အတိုင်း ဝန်ခံရမလား အလက်ာ ..."

"အင်းလေ"

"ကိုယ် အခုမှ ချစ်မြတ်နိုးရတဲ့ ကောင်မလေးတစ်ယောက် ရှိလာပြီ"

"ဟင် ... ဘယ်သူလဲ"

သူ ပြောပြမလို့ပြင်ပြီးမှ မြရိပ်ညိုက မမကြီးကို လုံးဝပြောမပြပါနဲ့ဟု အနူးအညွတ် တောင်းပန်နေ၍ မပြောပြတော့။

သူ့မမှာ ဘယ်လိုအခက်အခဲတွေ ရှိနေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညိုက အစ်မအပေါ် အလွန်ဆိုးရွားသူလေးပါ။

"ဒေါက်တာ ... မမကြီးကို လုံးဝပြောမပြလိုက်ပါနဲ့နော်၊ အနူးအညွတ်တောင်းပန်ပါတယ်"

မြရိပ်ညို ကိုယ်တိုင်ကလဲ သူ့ကိုချစ်ပါသည်ဟု တိကျတဲ့ အဖြေမပေးသေး။

သူမ မျက်ဝန်းလေးတွေထဲမှာ အချစ်တွေပဲရှိနေ၏။

မင်းမျက်ဝန်းလေးတွေက ဖြူစင်တယ် အပြစ်အနာအဆာ မရှိဘူး။

တေးအလင်္ကာ ပြောပြလို့သာ မင်းအကြောင်းတွေကို ယုံရ တာပါ။

"ညီမလေး ပျော်ရွှင်အောင် စိတ်တွေငြိမ်းချမ်းအောင် အချစ် အိမ်လေးကိုဖန်တီးခဲ့တာလေ ... မြရိပ်ညိုက သူ့ယောက်ျားကိုချစ် နေတုန်းပဲလေ"

"မြရိပ်ညိုတို့နှစ်ယောက်က တရားဝင်လက်ထပ်ခဲ့လို့လား"

"အင်း ... နှစ်ဦးသဘောတူ လက်ထပ်တာပါ"

"မကွာရှင်းခဲ့ဘူးလား ... အလင်္ကာ ... "

"နှစ်ယောက်လုံးက မကွာရှင်းချင်ကြဘူး ... အဖြစ်အပျက် တွေက ခြောက်လပဲရှိပါသေးတယ် ... အလင်္ကာ ဖွင့်ခွဲထားရင်း ကားအက်စီးဒင့်ဖြစ်တာလေ"





မြရိပ်ညို နင့်ဘဝကို စုတ်ပြတ်သတ်သွားအောင် ငါလုပ်ပစ် မယ်။ နင်နဲ့ဒေါက်တာက တန်လို့လား။

"ညီမလေးက ပညာရေးလည်း စိတ်မဝင်စားဘူး၊ ညံ့တယ် ထင်ရာစိုင်းတယ် ... ဒါကြောင့် ဆယ်တန်းမှာပဲ တစ်ကျန်ခဲ့ရတာ လေ"

အလင်္ကာက တမင်မထားပေးတာပါ။

မြရိပ်ညိုက ဉာဏ်ကောင်းတယ်၊ ထက်မြက်တယ်။

သူမက ရိုက်ချိုးဖြိုဖျက်ပစ်လိုက်သည်။

"ကျွန်မတို့ ပြန်ဝင်ကြမယ်မောင် ... ညီမလေးအနားမှာ သွားနေဦးမယ်လေ"

"မင်းက ... ညီမလေးအတွက်ပဲ စဉ်းစားပေးနေတာပဲ အလင်္ကာရာ ... ကိုယ် တကယ်လေးစားတယ်၊ တာဝန်ကျေလွန်း တဲ့ အစ်မတစ်ယောက်ပဲ"

"ဒီလိုပါပဲလေ ... သံယောဇဉ်ကြီးတတ်တော့ အရမ်းနာ ကျင်ခံစားရတယ် ... ရင်တွေထာဝရ ပူလောင်နေတယ်လေ"

"အလင်္ကာရယ်"

"သွားကြစို့"

သူမနှင့်သူ ပြိုင်တူထလိုက်မိစဉ် သူမ ခြေချော်သလိုနှင့် မောင့်ရင်ခွင်ထဲ ယိမ်းယိုင်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ..."

"အမေ့ ..."

"ဟင်"

မောင့်လက်တွေက အထိတ်တလန့်နှင့် သူမခန္ဓာလေးအား ပွေ့ဖက်ထိန်းမတ်ပေးထားသည်။

သူမလက်လေးတွေကလဲ မောင့်ခန္ဓာကိုယ်အား အတင်းအကြပ် ပွေ့ဖက်ထားလိုက်၏။

မေ့မျော သွားသလိုလို အရှက်အကြောက်ကြီးနေသလိုလို မောင်က ပြန်၍ ခွာသည်။

"ဆောရီးနော် အလင်္ကာ"

"အလင်္ကာက တောင်းပန်ရမှာပါ မောင်ရယ် ... ခြေက ခေါက်သွားတယ် ... အားနာလိုက်တာ"

"ရပါတယ် အလင်္ကာ ... ကိုယ်တို့ပြန်ဝင်ကြရအောင်ပါ။ မြရိပ်ညိုကို ဆေးတိုက်ရမယ်လေ"

ဟွန်း ...

အချိန်ရှိသရွေ့ မြရိပ်ညိုပဲဖြစ်နေတယ်။

မုန်းလိုက်တာ ...

အလင်္ကာကျ သွေးအေးနေသည်။

အသိမိတ်ဆွေတစ်ယောက်ထက် မပိုခဲ့။





သူမစိတ်ထဲမှာ မကျေမနပ်ဖြစ်ရ၏။

အိစက်ပျော့ဖတ်ဖတ် ရွက်ကြွေတွေကို အညှိုးနှင့်ဖိနင်းချေပစ်မိနေသည်။

"မြရိပ်ညိုဆီ ကိုယ်လည်းလိုက်ခဲ့မယ်၊ ဒီကောင်မလေး တစ်ခါတလေ ဆေးတွေသောက်ရဲ့လားတောင် မသိဘူး"

သူမ ဘယ်လောက်အထိ ဒေါသတွေပေါက်ကွဲရလဲ။

မောင့်စိတ်တွေက မြရိပ်ညိုဆီပဲ ရောက်နေသည်။

မြရိပ်ညိုကရော ငြင်းပယ်နိုင်ပါ့မလား။

နင့်ဘက်က မငြင်းဆန်ရင်တော့ သေပြီသာ မှတ်တော့။

"ညီမလေးရယ် ... ထင်ထားတဲ့အတိုင်းပါပဲလား၊ ကြည့်စမ်း အင်္ကျီလက်ပြတ်လေးနဲ့ အရမ်းအေးတယ်လေ ... ညည်းလေးနဲ့ တော့ခက်ပါတယ် ... အအေးပတ်တော့မှာပဲ ... "

မမကြီးနှင့်ဒေါက်တာတို့ ပြန်ဝင်လာတော့ သူမစိတ်ပျက်မိသည်။

မြရိပ်ညို သေပစ်ချင်၏။

မမကြီးမျက်ဝန်းတွေက ကြောက်စရာ ကောင်းလောက်အောင် မာကျောနေသည်။

"မြရိပ်ညို ... မင်းဆေးမသောက်ရသေးဘူး မဟုတ်လား။ အာရုံကြောတွေ အားကောင်းမှဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာက သူမအနားတိုးကပ်လာပြီး စားသောက်စရာ ကော်ဖီနှင့် မုန့်ကို ကျွေးနေသေးသည်။

မမကြီးကို ကြောက်ပါတယ် ...

မြရိပ်ညိုကို တစ်ခုခုလုပ်ပစ်မှာ သူမ သိနေသည်။

"မြရိပ်လေး"

"ရှင်"

မြရိပ်လေးတဲ့ ...

မမကြီး ကြားသွားရင်တော့ မြရိပ်ညိုကို အရည်ကျို့ပစ်လိုက်မလားဘဲ။

"ဆေးသောက်နော် ... မင်းပေနေလို့ မဖြစ်ဘူးကွ၊ လောကကြီးကို မင်းဒီလောက်အထိ အရွဲ့မတိုက်သင့်ဘူးနော်"

ဒေါက်တာ့အသံတွေက နူးညံ့နွေးထွေးနေသည်။

မမကြီး နှုတ်ခမ်းသားတွေက အပြုံးတွေနှင့် ချိုအီနေသလောက် ဒေါက်တာ ကွယ်သည်နှင့် သူမအား ကြည့်တဲ့အကြည့်တွေက စူးရှနက်နဲလွန်းသည်။

"ကျွန်မ သောက်ပါ့မယ် ဒေါက်တာ ... ကျေးဇူးပြုပြီး ကိုယ်တိုင်ပဲ သောက်ပါရစေ"

ဒေါက်တာ့ရင်ခွင်ထဲသို့ ပြေးဝင်ဖက်တွယ်ပြီး မြရိပ်ညိုအဖြစ်မှန်တွေကို ပြောပြထွက်ပြေးချင်သည်။





မမကြီးလက်ကနေ လွတ်မြောက်ချင်နေမိ၏။

ပြေးစရာမြေက မရှိ။

"မောင် သွားပြီးအနားယူပါ၊ ညီမလေးကိစ္စ အလက်ာလုပ်မယ်"

"အလက်ာ့ညီမလေးကို လမ်းလျှောက်ကျင့်ဖို့ဖျောင်းဖျပေးပါကွာ ... ကိုယ်ဆရာဝန်ပါ၊ အရိုးအကြော အထူးကုလေ ... မင်းညီမလေး အကောင်းပကတိဖြစ်နိုင်ချေ အများကြီးရှိတယ်"

"ဟုတ်သားပဲ ညီမလေးရယ် ... မောင်က ဒီလောက်ပြောနေတာကို ... ငပျင်းမလေး ... ညည်းလေးဟာလေ တကယ့်ကိုဆိုးပေတယ်၊ မောင်ရေ မြရိပ်ညိုအကျင့်ကို ထင်ရာလုပ်တတ်တယ်၊ ညည်းလေးချစ်သူကိုလည်း မေ့ပစ်သင့်တယ် ... ဘဝကို အဆုံးမခံပါနဲ့ကွယ်၊ တကယ်ဆို ပြတ်ပြတ်သားသားကွာရှင်းသင့်ပါတယ် ... ဒါကြောင့် ညည်းလေးဘဝကို အရှုံးပေးနေတာ မဟုတ်လား"

မမကြီး ထိုးနက်ချက်ကတော့ အပြင်းထန်ဆုံးအကွက်ပဲ။

ဒေါက်တာ့ရှေ့မှာ မြရိပ်ညိုကို အပုတ်ချနေခြင်းဖြစ်သည်။

မြရိပ်ညို မငြင်းဆန်ရဲ ...

မဟုတ်ပါဘူးဟု ပြောခွင့်မရှိ။

မမကြီးအား အစ်မအရင်းတစ်ယောက်လို မြရိပ်ညို ချစ်ခင်သံယောဇဉ်ရှိနေသေး၍ မမကြီး ဂုဏ်သိက္ခာမမဲ့စေချင်၍ ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"မြရိပ်ညိုကို စိတ်အနှောက်အယှက်ဖြစ်စရာတွေ မပြောတာအကောင်းဆုံးထင်တယ် အလက်ာ ... တစ်ယောက်ထဲပဲ အနားယူပါစေ"

"တစ်ခါတလေကျတော့လည်း အလက်ာ အရမ်းစိတ်တိုမိတယ် မောင် ... လူကြီးတွေကို အမြဲတမ်း ဒုက္ခပေးတတ်လို့လေ"

ဟုတ်တယ် ...

တစ်ခါတလေလည်း မမကြီးကို မြရိပ်ညို အပြင်းအထန် ဆန့်ကျင် ပြောဆိုပစ်ချင်သည်။

မြရိပ်ညိုအပေါ် မတရားလုပ်လွန်းလို့ပါ ရက်စက်လွန်း၏ မဟုတ်တာတွေကို လုပ်ဇာတ်ခင်းပြီး ပြောနေသည်။

"ညီမလေးရယ် ... မမကြီးက ညီမလေးကောင်းစားရေးအတွက် လုပ်တာပါ ... ရက်စက်တယ်လို့ မထင်ထားပါနဲ့အေ၊ ညည်းချစ်တဲ့ကောင်လေးက စည်းစိမ်ဥစ္စာတွေကြောင့်လို့ မမပြောခဲ့တယ်"

တော်ပါတော့ ...

ဆက်မပြောပါနဲ့တော့ မမကြီးရယ်ဟု အော်ဟစ်ပြောချင်သည်။

မပြောရဲတော့ ...





ဒေါက်တာ့ရှေ့မှာ မျက်နှာကို ဘယ်လိုထားရမှန်း မသိအောင်ပင် ရှက်မိသည်။

"တော်ပါတော့ အလက်ာ ... မင်းကိုလည်း ကိုယ်နားလည်ပါတယ် ... မြရိပ်ညိုဒေါသတွေကို မနိုးဆွပါနဲ့တော့"

မြရိပ်ညိုလေးကို သူသနားလာ၍ တားဆီးမိသည်။

မြရိပ်ညိုလေး ဘယ်လိုဘဝမျိုးပဲရောက်ရောက် သူကတော့ ခွင့်လွှတ်ခြင်း အပြည့်နဲ့ ချစ်နေမိ၏။

မြရိပ်ညို ကောင်ဆိုးမလေးကိုမှ သူကချစ်သည်။

"ညည်းလေး စိတ်တွေကို ပြင်လိုက်ပါတော့အေ ... မမကြီး မခံစားနိုင်တော့ဘူး၊ ညည်း ... ဒီကိစ္စကို မမေ့ပစ်တော့ဘူးလား ညီမလေးရယ် ..."

"အဟင့် ... ဟင့် ... အဟင့် ..."

"မငိုပါနဲ့အလက်ာ ... ဒါမျိုးက မေ့ပျောက်ဖို့လွယ်တဲ့ကိစ္စ မဟုတ်ဘူးလေ ... မြရိပ်လေးကို အချိန်ပေးပါ"

ဘာမှမလုပ်ခဲ့တဲ့မြရိပ်ညိုက ဘာကိုမေ့ပစ်လိုက်ရမှာလဲ။ မမကြီး အရမ်းကို ဟန်ဆောင်လိမ်ညာ မာယာများပြနေခဲ့တာပဲ။

ဒေါက်တာကတော့ မမကြီးအားချော့မော့၍ အပြင်ကို တွဲခေါ်သွားသည်။

မမကြီး ဖြစ်ချင်နေတာက ဒေါက်တာရဲ့ဖေးမကူညီမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



လေ။

ကိုသိဂ်ီကရော ...

မမကြီးကို စွန့်ပစ်သွားပြီလားပဲ။

ဒေါက်တာနှင့်ဆို မြရိပ်ညို မလွယ်ပါဘူး။

သူမ ချစ်မြတ်နိုးရတဲ့ ယောကျ်ားတစ်ယောက်ကိုတောင် ချစ်ခွင့်မရှိတော့ဘူးလား။

သူမ ကံကြမ္မာကို သူမ ဒေါသဖြစ်မိသည်။

+++

အခန်း ( ၁၅ )

"မြရိပ်ညို"

"ရှင် ... မမကြီး"

"ညည်းကို ကျုပ်ပြောထားပြီးပြီနော် ... ဒုက္ခိတမ၊ အိမ်စေမ သမီးက ဆရာဝန်ကိုများ မှန်းနေတယ်"

"ကျွန်မ သိပါတယ် မမကြီးရယ် ... ဒေါက်တာ့ကိုလည်း မမှန်းပါဘူး ... မမကြီးပဲ လက်ထပ်ပါ"

မြရိပ်ညိုကတော့ မမကြီးဆီကနေ ထွက်ခွာခွင့်ပြုဖို့ တောင်းဆိုချင်သည်။

မြရိပ်ညို ဘယ်လိုစည်းစိမ်ဥစ္စာ အခွင့်အရေးမျိုးကိုမှ မလိုချင်ပါဘူး။

"မြရိပ်ညိုကို တစ်နေရာရာမှာ သွားနေခွင့်ပြုပါနော် ... ဒက်ဒီဆီက အမွေတွေရပြီးရင်လည်း မမကြီးလက်ထဲကိုပဲ အားလုံးအပ်ပါ

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မယ်"

"မအပ်လို့လည်း မရဘူး ... နင်နဲ့ဘာဆိုင်လို့လဲ၊ ငါ့အဖေ ရှာဖွေထားတာတွေလေ ..."

"ဟုတ်ကဲ့ပါ ... မြရိပ်ညို သိပါတယ်"

မြရိပ်ညို နှလုံးသားတွေက မမကြီးနှင့်ပတ်သက်ပြီး အစ်မ အရင်းတစ်ယောက်ကဲ့သို့ပဲ ချစ်ခင်သံယောဇဉ်တွယ်နေမိသည်။

မမကြီး စိတ်တိုင်းကျဖြစ်စေခဲ့၏။

ဒါကြောင့်ပင် ...

မမကြီးနှိပ်စက်သမျှ မြရိပ်ညို ခံနေခြင်းဖြစ်သည်။

"ကောင်းပြီလေ ... နင် ဒက်ဒီအမွေတွေအားလုံး အပ်ခဲ့ပြီး ရင် နင်နေချင်တဲ့နေရာမှာသွားနေတော့ ... တစ်ခုတော့ ရှိတယ် နော် ... မောင်နဲ့ငါ လက်ထပ်ပြီးတဲ့အထိတော့ စောင့်ရမယ်"

"ဒေါက်တာ့ကိုလည်း မြရိပ်ညို လက်မထပ်ပါဘူး၊ ဒေါ်ကြွေ့ နဲ့အတူတူ တောကိုပဲ လိုက်နေမလို့ပါ"

"ကောင်းပြီ ... ငါစောင့်ကြည့်နေမယ်"

အလကား စဉ်းစားနေမိတာက သူမ အပြုအမူတွေအားလုံး ကို မြရိပ်ညိုက သိထားသည်။

ဒီကောင်မလေးကို ဘယ်နည်းနဲ့မှ လွတ်လပ်ခွင့်မပြုနိုင်ဘူး။ အမွေတွေ ငါ့လက်ထဲရောက်ပြီးတာနဲ့ သေရမယ့်သူက နင်ပဲ





မြရိပ်ညို။

"မြရိပ်ညို"

"ရှင်"

"ငါသွားတော့မယ် ... နင် ခြံထဲမဆင်းနဲ့ ကြားလား"

"ဟုတ်ကဲ့"

"နင် ဒုက္ခိတမဘဝနဲ့နေတာကိုပဲ ငါသဘောကျတယ်"

"ဟုတ်ကဲ့ပါ မမကြီး"

မမကြီး ကြိမ်းမောင်းဟိန်းဟောက်ပြီး ထွက်သွားသည်။

သူမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ ပြည့်လျှံကျလာ၏။

ဒေါက်တာကို မြရိပ်ညို ချစ်မိနေလို့ပါ။

မစွန့်လွှတ်နိုင် ...

ရင်ထဲမှာ နာကျင်ကြေကွဲရသည်။

"ဒေါက်တာရယ် ... မြရိပ်ညို ဘယ်လိုလုပ်ရမလဲဟင်၊ ညီမလေ ဒေါက်တာ့ကို မစွန့်လွှတ်နိုင်ဘူး"

မျက်ရည်တွေက သူမမျက်ဝန်းတွေမှ တသိမ့်သိမ့်စီးဆင်း ကျလာသည်။

ဝမ်းနည်းကြေကွဲရလွန်း၏။

သူမ အကောင်းပါ။

မမကြီးက ဒုက္ခိတဘဝနှင့်ပဲ နေရမည်တဲ့ ရက်စက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်ညို"

"ဟင် ... ဒေါက်တာ ... "

"မင်း ... မင်းငိုနေတာလား"

"ဟင်"

ဒေါက်တာ ဘာဖြစ်လို့ဝင်လာရတာလဲ။

ဆေးကုသချိန်လည်း မဟုတ်။

ဒေါက်တာ စိုးရိမ်တကြီးဖြစ်နေတာကိုက သူမအတွက် မမကြီးရဲ့ အမျက်ထားစရာ ဖြစ်နေရသည်။

"မြရိပ်လေး ... မင်းအားငယ်နေတာလားကွာ၊ ဒါမှမဟုတ် မင်းခင်ပွန်းကို သတိရနေသေးတာလား"

"ရှင်"

"ကိုယ့်အချစ်တွေကို မင်းလက်မခံနိုင်ဘူးဆိုတာ ကိုယ် နားလည်ပါတယ် ... မင်းက အိမ်ထောင်ကျပြီးသား မိန်းကလေးမှန်း ကိုယ်မသိလို့ပါ၊ မင်းချစ်သူကို လွတ်လပ်စွာ တမ်းတနိုင်ပါတယ်"

မမကြီးရယ် ပြောရက်လိုက်တာ။

မြရိပ်ညို အပျိုစင်လေးပါ ...

ယောကျ်ားလေးအပေါင်းအသင်းတောင် ရှိတာမှ မဟုတ် တာ။

ချစ်သူလည်း မထားခဲ့ဖူးပါဘူး။





ဒေါက်တာ အထင်သေးစေရန် ပြောနေခြင်းဖြစ်သည်။

"မြရိပ်ညို"

"ရှင်"

"မင်းချစ်သူက ဘယ်မှာနေလဲ"

"ကျွန်မ အေးအေးဆေးဆေးပဲ နားနေချင်ပါတယ်ဒေါက်တာ တခြားကိုယ်ရေးကိုယ်တာတွေ မမေးပါနဲ့တော့"

"ကိုယ်က မင်းစိတ်ချမ်းသာဖို့ အကူအညီပေးချင်တာပါ"

"မလိုပါဘူး ဒေါက်တာ"

"ကိုယ်လေ ... မင်းကို အိမ်ထောင်ရှိတဲ့သတင်းကြားလိုက်ရတော့ မယုံနိုင်အောင် ဖြစ်ရတယ် မြရိပ်ညို ... ကိုယ်အရမ်းခံစားရတယ်၊ ခုတောင် ကိုယ်လုံးဝ လက်မခံနိုင်ဘူးဖြစ်နေတယ်"

"ဒေါက်တာ"

"ပြောပါ ... "

"ကျွန်မအကြောင်းတွေကို မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ ... ကျွန်မ ကိုယ်တိုင်တောင် တစ်ခဏလေးသာယာသွားမိတယ်၊ အကောင်းဆုံးက ကင်းကင်းရှင်းရှင်းလေး နေကြဖို့ပါပဲ"

"မြရိပ်ညို"

"ရှင်"

"မင်းခြေထောက်တွေ ပြန်ကောင်းနိုင်ပါတယ်ကွာ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူအတွက်ပဲဖြစ်ဖြစ် နေကောင်းအောင် ကြိုးစားပေးပါ"

အရမ်းကို နာကျင်ထိခိုက်ရပါတယ် ဒေါက်တာရယ်။

မြရိပ်ညို နှလုံးသားထဲမှာ ဒေါက်တာကို ချစ်မိနေပါပြီ။

ဒေါက်တာက ကျွန်မရဲ့အချစ်ဦးပါ။

ကျွန်မ ဘယ်လောက်နာကျင်ကြေကွဲနေရလဲဆိုတာ ဖော်ပြလို့တောင် မရနိုင်တော့ဘူးထင်ပါတယ်။

သူမ ငိုပစ်ချင်သည်။

ဒေါက်တာ့ရှေ့မှာတော့ မျက်နှာလေးကို တင်းထားပစ်ရမည်။

မမကြီးကြောင့်ပါ ...

"မင်းလေ့ကျင့်ခန်း လုပ်ရမယ် ... ဒီလိုသာ ခေါင်းမာနေရင် ကိုယ်ရှိနေစရာ မလိုဘူးထင်တယ်"

"ဒေါက်တာ ပြန်ပါ ... မြရိပ်ညိုအတွက်ကတော့ မလိုအပ်ဘူးထင်တာပဲ ... ကျွန်မကတော့ ဒုက္ခိတဘဝမှာပဲ နေထိုင်ချင်ပါတယ်"

"မင်း ... မင်း ... မြရိပ်ညို ... မင်းအပေါ်ကောင်းတဲ့လူတွေကို ဘာဖြစ်လို့ စိတ်ဒုက္ခရောက်အောင် လုပ်နေရတာလဲ"

သူ ဒေါသတွေဖြစ်ရသည်။

မြရိပ်ညို ဘာဖြစ်လို့များ ပေတေနေရတာလဲ။

ဒုက္ခိတဘဝနဲ့ နေချင်တာတဲ့။





မြရိပ်ညိုမျက်နှာလေးအား စေ့စေ့ကြည့်မိသည်။

ကလေးဆန်ပြီး အပြစ်ကင်းတဲ့မျက်ဝန်းလေးတွေကို ပိုင်ဆိုင်ထားသည်ဟု ထင်မှတ်နေသေး၏။

မင်းကိုမှ ကိုယ် ဘာဖြစ်လို့များ ချစ်မိရတာလဲ။

မိန်းကလေးတွေနှင့် ဘယ်လိုမှ ပတ်သက်ဆက်ဆံဖို့ မစဉ်းစားခဲ့။ မိဘမဲ့ဘဝမှာ ပညာရေးကိုပဲ အာရုံစိုက်၍ ကြိုးစားခဲ့သည်။

"မြရိပ်ညို ... ကိုယ်လေ ဘယ်လိုမိန်းကလေးမျိုးကိုမှ မချစ်ခဲ့ဘူး၊ သူငယ်ချင်းအပေါင်းတောင် မရှိခဲ့ဘူး ... ကိုယ်ကံဆိုးပြီထင် မင်းကိုမှ အရမ်းချစ်မြတ်နိုးမိနေတယ် ... အိမ်ထောင်ရှိတဲ့ မိန်းကလေးကိုမှကွာ ..."

"ကျွန်မကို စွန့်လွှတ်ပေးပါ ... ဘယ်လိုမှမဖြစ်နိုင်ဘူးလေ၊ ဒေါက်တာကိုလည်း ကျွန်မ လုံးဝမချစ်နိုင်ပါဘူး ... ကျွန်မမှာ ယောကျ်ားရှိပါတယ်"

"မြရိပ်ညို"

သူ အော်ပစ်သည်။

ဆက်မပြောနှင့်တော့ဟုလည်း ပြောနေသည်။

မြရိပ်ညိုလည်း အသံတွေတုန်ယင်မနေစေရန် သတိထား ထိန်းချုပ်ရင်း ပြောနေ၏။

ကျွန်မလည်း ဒေါက်တာ့လိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့ကိုမှ ချစ်မိသွားတာပါ အချစ်ဦးရယ်။

"ကျွန်မ အကောင်းပကတိ ပြန်မဖြစ်နိုင်တော့ပါဘူး၊ ကျွန်မချစ်သူကိုလည်း မတွေ့ချင်တော့ပါဘူး၊ သူ့ကိုချစ်တဲ့အချစ်တွေကို ကျွန်မရင်ထဲမှာပဲ သိမ်းဆည်းထားလိုက်ပါတော့မယ်"

သူမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေက တားမရ ဆီးမရ လိမ့်ဆင်းကျလာသည်။

ဒေါက်တာ ထွက်သွားပါတော့ မြရိပ်ညိုစိတ်တွေ ထိန်းချုပ်လို့ မရတော့လို့ပါ။

မောင့်ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်မိတော့မလို သူမ ထိန်းချုပ်ထားရသည်။

"ကောင်းပြီလေ ... ကိုယ်လည်း မင်းအနားမှာဆက်နေလို့ မဖြစ်တော့ဘူးထင်တယ်၊ မင်းက ကိုယ့်ဆေးကုသမှုကိုမှ မခံယူချင်တာပဲ ... ကိုယ်ဆက်နေဖို့ မလိုအပ်ဘူး၊ အလက်ာ့ကိုပြောပြီးပြန်မယ်"

သူလည်း မြရိပ်ညိုကို မချစ်ဖို့ ဘယ်လိုမှထိန်းချုပ်နိုင်စွမ်း မရှိတော့ဘူးဆိုတာ သိလာရသည်။

လင်ယောက်ျားရှိနေတာကိုပင် လက်မခံနိုင်ဘူး။

သူ့နှလုံးသားတွေက မယုံကြည်ဘဲဖြစ်နေသေး၏။





မဖြစ်သင့်ဘူးဟုပဲ ထင်မိနေသည်။

"မြရိပ်ညို"

"ဟင်"

"မင်း ပြောစမ်းပါ ... ကိုယ် ရိုးရိုးသားသားပဲ မင်းကိုဆေးကုသပေးချင်တာပါကွာ၊ မင်းလက်ခံပါ ... နောက်ဆုံးအကြိမ်တောင်းဆိုတာ ကိုယ့်ရဲ့ဆေးပညာအတွေ့အကြုံအရ မင်းအကောင်း ပကတိပြန်ဖြစ်နိုင်လို့ပါ မြရိပ်ညို ... "

"ကျွန်မ လက်မခံချင်တာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ... ဒေါက်တာပဲ အကျိုးမရှိဖြစ်မှာမို့ပါ ... ကျွန်မ ဆက်ပြီး ဆေးမကုချင်တော့ဘူး"

"မြရိပ်ညို ... မင်း ... မင်း ... "

ဒေါက်တာရယ် ...

ထွက်သွားပါတော့။

ကျွန်မ အရမ်းငိုချင်နေပါတယ်။

ကျွန်မရှေ့ကနေ ဒေါက်တာထွက်သွားမယ်ဆိုရင်တောင် ဒေါက်တာပျောက်သွားမှာကိုတော့ ထိတ်လန့်တုန်လှုပ်နေတာပါ။

"မင်းက အရမ်းခေါင်းမာတာပဲ ... အလက်ာ့ကို ပြောပြရမယ်၊ ကိုယ်ကလဲ ထွက်သွားချင်ပေမယ့် မင်းကို ဒီလိုကြီးပြစ်မသွားရက်ဘူး ... အင်းလေ ... မင်းပြောသလိုပဲ ကိုယ့်အတွက်အကျိုးမရှိ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ ကိုယ်ထွက်သွားတာ အကောင်းဆုံးပဲ ... ”

ဒေါက်တာ ပြန်ထွက်သွားသည်။

မြရိပ်ညို ...

ငိုပစ်လိုက်၏။

ချစ်သူကို မစွန့်လွှတ်နိုင်ဘူး ...

ဒေါက်တာ့နောက်သို့ သူမ ပြေးလိုက်သွားချင်သည်။

“မြရိပ်လေး”

“ဟင် ... ဒေါ်ကြွေစေ့”

“ဒေါက်တာ့ကို ညည်းလေးလက်မခံတာ၊ အလင်္ကာကြောင့် မဟုတ်လား”

“တော်ပါတော့ ဒေါ်ကြွေစေ့ရယ် ... မြရိပ်ညို မကြားချင်ဘူး ... အမွေတွေ မြန်မြန်ရမှ မကြီးကျေနပ်အောင် ပေးပစ်မယ်၊ ဒေါ်ကြွေစေ့နဲ့အတူတူ ရွာကိုလိုက်နေမယ်နော်”

“အေးပါအေ ... ညည်းလေးကို ကျုပ်ပြုစုပါ့မယ်၊ စိတ်ချ ညည်းလေးကိုခေါ်ပြီး တောပြန်ကြမယ် ... ”

မြရိပ်ညိုလေးရယ် ... ညည်းလေးက သူဌေးကြီးရဲ့သွေးပါ အေ။

အလင်္ကာနဲ့ မအေတူညီအစ်မအရင်းပါ။

ညည်းလေးကို ဒေါ်ကြွေစေ့ အရမ်းသနားတယ်။





မြရိပ်လေးက ဒေါ်ကြွေစေ့လက်ပေါ် ကြီးလာခဲ့တာပဲ။

နူးညံ့သိမ်မွေ့ပြီး ချစ်စရာကောင်းသည်။

“ဒေါ်ကြွေစေ့ကတော့လေ ဆရာဝန်ချစ်သောမောင်နဲ့ ညည်းလေးကို နီးစပ်စေချင်ပါတယ် ... ဒါပေမဲ့ တေးအလင်္ကာက ညည်းလေးကို စုတ်ပြတ်သတ်အောင် ပြောဆိုနေတယ်လေ”

မြရိပ်ညိုလေးအား လင်နောက်လိုက်ပြေးသည်ဟုပြောနေတာ ဒေါ်ကြွေစေ့ သိနေသည်။

စိတ်မကောင်းဖြစ်ရ၏။ ဘယ်လို တားဆီးရမလဲ ...

အလင်္ကာ့ကိုလည်း ကြောက်ရသေးသည်။

“တေးအလင်္ကာကို တုဖက်လို့ မဖြစ်ဘူးလေ ... လူတွေကို နည်းမျိုးစုံသုံးပြီး အနိုင်ယူချင်နေတာပဲ ... လူဆိုးလူမိုက်တွေလည်း မွေးထားတယ် ... ဒေါ်ကြွေစေ့လည်း တေးအလင်္ကာအတွက် ရင်လေးမိတာပါပဲ”

တစ်နေ့နေ့တော့ တေးအလင်္ကာ ဒုက္ခရောက်တော့မှာ သေချာသည်။ ရက်စက်တဲ့နေရာမှာ ကမ်းကုန်အောင် ရက်စက်တတ်၏။

မြရိပ်ညိုလေးကိုလည်း ပတ်ဝန်းကျင်အမြင်မှာသာ လိမ်ညာ ဟန်ဆောင်ပြီး ကွယ်ရာမှာတော့ ရက်စက်ချင်တိုင်း ရက်စက်နေသည်။

“မငိုပါနဲ့တော့ ကလေးရယ် ... ညည်းဘဝကလဲ တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲကြမ်းတမ်းပါတယ် ... သနားစရာလေးပါ။ ဘယ်ဘဝက ဝဋ်ကြွေးတွေလဲကွယ်”

ဒေါ်ကြွေစေ့က မြရိပ်ညိုလေးအား ပွေ့ဖက်၍ ဖျောင်းဖျ နှစ်သိမ့်ပေးမိသည်။

“အလင်္ကာကတော့ ဒေါက်တာကိုလည်း အရယူတော့မယ်ဆိုတာ ဒေါ်ကြွေစေ့သိတယ် ... မတတ်နိုင်ဘူးလေ၊ မြရိပ်ညိုလေးဘဝပဲ ...”

မြရိပ်ညိုက မမကြီးတေးအလင်္ကာ အရိပ်ကနေ ထွက်ပြေးလွတ်မြောက်ချင်သည်။ အမွေတွေလည်း မလိုချင်တော့ပါဘူး။

“မြရိပ်လေး ... ထမင်းစားရအောင်၊ တေးအလင်္ကာက ခေါ်ခိုင်းတယ်”

“မမကြီးနဲ့အတူတူ စားရမှာလားဟင်”

“တေးအလင်္ကာကတော့ ဒေါက်တာ့ရှေ့မှာ ပနာလုပ်နေတော့မယ်ထင်တယ်”

“ကျွန်မ သေပစ်ချင်တာပဲ ဒေါ်လေးကြွေစေ့ရယ် ...”

မြရိပ်ညို မငြင်းသာဘဲ မမကြီးအမိန့်အတိုင်းသာ လုပ်ဆောင်ရတော့မည်ဖြစ်သည်။

+++

အခန်း ( ၁၆ )

“ညီမလေး ... လာလေ ... မမကြီး ကိုယ်တိုင်လာခေါ်ချင်တာပါ ... ညီမလေးမျက်နှာ ညှိုးနွမ်းနေသလိုပဲ ... နေမကောင်းဘူးလား”

“ကောင်းပါတယ် မမကြီး”

“မျက်နှာလေးညှိုးနေတယ် ... လာ ထပါ ... မမတွဲထူပေးမယ်နော်”

ဒေါက်တာလည်း ဝင်လာသည်။

မမကြီးက သူမကိုတွဲ၍ စားပွဲမှာ ထိုင်စေ၏။

မြရိပ်ညိုကို ဂရုစိုက်ပေးနေလိုက်တာ။

သူမကတော့ မမကြီးဆန္ဒအတိုင်း လုပ်ဆောင်နေရသည်။

“ထိုင်”

“ဟုတ်”



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးတစ်ယောက်ထဲ အထီးကျန်နေတာ မကြည့်ရက်လို့လေ"

ဒေါက်တာကတော့ သူမကို မကြည့်ဘဲ စားသောက်စရာတွေကိုသာ စားသောက်ဖို့ လုပ်နေသည်။

"မောင်"

"ဟင်"

"ညီမလေးကိုကြည့်ရတာ မလန်းဘူး မောင် ... ကြည့်ပေးပါဦး"

"သူ ဘာမှမဖြစ်ပါဘူး အလင်္ကာ ... ဆေးမကုချင်တော့ဘူးတဲ့"

"ဘာဖြစ်လို့ ဒီလိုပြောရတာလဲ မြရိပ်ညိုရယ် ... ညည်း လူတွေကို စိတ်ဒုက္ခရောက်အောင် လုပ်တာပဲ"

"အလင်္ကာ"

"ပြောပါ မောင် ... "

"ကိုယ် ပြန်သင့်ပြီထင်တယ်၊ မြရိပ်ညိုက ဆေးမကုချင်ဘူးလို့ပြောနေတယ်လေ"

"အို ... မဟုတ်တာဘဲ မောင်ရယ်၊ ဒီကောင်မလေးပြောတိုင်း ဆေးကုသမှုကို ရပ်ဆိုင်းလို့ဘယ်ဖြစ်မလဲ၊ မောင် နေပေးပါ၊ အလင်္ကာ စိတ်ပူတယ် ... ဖြည်းဖြည်းချင်း ကြိုးစားကြမယ်လေ၊





ညီမလေးအပေါ် စိတ်ရှည်သည်းခံဖို့ ပြောထားတယ်လေ"

"လေ့ကျင့်ခန်းတွေ လုပ်ရမယ် ... မင်းညီမက အရမ်းခေါင်းမာနေတယ်လေ"

"ညည်းလေးကလဲလေ ... ပျင်းမလေး၊ ညီမလေးစိတ်ဓာတ်တွေပြန်ပြီး တက်ကြွလာအောင် မမကြီးစီစဉ်မှဖြစ်မယ်ထင်တယ် ... ညီမလေးခင်ပွန်းကို အနားခေါ်ထားမယ် ဘယ်လိုလဲ ဒေါက်တာ ... "

"ရှင်"

မမကြီး ဘာတွေများအကောက်ကြံဦးမလဲ မသိဘူး။

မြရိပ်ညိုအထိတ်တလန့်နှင့် ကြည့်မိသည်။

ဒေါက်တာလည်း မျက်ဝန်းတွေပြူးကာ တုန်လှုပ်ချောက်ချားနေ၏။

မြရိပ်ညိုမှာ ခင်ပွန်းမှမရှိတာဘဲ။

ဘာတွေ ထပ်လုပ်ဦးမလို့လဲဟင် ...

"မြဒင်ကို ညီမလေးအနားခေါ်ထားမှဖြစ်မယ် ... ဒါမှ ညီမလေး အားတက်မှာလေ"

မြဒင်တဲ့။

ဘယ်ကမြဒင်လဲ ...

မမကြီးက လူဆိုးလူမိုက်တွေကိုလည်း လက်သပ်မွေးထား



www.burmeseclassic.com

www.burmeseclassic.com



တာ မြရိပ်ညို သတင်းကြားထားသည်။

– ဘုရားသခင် ...

မြရိပ်ညိုကို ကယ်ပါဦး ...

မမကြီးရဲ့ယုတ်မာရက်စက်မှုတွေက ကြောက်စရာ ကောင်းလွန်းသည်။

"မြဒင်ကို မမကြီး လူဆိုးလူမိုက်တစ်ယောက်ဆိုပြီး ခွဲထားတာပါ ... ညီမလေး အရမ်းခံစားနေရရင်လည်း မမကြီးသဘောတူလက်ခံပေးပါတော့မယ်ကွယ်"

"မမကြီး ... ဟို ... ဟို ... "

"မြဒင်ရဲ့အခြေအနေကို မမကြီးစောင့်ကြည့်မယ်၊ မမကြီးမြေတောင်မြှောက်ပေးသင့်ရင်လည်း မြှောက်ပေးရမယ်"

မမကြီးမျက်ဝန်းအကြည့်တွေက မာထန်နေသည်။

အဲဒီမျက်လုံးတွေကိုပဲ မြရိပ်ညို ဖိန့်ဖိန့်တုန်နေအောင်ကြောက်ရတာပါ။

ရက်စက်ဖို့အစ ...

ဒေါက်တာကိုလည်း မြရိပ်ညို မကြည့်ရဲ။

ကံကြမ္မာ စေစားရာပဲဖြစ်၏။

မမကြီး ချိုသာနူးညံ့တဲ့အသံတွေရဲ့နောက်ကွယ်မှာ ယုတ်မာကောက်ကျစ်မှုတွေအသင့် စောင့်ဆိုင်းနေသည်။





"ညီမလေးရယ် ... စိတ်တွေပျော့ညံ့တာ မကောင်းပါဘူးကွယ် ... ညည်းလေးအတွက် မမကြီး ဘယ်လောက်အထိ စိတ်ပူနေရလဲ ... ဒေါက်တာရှိမှဖြစ်မှာပါ။ ကျန်းမာရေး စောင့်ရှောက်လိုအပ်သေးပါတယ်"

ဘယ်ကမြဒင်ကို ခေါ်လာပြီး မြရိပ်ညိုကို နှိပ်စက်ဦးမလို့လဲ။

အသက်မြန်မြန်ပြည့်ပါတော့။

အမွေတွေအပ်ပြီး မမကြီးနှင့်ဝေးရာသို့ ထွက်ပြေးချင်သည်။

"မောင်"

"ဟင်"

"ညီမလေးအနားမှာ နေပေးပါဦးနော်"

မြရိပ်ညိုမှာ ချစ်သူရှိလာပြီဆိုတော့ သူဆက်မနေချင်တော့။

ခင်ပွန်းအပေါ် စွဲလမ်းလွန်းနေတဲ့ မိန်းကလေးအပေါ် သူဘယ်လိုမှ ဖြတ်တောက်၍မရသော သံယောဇဉ်တွေ တွယ်ငြိနေဆဲဖြစ်နေသည်။

သူအဝေးကိုပဲ ထွက်သွားသင့်သည်ထင်၏။

တေးအလင်္ကာကို တောင်းပန်သည်။

"မြရိပ်ညိုမှာ လင်ယောကျ်ားရောက်လာရင်သာ စိတ်အားတွေပြည့်ဝပြီး လမ်းလျှောက်ချင်မှာပါ ... ကိုယ့်ကို ပြန်ခွင့်ပြုပါအလင်္ကာ"



www.burmeseclassic.com

www.burmeseclassic.com



"မပြန်ရပါဘူး ... ညီမလေးအတွက် လိုအပ်တယ်လေ

အလင်္ကာတို့ တစ်နှစ်စာချုပ်ထားတာပဲ"

မောင့်ကိုတော့ ထွက်သွားခွင့် မပြုနိုင်ပါဘူး။

အလင်္ကာနဲ့ လက်ထပ်ရမယ်။

မောင့်ကိုတော့ အလွတ်မပေးနိုင်တော့ဘူး။

မြရိပ်ညိုနဲ့မြဒင်ကို အတင်းပေးစားပစ်ရမယ်။

ဟုတ်တယ် ...

မြဒင်ကို လက်ဆောင်အဖြစ် ပေးရတော့မှာပဲ။

"ညီမလေး အနားမှာ တစ်နှစ်လောက်ပဲနေပေးပါ မောင်

ရယ် ... ညီမလေး ခင်ပွန်းက ဘာလုပ်ပေးတတ်မှာလဲ"

"အလင်္ကာ"

"နေပေးပါမောင် ... ညီမလေးအတွက် ဆေးကုသမှုလိုအပ်

လို့ပါ ... အလင်္ကာ စိတ်ပူတယ်၊ မောင့်အတွက် ခက်ခဲပင်ပန်းမယ်

ဆိုတာ အလင်္ကာ သိပါတယ် ... မြဒင် ရောက်လာရင် ညီမလေး

စိတ်ပြောင်းသွားမှာပါ"

မောင့်ကို တမင်နေခိုင်းလိုက်ခြင်းဖြစ်သည်။

ရှင်က ဘာဖြစ်လို့များ အလင်္ကာကို ချစ်တယ်လို့ မပြောရ

တာလဲ။

မြရိပ်ညိုကြောင့် မဟုတ်လား ...





ရှင်ချစ်နေတာ မြရိပ်ညိုလား။

ယောက်ျားတစ်ယောက်က သူမကို ချန်လှပ်၍ မြရိပ်ညိုကိုပဲ

ချစ်ခင်နှစ်သက်နေတာ အလင်္ကာ အမုန်းဆုံးပင်။

ကိုသိင်္ဂါကို မိမိနာနာကြည်းကြည်း ရှင်းပစ်လိုက်သည်။

လာပြန်ပြီ နောက်ထပ်တစ်ယောက် ...

မောင့်ကိုတော့ ကိုသိင်္ဂါထက်ပင် အလင်္ကာ ချစ်မြတ်နိုးရ၏။

အပိုင်ယူဖို့ပဲ ဆုံးဖြတ်ထားသည်။

"ညီမလေး အခန်းထဲသွားရအောင် အနားယူတော့နော်၊

အစားတွေလည်း သိပ်မစားပါလား ... မမကတော့ ဘယ်လို

အကြောင်းနဲ့ပဲဖြစ်ဖြစ် ညီမလေးကို ပျော်ရွှင်အောင်ထားပေးမှာပါ"

မမကြီးက သူမအား ထူမ၍ ဝှီးချဲလ်ပေါ်တင်သည်။

မြရိပ်ညို ခန္ဓာကိုယ်လေး တဆတ်ဆတ်ပင် တုန်ယင်ချင်

နေ၏။

ကြောက်လိုက်တာ ...

မြရိပ်ညို ထွက်ပြေးသွားလျှင် ကောင်းမလားပဲ။

ဒီတစ်ခါတော့ တကယ့်ကို ငရဲခန်းထင်တယ်။

မမကြီး နှုတ်ခမ်းတွေပေါ်က အပြုံးတွေ မြရိပ်ညို အခန်းထဲ

ရောက်သည်နှင့် ပျောက်ကွယ်သွားသည်။

"မြရိပ်ညို"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... မမကြီး"

"ညည်း ကျုပ်ပေးစားတဲ့ ယောကျ်ားကို လက်ထပ်ရမယ်"

"မမကြီးရယ် ... မြဒင်ဆိုတဲ့လူကိုတော့ မြရိပ်လက်မထပ်ပါရစေနဲ့ ... မမကြီး အမွေတွေယူပါ။ မကြာခင် မြရိပ်အသက်ပြည့်တော့မယ်လေ"

"မရဘူး ... နင် မြဒင်နဲ့လက်ထပ်ရမယ်၊ မြဒင်က လူချောပါ ညည်း ... ငါ့စကားကို နားထောင်ရမယ် မြရိပ်ညို ... ငြင်းဆန်ရင် ညည်း ဘာဖြစ်သွားမယ်ထင်လဲ၊ ငါက ပတ်ဝန်းကျင်အမြင်မှာ ညီမလေးကို အရမ်းချစ်ခင်တွယ်တာတဲ့ အစ်မလေ ..."

"မမကြီးရယ် ... မြရိပ်အပေါ် အညှိုးအတေးတွေ မထားပါနဲ့တော့နော် ... မြရိပ် လက်မထပ်ပါရစေနဲ့ ... ဒေါက်တာ့ကိုလည်း မြရိပ် ငြင်းပယ်ထားပါတယ်"

"တိတ်စမ်း ..."

အလက်ာကတော့ မောင့်ကိုဘယ်လိုအကြောင်းနဲ့မှ လက်လွှတ်အဆုံးရှုံးမခံနိုင်တော့ဘူး။

အရယူရမယ် ...

မြရိပ်ညိုမှာ ယောကျ်ားရှိသွားရင် မောင်က အလက်ာ အပေါ် တိမ်းညွတ်လာမှာ သေချာသည်။

"မြရိပ်ညို"





"ရှင်"

"နင် မြဒင်နဲ့လက်ထပ်ရမယ် ... ပြီးရင် နင့်ဘဝကို လွတ်မြောက်ခွင့်ပေးမယ် ... ဘယ်လိုလဲ ... မြဒင်ကို လက်ထပ်ရမယ်၊ နောက်မှကွဲလေ ... နင့်မှာလင်ရှိတယ်ဆိုတာ မောင်လက်ခံသွားမှ ဖြစ်မယ်"

"မမကြီးရယ် ..."

"ဘာမမကြီးလဲ"

"ကျွန်မ တောင်းပန်ပါတယ်နော် ... ကျွန်မ အမွေတွေ အားလုံးလွှဲအပ်ပြီးရင် ဒီကနေထွက်သွားမှာပါ ... မမကြီးကိုလည်း စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ပါဘူး"

"မရဘူး မြရိပ်ညို ... ညည်းနဲ့မြဒင် လက်ထပ်ရမယ်၊ ငါ့စကားကို နားထောင်စမ်းပါအေ"

"ကျွန်မ ... ကျွန်မ"

"နင် သေချင်နေပြီလား မြရိပ်ညို ... ငါ့အကြောင်း နင်သိတယ်နော်"

သူမ ဘာစကားမှပြန်ပြောစရာ အကြောင်းမရှိတော့ပေ။ မမကြီး အတင်းအကြပ် စီစဉ်တော့မည်ဆိုတာ သိနေသည်။

"မနက်ဖြန် မြဒင်ရောက်လာလိမ့်မယ်၊ ကျုပ်အစောကြီးထဲက ခေါ်ထားတာပါ ... ညည်း ဘာဖြစ်နေတာလဲ မြရိပ်ညို ..."



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ဆရာဝန်ကို မှန်းနေတာလား"

"မဟုတ်ပါဘူး မမကြီးရယ် ... လုံးဝ မဟုတ်ပါဘူး ... ဒေါက်တာနဲ့ မြရိပ်ညိုတို့က လုံးဝမတန်ပါဘူး"

"နင် မြဒင်နဲ့လက်ထပ်ရမယ် ... ဒါပဲ ... "

တေးအလင်္ကာ ထွက်လာခဲ့သည်။

ကောင်းလိုက်တဲ့အကြံပါ။

မြရိပ်ညိုမှာ လင်တစ်ယောက်ရှိကိုရှိရမယ်။

သူမ အိပ်ခန်းထဲ ပြန်ရောက်လာပြီး မြဒင်ဆီ ဖုန်းဆက်လိုက်သည်။

"မြဒင် ... "

"ဗျာ ... မမကြီး"

"မနက်ဖြန် နင် ငါ့ဆီလာခဲ့"

"ဗျာ ... ကိစ္စအထွေအထူး ရှိလို့လား"

"ရှိတယ် ... နင့်ကို ငါ့ညီမ မြရိပ်ညိုနဲ့ လက်ထပ်ပေးမလို့"

"ဗျာ"

"လက်ဆောင်ပေးတာလေ မြဒင် ... နင်က ငါ့အတွက် စွမ်းဆောင်ပေးထားတာတွေ အများကြီးလေ"

"အား ... ကြားရတာ နားဝမှာ ချိမ်းသာလိုက်တာ မမကြီးရာ ... တကယ်ပြောတာလားဟင်"

"တကယ်ပါ ... နင်က မြရိပ်ညိုနဲ့ လက်ထပ်ထားတဲ့





သောက်ျားတစ်ယောက်အဖြစ် ဟန်ဆောင်ဝင်လာရမှာနော်"

အစီအစဉ်တွေအားလုံးကို မြဒင်အား အသေးစိတ်ရှင်းလင်းပြောပြလိုက်သည်။

မြဒင်က တဟားဟားနှင့် သဘောတွေအရမ်းကျနေသည်။

"မြရိပ်ညိုကို မမှန်းရဲလို့ပါ မမကြီးရယ် ... မြဒင် အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်"

"မင်းအတွက်ပဲ မြဒင် ... မင်းကို ချီးမြှင့်တာပါ၊ မြရိပ်ညိုက ငါ့ညီမအရင်း မဟုတ်ဘူး ... ဘယ်သူမှမသိစေနဲ့၊ ငါအမုန်းဆုံးမိန်းမ"

"ဗျာ"

"ဗျာမနေနဲ့ နင်ဘာမှ အားနာစရာမလိုဘူး ... အကြမ်းဖက်သင့်ရင် ဖက်လိုက်"

"ဟာဗျာ"

"မြဒင်"

"အမိန့်ရှိပါ မမကြီး"

"အရာရာ ပိပိရိရိရှိပါစေ ... ကြားလား ... "

"ဟုတ်ကဲ့ စိတ်ချပါ ... မြဒင်ပဲဟာ၊ မမကြီးအတွက်ဆို အသက်စွန့်ပြီးသားပါ"

"အိုကေ ... မြရိပ်ညိုကို နင့်လက်ထဲအပ်လိုက်ပြီ"

"အဟဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မကို ဘာမှညှာတာထောက်ထားနေစရာ မေ

ဘူးနော်"

"ဟုတ် ... အဟဲ ဟဲ ..."

မြဒင် အရမ်းကြီးကို ပျော်ရွှင်နေသည်။

မြရိပ်ညို ...

နင့်ကိုတော့ ငါ မညှာတာနိုင်ဘူး။

အိမ်စေမရဲ့သွေးကို ငါ ညီမတော်နေရတာ ငါ့နှလုံးသားဒေ ဘယ်လောက်အထိ နာကျင်ကြေကွဲနေရလဲ နင်သိလား။

နင့်ကို ငါမုန်းတယ်။

သူမ နှစ်သက်ရတဲ့ယောက်ျားတွေအားလုံးက မြရိပ်ညိုကို စွဲလမ်းနှစ်သက်နေသည်။

"မြဒင် ... နင်နှိပ်စက်စမ်း ... မြရိပ်ညိုရဲ့ယောက်ျားအဖြ ပိပိရိရိ သရုပ်ဆောင်ပြလိုက်စမ်း ... နင့်အတွက် လက်ဆောင်ပဲ"

"ဟား ... ဟား ... ဟား ..."

ဟေးအလက်ာ အော်ဟစ်ရယ်မောပစ်မိသည်။

ဒီတစ်ခါတော့ နင့်ဘဝ အဆုံးသတ်ပဲ။ မြရိပ်ညိုဘဝ စုတ်ပြတ် သွားစေရမယ်။ အံသွားလေးကို တင်းကြပ်စွာ ဖိကြိတ်ထားမိသည်

+++

အခန်း ( ၁၇ )

"မြရိပ်ညို"

"ဟင်"

"မင်း ဘာဖြစ်နေတာလဲ ... မင်းဖြစ်ချင်တာတွေက ဘာတွေလဲ ... ကိုယ့်ကို မိတ်ဆွေရင်းတစ်ယောက်အနေနဲ့ ပြောပြစမ်းပါ၊ ကိုယ်က မင်းရဲ့ဆရာဝန်လေ ... ကိုယ် မင်းကို ချစ်တယ်လို့ ပြောမိတာ ပြန်ရုပ်သိမ်းပါတယ် ... ကိုယ် မှားသွားတာပါ"

မြရိပ်ညို မျက်နှာလေးက ညှိုးနွမ်းဖတ်နေသည်။

ချစ်သောမောင် စိတ်မကောင်းဖြစ်ရ၏။

တကယ်တမ်းလည်း မြရိပ်ညိုအား ထားခဲ့ပြီး ထွက်မသွားနိုင်ပေ။

ကြီးမားတဲ့ သံယောဇဉ်တွေ တွယ်မိနေသည်။

"မင်း ခင်ပွန်းရောက်လာမယ်တဲ့ ... မင်းပျော်စမ်းပါ၊ ခုတ္တိတ



www.burmeseclassic.com

www.burmeseclassic.com



ဘဝကနေ လွတ်မြောက်အောင် ကြိုးစားပါ … ကိုယ် မင်းကို မထားခဲ့ရက်ဘူးဖြစ်နေတယ် … မင်းဘာတွေ လိုအပ်နေလဲ မြရိပ်ညို"

"ဒေါက်တာ"

"ပြောလေ မြရိပ်ညို"

"ဒေါက်တာအနေနဲ့ ကျွန်မကို သံယောဇဉ်တွယ်မနေပါနဲ့တော့နော် … ထွက်သွားပေးပါ"

"ကိုယ်က စာချုပ်ရှိနေတယ်၊ တေးအလင်္ကာကိုယ်တိုင် မင်းအနားမှာရှိနေပေးပါလို့ တောင်းဆိုထားတာလေ … မင်းအပေါ် ကောင်းတဲ့လူတွေကို မင်းဘာဖြစ်လို့ ဆန့်ကျင်နေရတာလဲမြရိပ်ညို၊ ကိုယ်ရော တေးအလင်္ကာရောက မင်းအတွက် စိတ်ပူပင်နေကြရတယ် … မင်းအစ်မဆိုရင် သူလုံးဝ သဘောမကျတဲ့ မင်းယောကျ်ားကို လက်ခံပေးတယ်"

တော်ပါတော့ ဒေါက်တာဟု ရှုံးသွပ်စွာ အော်ဟစ်တားဆီးပစ်ချင်သည်။

မမကြီးက မြရိပ်ညိုအပေါ် အဆုံးသတ်ရက်စက်ပြတော့မှာ သေချာနေ၏။

လူဆိုးလူမိုက်တစ်ယောက်ကို ဒေါက်တာရှေ့မှာ မြရိပ်ညိုရဲ့ လင်ယောကျ်ားအဖြစ် ပေါ်ပေါ်တင်တင် ထုတ်ပြတော့မည် ဖြစ်သည်။





"ကျွန်မဘဝတစ်လျှောက်လုံး နှိမ်စက်ခံလာရတာပါ ဒေါက်တာ ရက်စက်နေခဲ့တာပါ"

ဒေါက်တာ့ကို ပြောပြချင်တဲ့ စကားတွေ ရင်ထဲမှာ ပြွတ်သိပ်ကျပ်နေသည်။

ငယ်စဉ်လေးထဲက အစေအပါးတွေရဲ့သွေးကို ညီမတော်နေရတာကို မမကြီး ရှုံ့ရှာစက်ဆုတ်နေလေရာ ပတ်ဝန်းကျင် အမြင်မှာသာ သဘောကောင်းချင်ယောင်ဆောင်ပြပြီး နောက်ကွယ်မှာတော့ ရက်ရက်စက်စက် နှိပ်စက်နေခဲ့သည်။

"မြရိပ်ညိုရယ် … မင်းကျန်းမာရေးအတွက် တစ်ခုထဲပဲ ကိုယ်စောင့်ရှောက်ပါရစေ … မင်းလက်ခံပေးပါ၊ ခေါင်းမမာချင်စမ်းပါနဲ့ ကလေးရယ် … တကယ်တော့ မင်းငယ်ပါသေးတယ် … တေးအလင်္ကာလို အစ်မမျိုးကို ရထားတာ မင်းကံကောင်းတယ်"

မြရိပ်ညိုကို ချစ်သောမောင် တယုတယလေးနှင့် နှစ်သိမ့်ပေးမိသည်။

ငယ်သေးတာပဲ …

ဆိုးဆိုးပေပေ ကောင်မလေးကိုမှ သူကလည်း သံယောဇဉ်တွယ်နေခဲ့သည်။

ချစ်စရာကောင်းတဲ့ မိန်းကလေး။

သူ့ရင်ကို စွဲငြိနေဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာပဲဖြစ်ဖြစ် ကျန်းမာရေး စောင့်ရှောက်မှု ပေးချင်သည်။

"ကိုယ် ဆရာဝန်တစ်ယောက်ပါ မြရိပ်ညို ... မင်းကျန်းမာရေးကို စစ်ဆေးပေးရမယ်၊ မင်းဆီက ဘာအခွင့်အရေးမှ မယူပါဘူး ညီမလေးတစ်ယောက်လို စောင့်ရှောက်ပေးချင်တယ်"

ဒေါက်တာရယ် ... မြရိပ်ညိုမှာ ယောကျ်ားမရှိပါဘူး။

အပျိုစင်ပါ ...

ကျွန်မ ကြောက်တယ်။

မြဒင်ဆိုတဲ့လူကို ဘယ်လိုတိမ်းရှောင်ရမှန်းတောင် မသိတော့ပါဘူး။

ကြောက်နေပါတယ်။

ဒေါက်တာ ကယ်ပါဦး ...

မမကြီးကိုလည်း သူမဆန္ဒတွေအတိုင်း ဖြစ်စေဖို့ မြရိပ်ညို အမှန်တရားတွေကို ထုတ်ဖော်ပြောဆိုဖို့ ဝန်လေးနေမိပါတယ်။

ကျွန်မ အစ်မအရင်းလိုပဲ သံယောဇဉ်တွယ်နေမိတာပါ။

မျက်ရည်တွေက ကျချင်လာသည်။

"သွေးပေါင်ချိန်ရအောင်နော်"

"ဟုတ်ကဲ့"

ဒေါက်တာက လူနာတစ်ယောက်အပေါ် ဆရာဝန်တစ်ယောက်လုပ်ဆောင်ပေးရမယ့် ဝတ္တရားအတိုင်းပဲ လုပ်ဆောင်နေသည်။

တည်ကြည်တဲ့ ဒေါက်တာ။

မျက်ဝန်းတွေထဲမှာ အချစ်အရိပ် အငွေ့အသက်တွေတော့ လွှမ်းနေသေး၏။

မြရိပ်ညို သိပါတယ် ဒေါက်တာရယ် ...

ကျွန်မ အမှန်တရားတွေကို ရှင်းပြရင်လည်း ဒေါက်တာ လက်ခံနိုင်မှာလား။

မမကြီးရဲ့ ကြောက်စရာကောင်းတဲ့ ... တုန့်ပြန်မှုတွေ ဒေါက်တာဆီ ကျရောက်သွားမှာ မြရိပ်ညို မလိုလားနိုင်ဘဲ ဖြစ်ရသည်။

"မင်း ကျန်းမာရေးအခြေအနေက အားလုံးကောင်းတယ်၊ စိတ်ဓာတ်ပဲ အရေးကြီးတယ်နော် ကောင်မလေး ... မင်းခင်ပွန်း မင်းအနားရောက်လာရင် မင်းပျော်မှာပါ"

"ဒေါက်တာ"

"ဟင်"

အမှန်တွေကို ပြောပြမလို့ ပြင်ဆင်ပြီးမှ မပြောဖြစ်တော့။

သူမ ကံကြမ္မာပဲလေ။

မြရိပ်ညို ခံယူရုံကလွဲပြီး တခြားနည်းလမ်း မရှိ။







www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့ကိုလည်း သူမ ဘဝထဲ ဆွဲမသွင်းရက်။

အံသွားလေးတွေကို တင်းကြပ်စွာ ဖိကိုက်ထားမိသည်။

"မင်း ဘာပြောမလို့လဲ မြရိပ်ညို ... မင်းလိုအပ်တာတွေ မင်းဆန္ဒတွေကို ပြောပြပါ ... ကိုယ် အတတ်နိုင်ဆုံးကူညီမယ်"

"ဟင့်အင်း ... ဘာမှမရှိပါဘူး ရပါပြီရှင် ... "

"မြရိပ်ညို ... မင်းဘာတွေဖြစ်နေတာလဲ၊ မင်းမှာ အခက်အခဲတွေ ဘာရှိလဲ ... မင်းအစ်မကိုပဲဖြစ်ဖြစ် ပြောပြလိုက်လေ"

"ဟင့်အင်း ... ဟင့်အင်း ... ဘာမှမဟုတ်တော့ပါဘူး ဒေါက်တာ ... ကျွန်မ အနားယူချင်ပါပြီ"

"မြရိပ်ညိုရယ်"

မြရိပ်ညိုမှာ နာကျင်တဲ့ဝေဒနာ တစ်မျိုးမျိုးခံစားနေရသည်ဟု ချစ်သောမောင် ထင်မိသည်။

ခင်ပွန်းအနားရောက်လာမှာပင် မပျော်မရွှင်ဖြစ်နေ၏။

— ဘာကြောင့်လဲ ...

မြရိပ်ညိုမှာ ခင်ပွန်းရှိနေတယ်ဆိုတာကိုပင် ချစ်သောမောင် စိတ်တွေက လက်မခံနိုင်ဖြစ်နေသည်။

"မြရိပ်ညိုရယ် ... မင်းအတွက် ကိုယ်အရမ်းနာကျင်ခံစားနေရတယ် ... မင်းမှာ ယောကျ်ားရှိနေတယ်ဆိုတာတောင် ကိုယ်လက်မခံနိုင်ဘူး ဖြစ်နေတယ်"





သူ နာကျင်စွာဖြင့် မြရိပ်ညိုရဲ့ ခန္ဓာကိုယ်လေးအား ပွေ့ဖက်ထားမိသည်။

သူမကလည်း မရုန်းတော့။

မျက်ရည်တွေသာ သူ့ရင်ဘတ်ပေါ် စီးကျနေ၏။

ကလေးဆန်လွန်းတဲ့ ကောင်မလေးကို ချစ်သောမောင် ဘယ်လိုဖျောင်းဖျနှစ်သိမ့်မှုတွေ ပေးရမှန်းပင် မသိတော့။

သံယောဇဉ်တွေ တွယ်ငြိနေတာကို သူ ဖြတ်တောက်နိုင်စွမ်း မရှိတော့အောင် ခံစားရသည်။

"မောင်"

"ဟင်"

"ဘာတွေဖြစ်နေကြတာလဲ ... မကြာခင် ... မြရိပ်ညို ယောကျ်ား ရောက်လာတော့မယ် မောင်"

"ဟင် ... မကြီး"

"တေးအလကာ"

မမကြီးက မထင်မှတ်ဘဲ ဝင်ရောက်လာသည်။

မြရိပ်ညိုကို အမြတ်မ်း ချောင်းဖမ်းနေတာပဲဖြစ်၏။

သူမ သတိလက်လွတ်နှင့် ဒေါက်တာ့ရင်ခွင်ထဲဝင်မိသွားသည်။

ရှိုးရှိုးသာ်းသားပါ ...



www.burmeseclassic.com

www.burmeseclassic.com



"တေးအလင်္ကာ … ကိုယ့်ကိုအထင်မလွဲပါနဲ့၊ မြရိပ်ညိုကို ညီမလေးတစ်ယောက်လို သံယောဇဉ်တွယ်မိတယ်၊ ကိုယ်သနားတယ် … နှစ်သိမ့်တာပါ … "

တေးအလင်္ကာကတော့ မြရိပ်ညိုကို သတ်ပစ်ချင်လောက်အောင် မုန်းတီးသွားသည်။

နင့်ကို ဒီလောက်အထိ ပြောပြထားတာတောင် အမှတ်မရှိတဲ့ ဟာမလေး။

သေဖို့သာပြင်တော့ …

မောင် ပြန်ထွက်သွားသည်။

"မြရိပ်ညို … နင် … နင် ဘာလုပ်တာလဲ၊ ငါ့စကားတွေကို ဆန့်ကျင်မလို့လား … ပြောစမ်း"

"မဟုတ်ပါဘူး မမကြီးရယ် … ဒေါက်တာ့ကို အစ်ကိုတစ်ယောက်လို အားကိုးတကြီး ဖက်တွယ်မိသွားတာပါ … မရိုးမသားတဲ့စိတ်တွေ မရှိပါဘူး"

မြရိပ်ညို ကြောက်လန့်တကြားနှင့် တောင်းပန်မိနေသည်။

နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ယင်နေ၏။

မမကြီးရဲ့ မျက်ဝန်းတွေထဲမှာ မီးတောက်တွေ ထတောက်မတတ် ဝင်းတောက်နေလေသည်။

"မြရိပ်ညို"





"ရှင်"

"ကိုသိင်္ဂါကို ငါဘာလုပ်ပစ်လိုက်လဲ နင်သိလား … သတ်ပစ်လိုက်ပြီ"

"ဟင်"

"နင့်ကိုပဲ စွဲလမ်းတမ်းတနေပြီး ငါ့ကိုစွန့်ပစ်ဖို့ ကြိုးစားလို့လေ"

မမကြီးစိတ်ဓာတ် ကြမ်းတမ်းခက်ထန်မှုတွေကို မြရိပ်ညို အသိဆုံးပါပဲ။

ယယ်စဉ်က ဒေါ်ကြွေစေ့ ခန္ဓာကိုယ်ပေါ် ရေနွေးပူတွေနှင့် လောင်းချဖူးသည်။

မြရိပ်ညိုဘက်ကနေ ကာကွယ်ပေးလို့တဲ့။

ဓါးနှင့်လည်း မွှန်းဖူးခဲ့၏။

ဒေါ်ကြွေစေ့ ဘယ်သူ့ကိုမှ အသိမပေးရဲ။

မြရိပ်ညိုကို သတ်ပစ်မည်ဟု ခြိမ်းခြောက်လို့ပါ။

အခုလည်း သူမကြောင့် ကိုသိင်္ဂါ သေရပြီထင်တယ်။

မြရိပ်ညို တုန်လှုပ်ချောက်ချားသွားပါသည်။

ဒေါက်တာ့ကိုတော့ အထိနိုက်မခံနိုင်ဘူး။

သူမဘဝနှင့် သူမပဲ တစ်ယောက်ထဲပဲ ခံယူတော့မည်ဖြစ်၏။

မမကြီးကိုကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“မောင့်ကိုလည်း ကိုသိင်္ဂါ လမ်းစဉ်အတိုင်း ပို့လိုက်ရမလား မြရိပ်ညို ... ငါ့အကြောင်း နင်သိတယ်နော် မြရိပ်ညို ... ”

မမကြီးလက်တွေက မြရိပ်ညိုလည်ပင်းဆီသို့ ရောက်လာပြီး တင်းတင်းညှစ်သည်။

သူမ အသက်ရှူပြင် ကြပ်သွား၏။

ခဏကြာမှ လွှတ်ပေးသည်။

“အဟွတ် ... ဟွတ် ... အဟွတ် ... အဟွတ် ... အား ... အဟွတ်”

“ဒါသဘောလောက်ပဲရှိသေးတယ် မြရိပ်ညို ... သေသွားမယ်မှတ် ... ငါ့ကိုလာပြီး မယှဉ်နဲ့နော်”

“ဟုတ် ... ဟုတ်ကဲ့ပါ ... ကျွန်မ ကြောက်ပါတယ် ... ဒေါက်တာ့ကိုလည်း ဘာမှမလုပ်ပါနဲ့၊ အပြစ်မရှိလို့ပါ ... ‘မမကြီး ဆန္ဒတွေအတိုင်းပဲ မြရိပ်ညို နာခံမှာပါနော်”

“ကောင်းပြီလေ ... မြဒင်နဲ့ပေါင်းရမယ်၊ နင့်လင်က မြဒင်ပဲ မှတ်ထားနော် ကောင်မ ... ”

ဘယ်ဘဝက အကုသိုလ်တွေလဲ မသိတော့ပါဘူး။

မြရိပ်ညို ငယ်စဉ်လေးထဲက မိဘမဲ့ဖြစ်ခဲ့ရပြီး မမကြီးရဲ့ အနှိပ်စက်ကို ခံလာခဲ့ရသည်။

အသက်အရွယ်ရလာလေ မမကြီးရဲ့ ရက်စက်မှုတွေက





ကြောက်စရာကောင်းလာလေပဲ။

နာကျင်ရလွန်း၏ ...

မြရိပ်ညိုအား စူးရှနက်မှောင်တဲ့ မျက်ဝန်းတွေ စားတော့ မလိုးတော့မတတ် ကြည့်သည်။

“ဒီနေ့ပဲ နင့်အခန်းကို ပြင်ဆင်မယ် ... ငါ့အဖွဲ့တွေခေါ်ထား ပြီးပြီ”

“ရှင်”

“နှစ်ယောက်အိပ်ခုတင်တွေ ပြောင်းရမယ် ... မင်္ဂလာအိပ် ခန်းလေ”

“ကျွန်မ တောင်းပန်ပါတယ် မမကြီးရယ် ... အဲဒီလိုတော့ မလုပ်ပါနဲ့နော် ... ကျွန်မကို သတ်ပစ်လိုက်ပါ”

“တိတ်စမ်း ... ငါ သတ်မှာက ဒေါက်တာချစ်သောမောင်ကို ပဲ ... နင့်ကိုလည်း သတ်ပစ်မယ် ... သတိထားနေ”

“မမကြီး”

မြရိပ်ညိုကို ကြိမ်းမောင်းဟိန်းဟောက်ပြီး တေးအလကာ ထွက်လာခဲ့သည်။

မောင့်အမြင်မှာ မြရိပ်ညို အိမ်ထောင်ရှိနေတဲ့ မိန်းမ တစ်ယောက်ဖြစ်နေစေရမယ်။

မောင့်ကို အလကာ ချစ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှုံးသွပ်တော့မယ်မောင်ရယ်။

ကိုသိင်္ဂါထက်တောင် မောင့်ကို တန်ဖိုးထားပြီး မြရိပ်ညို ချစ်မိနေသည်။

"မောင့်ကို အရယူမယ် ... မြဒင် အကူအညီတွေနဲ့ပဲဖြစ်ဖြစ် အရယူပြမယ်၊ မောင့်ကို ငါ ဘယ်လိုနည်းနဲ့မှ လက်သွတ်အဆုံးရှုံး မခံနိုင်တော့ဘူး"

သူမ နှုတ်ခမ်းတွေက တတွတ်တွတ် ရေရွတ်နေမိသည်။

မြရိပ်ညို အခန်းအား နှစ်ယောက်အိပ်အခန်းအဖြစ် ပြင်ဆင်ရန် တေးအလင်္ကာ ကြိုးစည်လုပ်ဆောင်ထား၏။

ခုတင်တွေ မွေ့ယာတွေ ရောက်လာသည်။

"ဒေါ်ကြွေစေ့"

"ရှင် ... မမကြီး"

"ဒီလူတွေနဲ့ မြရိပ်ညို အိပ်ခန်းကို ပြင်ဆင်ပါ"

ကော်တော်လေး အကျင့်ယုတ်တဲ့ တေးအလင်္ကာပဲ။

မြရိပ်ညိုလေးကို ယောကျ်ားတစ်ယောက်နှင့် အတင်းအကြပ် လက်ထပ်ပေးတော့မည် ဖြစ်သည်။

ဒေါ်ကြွေစေ့ ဖြစ်မှန်တွေကို ထုတ်ဖော်ပြောဆိုချင်ပေမယ့် တေးအလင်္ကာကို ယှဉ်ပြိုင်ဖို့က မလွယ်ပေ။

မိမိကိုယ်တိုင်ပင် အသက်အရွယ်ကြီးရင့်ပြီး ခိုကပ်စရာမရှိ





တေးအလင်္ကာ နှာမည်နှင့်မလိုက်။

ပတ်ဝန်းကျင်မှာတော့ တေးအလင်္ကာက ယဉ်ကျေးသိမ်မွေ့လွန်းတဲ့ မိန်းမ။

ညီမလေးအပေါ် ကြင်နာချစ်ခင်သူအဖြစ် သရုပ်ဆောင်ထားပြီး သွေးသားရင်း မြရိပ်ညိုလေးအား နှိပ်စက်ညှင်းပန်းနေသည်။

"ညည်းညီမအရင်းပါ ... ညည်းဒက်ဒီ့သွေးအစစ်လေ၊ ညည်းခါမီလိုပဲ စိတ်ကောင်းတစ်စက်မှ မရှိတဲ့ မိန်းမယုတ်မ"

ဒေါ်ကြွေစေ့ ရင်ထဲမှာ ဒေါသတွေနှင့် ပေါက်ကွဲနေသည်။

တေးအလင်္ကာအား သတ်ပစ်ချင်တဲ့စိတ်တွေပင် ပေါ်နေ၏။

မိမိကို ခက်ထန်စွာဖြင့် ကြည့်နေသည်။

"အဖွားကြီး ... ဘာငိုင်နေတာလဲ၊ တေးအလင်္ကာကို အံတုဆန့်ကျင်ဖို့ ကြံစည်နေတာလားဟင်"

"မဟုတ်ပါဘူး မမကြီးရယ် ... သွားမှာပါ ... "

ဒေါ်ကြွေစေ့ အပေါ်ထပ်သို့ တက်လာခဲ့သည်။

မြရိပ်ညိုလေး ဘယ်လောက်အထိ ခံစားနေရှာမလဲ။

ကြောက်ရွံ့ထိတ်လန့်နေမှာပဲလေ ...

အဖြစ်မှန်တွေကို ဒေါက်တာအား ဖွင့်ပြောပြလိုက်ရင် ကောင်းမလားဘဲ။

ရက်စက်လွန်းပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာချစ်သောမောင်ကိုလည်း တေးအလင်္ကာ အရေး တော့မှာ သေချာနေသည်။

မြရိပ်ညိုလေး ကံဆိုးလိုက်တာ ...

ဒေါ်ကြွေစေ့ကလည်း မြရိပ်ညိုကို ငွေညှာထောက်ထားပြီး အဖြစ်မှန်တွေကို မထုတ်ဖော်ရဲ။

သက်သေအထောက်အထားလည်း မရှိပါဘူး။

တေးအလင်္ကာက ဝိရိယသေသပ်စွာ လုပ်ဆောင်တတ်သူ ဖြစ် နေ၏။

ဒေါ်ကြွေစေ့ ခြေလှမ်းတွေက လေးလံနှေးကွေးလွန်းစွာ မြရိပ်ညိုလေး အိပ်ခန်းထဲ ဝင်လာခဲ့ရသည်။

+++

အခန်း ( ၁၈ )

"ဘာလုပ်ကြမလို့လဲဟင် ... ဒေါ်ကြွေစေ့၊ ဒါ ... ဒါတွေက"

"မမကြီးအမိန့်ပဲလေ မြရိပ်ညိုလေးရယ် ... ဘယ်လိုလုပ် မလဲ ကလေး ... "

"ကျွန်မ ကြောက်တယ် ... အရမ်းကြောက်တာပဲ၊ ဒေါ်ကြွေ စေ့ရယ် ... ကယ်ပါဦး ... "

မြရိပ်ညို ကြောက်လန့်တကြားနှင့် ဒေါ်ကြွေစေ့အား ဖက် တွယ်ထားမိသည်။ မမကြီး စေခိုင်းထားတဲ့လူတွေကတော့ မြရိပ် ညိုရဲ့အခန်းတွင်းမှ ပစ္စည်းတွေကိုထုတ်ပြီး လင်မယားနှစ်ယောက် အိပ်ခန်းအဖြစ် ပြောင်းလဲနေသည်။

"တော်ပါတော့ ... အဲဒီလို မလုပ်ကြပါနဲ့ ရပ်ပစ်ပေးပါ"

မြရိပ်ညို အရူးမီးဝိုင်းနေသလို ကြောက်လန့်တကြား တား ဆီးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြွေစေ့ ကယ်ပါဦးနော် ... ကျွန်မ ကြောက်တယ်၊ သူတို့ကို တားပေးပါ"

"မဖြစ်နိုင်ဘူး ကလေးရယ် ... ဒေါ်ကြွေစေ့တို့ ဘာတတ်နိုင်မှာလဲ ... မြရိပ်လေး ကံကြမ္မာအရပဲ"

"မြရိပ် ကြောက်တယ် ... မဖြစ်နိုင်တာဘဲ"

သူမ ဘယ်လိုပဲတားဆီးနေပါစေ မမကြီးလူတွေက ပစ္စည်းတွေကို လဲလှယ်ပြင်ဆင်နေကြသည်။

နှစ်ယောက်အိပ် ခုတင်ကြီးက သူမကို ပိုပြီးကြောက်လန့်တုန်လှုပ်စေ၏။

ဘယ်လိုလုပ်ရမလဲ ...

မဖြစ်နိုင်ပါဘူး ...

သူမ ထွက်ပြေးဖို့ပဲ စဉ်းစားနေမိသည်။

"ကျွန်မ ထွက်ပြေးချင်တယ် ... မြရိပ်ညို သေပစ်ချင်တယ်၊ ဘယ်လိုလုပ်ရမလဲဟင်"

"မရတော့ဘူး မြရိပ်လေးရယ် ... ဒေါ်ကြွေစေ့အထင် တေးအလက်ာက သူ့လူတွေကို ခေါ်ထားလောက်ပါပြီ"

"အမလေး ... "

မြဒင်ဆိုတဲ့လူက မြရိပ်ညိုရဲ့ ခင်ပွန်းအဖြစ် မကြာခင် ရောက်လာတော့မည်ဖြစ်သည်။





ဘယ်လိုရင်ဆိုင်ရမလဲ ...

ဒီလူက မြရိပ်ညိုကို ဇနီးအဖြစ် ပေါင်းသင်းတော့မည်။

ပြေးစရာမြေလည်း မရှိ။

ပတ်ဝန်းကျင်မှာလည်း မမကြီးလူတွေရှိနေမှာ သေချာသည်။

"ကျွန်မ အသက်နဲ့လဲပစ်မယ် ဒေါ်ကြွေစေ့ ... ဒီကိစ္စမျိုးကို လက်မခံနိုင်ပါဘူး ... သေပစ်ချင်ပါတယ်"

"မြရိပ်ညိုလေးရယ် ... ငယ်ငယ်လေးထဲက ဒေါ်ကြွေစေ့တို့ ထွက်ပြေးကြမယ်ဆိုတုန်းက မြရိပ်လေးပဲ မမကြီးကို သံယောဇဉ်ကြီးပါတယ် မခွဲခွာရက်ဘူးဆို ... "

ဒေါ်ကြွေစေ့လည်း ဘယ်လိုမှမတတ်နိုင်ဘဲ ဖြစ်နေသည်။

မြရိပ်လေးကိုခေါ်ပြီး ထွက်ပြေးဖို့ ကြိုးစည်ခဲ့တာ မအောင်မြင်ခဲ့ပေ။

ဒေါက်တာချစ်သော်မောင်ကို အမှန်အတိုင်း ဖွင့်ပြောပြလိုက်ရင် ကောင်းမလားဘဲ။

မြရိပ်ညိုလေးက လက်မခံပေ။

"ဒေါက်တာ ဝင်ပါလို့မဖြစ်ဘူး ဒေါ်ကြွေစေ့ ... မမကြီး အကြောင်းသိတဲ့အတိုင်းပဲ ... ဒေါက်တာ့ကို ထိခိုက်နစ်နာသွားမှာတော့ မြရိပ် အကြောက်ဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝင်ပါလို့ မဖြစ်ပါဘူး။

ကိုသိဂ်ါလို အသတ်ခံရမှာ စိတ်ပူသည်။

မမကြီးက ကြောက်စရာကောင်း၏။

ဘယ်လိုလူမျိုးကိုမှ ငဲ့ညှာထောက်ထားမှုမရှိ ရက်စက်သည်။

"ဖေးအလက်ာ အကုသိုလ် အရမ်းများတဲ့ကောင်မပဲ … မကြာခင် … သူ့ကံကြမ္မာဆိုးတွေ ခံရလိမ့်မယ်"

ဒေါ်ကြွေစေ့ ဘယ်လိုမှ မတတ်နိုင်ဘဲ ကံကြမ္မာကိုပဲ စောင့်ကြည့်ရတော့မည်ဖြစ်သည်။

"ဒေါ်ကြွေစေ့ သွားမယ် … ညည်းလေးကံကြမ္မာပဲ၊ သူတော်ကောင်းမလေးကို နတ်ကောင်းတွေ စောင်မပါစေ"

ဒေါ်ကြွေစေ့ ပြန်ထွက်သွားသည်။

နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ ဒန်းလော့မွေ့ရာကြီးနှင့် အပြာရောင် အိပ်ရာခင်းတွေ။

ကယ်ကြပါဦး …

မြရိပ်ညို၊ဘဝ ဒီတစ်ခါတော့ အဖတ်ဆယ်လို့မရနိုင်။

ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲသို့ မလွဲမသွေ ကျရောက်ရတော့မည် ဖြစ်သည်။

"ငါ ဒီလိုဘဝမျိုးနဲ့တော့ အဆုံးရှုံးမခံနိုင်ဘူး၊ အကောင်းဆုံး





က ငါ့ဘဝကို ငါကိုယ်တိုင်ပဲ အဆုံးစီရင်ပစ်ရမယ်"

မနက်ဖြန် …

မြဒင်ရောက်လာတော့မယ်တဲ့။

မမကြီးက မြရိပ်ညို ပျော်ရွှင်စေရန် စားပွဲသောက်ပွဲတွေနဲ့ မြရိပ်ညို၊ရဲ့ခင်ပွန်းကို ကြိုဆိုပေးမှာတဲ့။

ညီမလေး စိတ်ချမ်းသာစေရန် ပျော်ရွှင်မှုတွေကို ဖြည့်ဆွမ်းပေးမယ့် အစ်မတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတွေ ပြသတော့မည်ဖြစ်သည်။

"ငါကြောက်တယ် … ငါ ရှုံးတော့မယ်ထင်တယ်၊ မမကြီးရဲ့ အတ္တတွေ လောဘတွေကို အဆုံးသတ်ပစ်ဖို့က ငါသေမှပဲဖြစ်လိမ့်မယ်"

ဒက်ဒီရယ် … မြရိပ်ညို၊ကို နားလည်ခွင့်လွှတ်ပေးပါ။

သမီး အမွေတွေလည်း မခံစားချင်တော့ပါဘူး။

မမကြီးအပေါ် သမီး သံယောဇဉ်တွယ်မိနေလို့ အစ်မအရင်းလိုပဲ သဘောထားမိလို့ မမကြီးဆန္ဒတွေအတိုင်း သမီးနေထိုင်ခဲ့တာတွေ အဆုံးသတ်ခွင့်ပေးပါ ဒက်ဒီ။

အစ်မဖြစ်သူကို မြရိပ်ညို၊ မစွန့်လွှတ်နိုင်ခဲ့။

သူမ အံသက်မပြည့်ခင် သေဆုံးသွားလျှင် သူမအတွက် ရည်စူး၍ အလှူအဖြစ် ဒက်ဒီကိုးကွယ်သော ဘုန်းကြီးကျောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



လှူပစ်ဖို့ စီစဉ်ထားခဲ့သည်။

"သမီးကြီးက သူရသင့်တာ ဒက်ဒီပေးထားပြီးပြီလေ၊ သမီးလေး ဝေစုကိုတော့ သမီးလေးပဲ ခံစားရမယ် ... တေးအလင်္ကာကို မပေးနိုင်ဘူး၊ အရွယ်မတိုင်ခင် သမီးသေဆုံးခဲ့ရင်တောင် ကုသိုလ်အဖြစ် သမီးလေးပဲ ရစေမယ်"

ဒက်ဒီ ဘယ်လိုစိတ်ကူးတွေနှင့် စီစဉ်ခဲ့သည်မသိပေ။

မမကြီးထက်ပင် မြရိပ်ညိုကို ဒက်ဒီက ချစ်ခင်မြတ်နိုးခဲ့၏။

မမကြီး မကျေနပ်ဆုံးက အဲဒါပါပဲ။

ရန်ညိုးကြီးနေသည်။

"သမီးကမှ ဒက်ဒီ့သမီးပါ၊ ဒက်ဒီ့အမွေကို ဆက်ခံခွင့်ရှိပါတယ် ... ဘာမှ အားနာနေစရာမလိုဘူး"

ဒက်ဒီက မြရိပ်ညိုအပေါ် အကာအကွယ်တွေပေးခဲ့သည်။

မမကြီးအား ခပ်စိမ်းစိမ်းပဲ ဆက်ဆံခဲ့၏။

မြရိပ်ညို ဘာမှမသိတော့ပါဘူး။

မမကြီးတို့ မိသားစုနှင့်အကြာကြီးနေခဲ့တဲ့ ဒေါ်ကြွေစေ့ပင် မေးမြန်း၍မရခဲ့။

မြရိပ်ညို ဘယ်လိုပဲဖြစ်ဖြစ် သူမကိုယ်သူမ အဆုံးသတ်ပစ်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

ညအမှောင်ထုက ခြံကြီးထဲသို့ လွှမ်းခြုံနေ၏။





မြရိပ်ညို လမ်းလျှောက်နိုင်တာပဲ။

မြဒင်လို လူဆိုးလူမိုက်တစ်ယောက်ရဲ့ ရင်ခွင်ထဲမှာတော့ သူမဘဝကို အဆုံးမခံနိုင်ဘူး။

သူမ ကြောက်လန့်တုန်လှုပ်နေသည်။

"မမကြီးကို ငါဘာဖြစ်လို့များ သံယောဇဉ်တွယ်နေရတာလဲ၊ မမကြီးကို ရုတ်တရက်ကြီး ငါမစွန့်လွှတ်နိုင်ဘူး"

မမကြီးနှင့်ပတ်သက်ပြီး နာကြည်းစရာတွေ အများကြီးရှိနေခဲ့သော်လည်း မြရိပ်ညို သံယောဇဉ် တွယ်နေခဲ့မိသည်။

"မမကြီးဘက်ကနေ ဘယ်လောက်ပဲရက်စက်ပါစေ ငါ မနာနိုင်ဘူး ... မမကြီးက အမွေတွေ လိုချင်နေတာ ငါသေသွားရင် အမွေတွေကို မမကြီးမရနိုင်တော့ဘူး၊ ငါ့အတွက် အလှူဒါနဖြစ်ပေမယ့် မမကြီးကိုလည်း ရစေချင်တယ်"

မြရိပ်ညို စိတ်တွေက ဒွိဟနှင့်။

သူမငယ်စဉ်လေးထဲက မမကြီးအတွက်ပဲ မြရိပ်ညို စဉ်းစားပေးနေခဲ့သည်။

"ငါ့အစ်မ အရင်းတစ်ယောက်လိုပဲ ငါသံယောဇဉ်တွယ်နေခဲ့တယ် ... ငါ ဘာလုပ်ရမလဲ ... "

သူမ လသာဆောင်အပေါ်ထပ်ကနေ ခုန်ချလိုက်ဖို့ ကြံစည်ပြီးမှ မမကြီးအတွက် စဉ်းစားနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညိုဘဝအား ဒီလိုမှ အဆုံးမသတ်ရင်လည်း မြခင် ရင်ခွင်ထဲမှာ ငရဲခန်းတစ်မျှ နစ်မွန်းရတော့မည်ဖြစ်သည်။

"ငါ့ဘဝ ဒီလိုပဲ အဆုံးသတ်ရမယ် ... မြခင်ရဲ့ ရင်ခွင်ထဲမှာတော့ ငရဲမခံနိုင်ဘူး"

အချစ်အိမ်လေးတစ်ခုလုံးက ငြိမ်သက်တိတ်ဆိတ်နေလေသည်။

မမကြီးက လိမ်ညာဟန်ဆောင် ညီမလေးအပေါ် အချစ်တွေနှင့် သက်သေပြထားခဲ့တာပါ။

တကယ်တော့ ငရဲခန်းပဲ။

ဒေါက်တာ့ကို မမကြီးချစ်မိသွားပြီးထဲက အချစ်အိမ်လေးထဲမှာ ငရဲမီးတောက်တွေ ပို၍ပင် ပွက်ပွက်ဆူလာသည်။

"ညီမလေးကို လူမဆန်အောင် ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက်နေတာတွေကို အဆုံးသတ်ပစ်ရပါတော့မယ် ... ညီမလေးသေခြင်းတရားကိုပဲ ရွေးချယ်ပစ်လိုက်ပါပြီ"

သူမ အိပ်ခန်းထဲကနေ တိုးတိုးတိတ်တိတ်လေး ထွက်လာခဲ့မိသည်။

အချစ်အိမ်လေးက ကျွန်းသစ်လုံးတွေနှင့် ဆောက်ထားတာပါ။

ခေါင်မိုးထပ်ကို လသာဆောင်အဖြစ် လုပ်ဆောင်ထား၏။





အရမ်းအမြင့်ကြီးမဟုတ်ပေမယ့် လူတစ်ယောက်ကိုတော့ သေစေနိုင်သည်။

"ငါ့ဘဝအတွက် အဆုံးသတ်ရမှာပဲ ... မမကြီး ဖြစ်စေချင်တဲ့ ဆန္ဒမဟုတ်ပေမယ့်လည်း ငါရွေးချယ်ပစ်လိုက်ပြီ"

သူမ ခေါင်မိုးထပ် လသာဆောင်ဆီ တက်လာခဲ့သည်။ ဆုံးဖြတ်ချက်တွေက ခိုင်မာပြီဖြစ်၏။ အမိုးအစွန်းမှာ မတ်တတ်ရပ်ပစ်လိုက်သည်။

"နင် ဘာလုပ်နေတာလဲ မြရိပ်ညို ... "

"ဟင်"

"ဘာလဲ ... နင့်ကိုယ်နင် သတ်သေမလို့လား၊ အောက်မှာငုံ့ကြည့်လိုက်စမ်း ... "

သူမ ငုံ့ကြည့်လိုက်တော့ အောက်မှာယောကျ်ားငါးယောက်လောက်က စောင့်နေကြသည်။

မြရိပ်ညို ခုန်ချလျှင် ဆီးဖမ်းဖို့ပါ။

"နင်က အကောင်းပဲ ... တော်တော်ဟန်ဆောင်လိမ်ညာနိုင်တာပဲ ... နင့်အကြံ ဒါအကုန်ပဲလားဟဲ့ ... "

မြရိပ်ညို ဘယ်လိုမှ မတတ်နိုင်တော့။

ဒေါ်ကြေစေ့ ပြောသလိုပဲ မမကြီးက အရာရာသေသပ်ပိရိစွာ စီမံထားနိုင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညို အကြံအစည်ပျက်ပြယ်သွားရပြီဖြစ်၏။

သူမအောက်သို့ ခုန်ချရန် မဖြစ်နိုင်တဲ့အပြင် သူမ ဒုက္ခိတဘဝ ကလည်း အလိမ်ပေါ်သွားပြီဖြစ်သည်။

"နင် ငါ့ကို ဆန့်ကျင်အံတုလို့ရမယ်ထင်သလား မြရိပ်ညို။ နင်ရမယ့်အမွေတွေကိုလည်း ငါ့ကို မပေးချင်ဘူး မဟုတ်လား"

တေးအလင်္ကာ အကွက်ချေပေလို့ပဲ။

မြရိပ်ညို သေလို့မဖြစ်သေးဘူး။

အမွေတွေက ရှိနေသေးသည်။

အရယူရဦးမယ် ...

ဒက်ဒီ အမွေကို မြရိပ်ညိုသေဆုံးခဲ့လျှင် တေးအလင်္ကာ မရစေရန် စီစဉ်သွားခဲ့၏။

အလင်္ကာကို မယုံလို့ဘဲ ...

"နင် မသေနဲ့ဦး မြရိပ်ညို ... အမွေတွေ လက်ခံပေးဦး။ ပြီးတော့ ... ငါ့လက်ကို လွှဲပေးခဲ့၊ ပြီးရင် ... နင့်ကို လှလှပပလေး အဆုံးသတ်ပေးမှာပါ"

မမကြီးက မြရိပ်ညိုအနား တိုးကပ်လာသည်။

"နင်က ဒုက္ခိတမှ မဟုတ်တာဘဲ ... ဒါကြောင့် လေ့ကျင့်ခန်း မလုပ်တာဘဲ၊ ငါ နင့်ကိုပြောထားပြီးပြီနော် ... နင် ဒုက္ခိတပဲ ဖြစ်စေရမယ်"





မြရိပ်ညို လူကောင်းပကတိဆိုတာ မောင်သိလို့မဖြစ်ဘူး။

မောင်ပြန်သွားလိမ့်မယ်။

မြရိပ်ညို သေလို့လည်း မဖြစ်ဘူး ...

ဒါကြောင့် ...

နင် ငါ့လက်ထဲမှာ အသက်ရှင်နေတာလေ။

"နင် ဘယ်လိုနည်းနဲ့မှ လွတ်မြောက်ဖို့ မကြိုးစားနဲ့နော် မြရိပ်ညို ... ဒေါက်တာချစ်သောမောင် တစ်ခုခုဖြစ်သွားတာ နင် မလိုလားဘူး မဟုတ်လား"

သူမ ဘာမှဆက်ပြောမနေတော့ဘဲ သူမ အိပ်ခန်းဆီပြန်လာခဲ့မိသည်။

မမကြီးနောက်မှ ကပ်လိုက်လာသည်။

"နင် ဒုက္ခိတဘဝမှာပဲနေနော် ... မောင့်ကို ပြောပြဖို့ မစဉ်းစားနဲ့ ..."

"ဖြန်း"

"အား"

"လူလိမ်မ ... ဒုက္ခိတဘဝ ဟန်ဆောင်နေတယ်၊ နင့်ကို လက်ခြေပြတ်ခံလို့ မဖြစ်တော့ဘူး ... မြဒင်ကို အမြန်ဆုံးခေါ်ပြီး နင့်အနားမှာ ထားမှဖြစ်တော့မယ်ထင်တယ်"

"ဖြန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

မမကြီးလက်ဝါးက ပြင်းထန်စွာ သူမမျက်နှာလေးပေါ် ရောက်နေသည်။

"နင် သေသွားမယ် သတိထားနေ ..."

မြရိပ်ညို ဘဝကတော့ လွတ်မြောက်ရာလမ်းစက မရှိတော့ဘဲဖြစ်နေသည်။

အဆုံးသတ်ခွင့်တောင် မရှိပါလား။

သူမကား ဒေါသတကြီး ကြိမ်းမောင်းပြီး မမကြီး ပြန်ထွက်သွား၏။

သူမအား ဒုက္ခိတ မဟုတ်ဘူးဆိုတာ မမကြီးသိသွားပြီ။

မြရိပ်ညို ငရဲခန်းထဲဝင်ဖို့ပဲ ရှိတော့သည်။

"မကြာခင် မြဒင်လာမယ် ... နင့်လင်ပဲလေ၊ မောင်နှံလည်း လက်ထပ်ကြတော့မှာပါ၊ ဒေါက်တာချစ်သောမောင် ငါ့စက်ကွင်းထဲကနေ မလွတ်နိုင်တော့ပါဘူး ... ဟား ဟား ဟား"

မမကြီး ပျောက်ကွယ်သွားပေမယ့် မမကြီးရယ်မောသံကြီးက ကြောက်ခမန်းလိလိ စွဲကျန်ရစ်နေသည်။

မနက်ဖြန် ရောက်လာမှာကို သူမ ကြောက်ရွံ့ချောက်ချားနေ၏။

ဒက်ဒီ့စကားသံတွေကို သူမ ပြန်၍ ကြားယောင်လာသည်။





"ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ အဖန်ငါးရာငါးကမ္ဘာတောင် ဝဋ်ပါနေတတ်တယ် သမီးလေးရယ် ... လောကဒဏ်တွေကို ကြံ့ကြံ့ခံစမ်းပါကွယ် ... တစ်နေ့နေ့ သူတော်ကောင်း သမီးလေး အပျော်ရွှင်ရဆုံးနေ့လေးတွေနဲ့ ကြုံတွေ့မှာပါကွယ်"

မြရိပ်ညို ဝမ်းပန်းတနည်းနှင့် ငိုကြွေးနေမိတဲ့အချိန်တွေမှာ ဒက်ဒီချော့မော့နှစ်သိမ့်ပေးနေခဲ့သလို မမကြီးက နင့်လိုအိမ်စေမ သမီးနဲ့ငါ ညီမတော်နေရတာ ရှက်တယ်ဆိုတုန်းက သူမ ရှုံးသွပ်စွာဖြင့် ကားလမ်းမပေါ် ပြေးတက်သွားမိသည်။

"ဒက်ဒီ ... သမီးလေ ငယ်ငယ်လေးထဲက သေသင့်တာပါ၊ ကားအောက်ကို သမီးပြေးဝင်လိုက်ရမှာပါ"

အားငယ်လိုက်တာ ...

ဒက်ဒီရှိစဉ်ကတော့ သူမဘဝအေး ချမ်းပြည့်စုံနေခဲ့သည်။

"မနက်ဖြန်ကို သမီးကြောက်တယ် ... မမကြီး ဘယ်လောက်ပဲညှင်းပန်းနှိပ်စက်နေပါစေ သမီးကြံ့ကြံ့ခံနိုင်ပါတယ် ဒက်ဒီရယ် ..."

သူမ ... သေကြောင်းမကြံတော့ပါဘူး။

မမကြီးဆန္ဒတွေအတိုင်းပဲ ဖြစ်ပါစေတော့။

ပူလောင်နေတဲ့ရင်ကို ကံကြမ္မာဝဋ်ကြွေးရှိလို့ ပေးဆပ်မယ်ဟု အတွေးနှင့် ငြိမ်းအေးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တွင် မမကြီးနှင့်ဒေါက်တာတို့ ရောက်လာကြ၏။

သူမ ပါးပြင်လေးပေါ်က ဒဏ်ရာတွေကို တွေ့သွားတော့ ဒေါက်တာက စိတ်ပူပြီးမေးနေသည်။

"မြရိပ်လေး ဘာဖြစ်လို့များ မင်းပါးပြင်မှာ ဒဏ်ရာတွေနဲ့"

"သူက ဒီလိုပဲမောင် ... တစ်ခါတလေ စိတ်ရူးပေါက်ရင် မှန်ရှေ့မှာရပ်ပြီး သူ့ပါးပြင်ကို သူပြန်ရိုက်တတ်တယ်"

"ဘာ"

ဒေါက်တာမျက်ဝန်းတွေက အံ့ဩတုန်လှုပ်ပူပန်စွာ သူမ စိုက်ကြည့်သည်။

"မင်း ... မင်းဘာဖြစ်လို့လုပ်ရတာလဲ မြရိပ်ညို၊ မင်းစိတ်တွေ ကျေနပ်ဖို့ မင်းအစ်မက အကောင်းဆုံးလုပ်ဆောင်ပေးနေတာပဲ"

မြရိပ်ညို စိတ်တွေ နာကျင်မွန်းကြပ်ရလွန်း၍ အော်ဟစ်ပစ်ချင်နေသည်။

"ညက ညီမလေး ဘာတွေပေါက်ကွဲနေတာလဲကွယ် ... ညီမလေး ချစ်တဲ့ယောကျ်ားကိုတောင် မမကြီးက လက်ခံပေးနေခဲ့တာပဲ ... မောင်ရယ် ကြည့်ပါဦး ... ဒီမှာ ညီမလေးတို့ဇနီးမောင်နှံ အိပ်ဖို့လေ ... "

မြရိပ်ညို ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ပဲ ငြိမ်သက်နှုတ်ဆိတ်နေ





သည်။

ဘာပြောလို့ရမှာလဲ ...

ဒေါက်တာ သိအောင်အမှန်တွေကို ရှင်းလင်းပြောပြချင်ခဲ့၏။

မမကြီးရဲ့ စက်ကွင်းက ဒေါက်တာချစ်သောမောင် တိုးဝင်မိမှာကို စိတ်ပူသည်။

"ညီမလေးရယ် ... ကိုယ့်ကိုယ်ကို ဘာဖြစ်လို့နှိပ်စက်ချင်ရတာလဲ ... မမကြီးကို စိတ်ပူအောင် မလုပ်ပါနဲ့ကွယ်၊ ကိုယ့်ဘဝကိုယ် အားမလိုအားမရ မဖြစ်စေချင်ဘူး၊ မြဒင်က ညီမလေးကို ဘယ်လိုဘဝမျိုးပဲရောက်ရောက် ချစ်နေမှာပါတဲ့လေ ... အားမငယ်နဲ့နော်"

သူမ ပါးပြင်လေးအား ပွတ်သပ်ချော့မြူရင်း ပြောနေသည်။

"မင်း ဒဏ်ရာတွေကို ဆေးလိမ်းရအောင်နော် မြရိပ်ညို၊ မင်းခင်ပွန်းရောက်လာရင် ဒဏ်ရာတွေနဲ့ မကောင်းဘူးလေ ... မင်းစိတ်တွေကို ထိန်းချုပ်စမ်းပါ မြရိပ်ညိုရယ် ... ကိုယ့်ကိုယ်ကို မညှင်းပန်းပါနဲ့ကွာ"

ဒေါက်တာ ချစ်သောမောင်က ကြင်နာစွာ ဆေးလိမ်းပေးနေသည်။

မမကြီး မျက်ဝန်းတွေက မီးထတောက်မတတ်ဘဲ။

နှုတ်ခမ်းတွေပေါ် အပြုံးတွေပင် ဟန်ဆောင်တင်ထားဖို့ပင်



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ဘဲ တင်းမာနေသည်။

ဒေါက်တာ့ရင်ခွင်ထဲကိုတော့ မြရိပ်ညို တစ်ကြိမ်လောက်ပဲ ဖြစ်ဖြစ် နားခိုဖက်တွယ်ထားချင်ပါတယ်။

မြရိပ်ညို ထိန်းချုပ်နိုင်စွမ်းမရှိတော့သလို တဆတ်ဆတ် တုန်ယင်နေကာ မမကြီးရဲ့ အေးစက်စက်လက်တွေက သူမ လက်လေးအား အုပ်မိုးဆုပ်ကိုင်၍ သတိပေးနေသည်။

"ညီမလေးက ခံစားလွယ်တယ်၊ သူ့ ဘဝကို အဆုံးစီရင်ချင် နေတယ် ... ဒုက္ခိတဘဝကို ညီမလေး မလိုလားဘဲ အားလျှော့ပစ် နေတယ် ... အရင်ကလို ဒေါ်သတကြီး လုပ်ချင်တာလုပ်တတ်တဲ့ အကျင့်တွေ ပြင်လိုက်ပါတော့ကွယ် ... "

မမကြီးလက်တွေက အားပြင်းလွန်းနေ၍ မြရိပ်ညိုရဲ့ လက် ကောက်ဝတ်လေးပင် အရိုးကြေသလား ထင်ရအောင် နာကျင်သွား ရသည်။

မမကြီး ခြိမ်းခြောက်သတိပေးနေတာပါ။ ဒေါက်တာကလဲ ကလေးမဆန်ဖို့ စိတ်တွေကိုနိုင်အောင် ထိန်းချုပ်ထားဖို့ပဲ သတိပေး နှစ်သိမ့်နေသည်။

+++

ခန်း ( ၁၉ )

"မြရိပ်ညို ... မမလေး ... "

"ဟင် ... ရှင် ... ရှင် ဘာလာလုပ်တာလဲ ထွက်သွား"

"မြဒင်က မမလေးရဲ့ခင်ပွန်းအဖြစ်လာတာပါ၊ မမကြီး အမိန့် လ"

"ဘာ"

မြဒင်တဲ့ ...

သူမ အခုမှမြင်ဖူးခြင်းဖြစ်သည်။

ရုပ်ဆိုးလိုက်တာ ...

မမကြီးပြောတော့ ချောပါတယ်တဲ့။

အသားကမဲမဲကျုတ်ကျုတ်။

ဖြူဖွေးနေတဲ့သွားတွေကို ဖြဲ၍ သူမကို တဏှာရာဂ ပြင်းထန် ြ မျက်ဝန်းတွေနှင့် ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ညို ဘယ်လိုရှောင်တိမ်းရမလဲ ဒေါက်တာရယ် က

ပါဦး ...

ဒေါ်ကြွေစေ့ရော ကြောက်လွန်း၍ သူမ ခြေဖျားလက်

တွေ အေးစက်လာ၏။

မြဒင်က သူမအား အမဲဖျက်တော့မှာ သေချာသည်။

"မမလေးက အရမ်းချောမောလှပလွန်းလို့ မြဒင်ကြိတ်

ချစ်မိနေတာကြာပါပြီ ... အခုတော့ ဖူးစာရှင်မှန်လို့ ပေါင်းဖက်

ရခဲ့တာလေ"

"ရှင် ... ရှင် ... ကျုန်မအသားကို မထိနဲ့နော်၊ ကျွ

အသက်ချင်း လဲပစ်လိုက်မယ်"

"မမလေးရယ် ... ကိုယ့်လင်ယောကျ်ားကို ဘာဖြစ်လို့

စိမ်းကားရက်စက်ချင်နေရတာလဲ၊ မမလေးနဲ့တစ်သက်လုံး ပေ

သင်းနေထိုင်ရတော့မှာပါ ... မြရိပ်လေး ... "

"လူယုတ်မာ ... ငါ့အနားကို မကပ်နဲ့နော်၊ နင့်လိုကောင်

ငါလင်ယောကျ်ားအဖြစ် ပေါင်းရမှာလား"

"မြရိပ်လေးရယ် ... တို့က ဘဝတူတွေပါ၊ မင်းလေးလ

အိမ်စေတွေရဲ့ သမီးပဲလေ ... အခုမှလာပြီး ကြီးကျယ်မနေစမ်း

မမကြီးက မင်းဘဝဇာတ်ကြောင်းအကုန် ပြောပြထားပြီးသား

မမကြီးရယ် ... မြရိပ်ညိုအပေါ် ဒီလောက်အထိ အညှိုး





ကြီးနဲ့ မရက်စက်သင့်ပါဘူး။

မြရိပ်ညိုဘဝတစ်လျှောက်လုံး မမ စိတ်တိုင်းကျ ထားရာနေ

စေရာသွားခဲ့တာပါ။

အစ်မအရင်းလို သံယောဇဉ်နဲ့ မမကြီးနိုပ်စက်သမျှ ရင်ထဲ

မှာပဲ ကြိတ်မှိတ်ခံစားပြီး ခံစားခဲ့သည်။

"မြရိပ်လေး ... ကြည်ကြည်ဖြူဖြူ လက်ခံစမ်းပါ၊ ကိုယ်က

အကြမ်းမဖက်ချင်ဘူး၊ မင်္ဂလာဦးညလေးကို အေးအေးချမ်းချမ်း

ဖြတ်သန်းကြရအောင်ကွာနော်"

မြဒင်ကတော့ ချောမောလှပအိစက်နေတဲ့ မြရိပ်ညိုလေး

အား ဇနီးအဖြစ် ပေါင်းသင်းရမှာကို သရေတမျှားမျှားနှင့် ပီတိတွေ

ဖြစ်နေရသည်။

မမလေး မြရိပ်ညို၏ကို မြဒင် မြင်ဖူးခဲ့တာကြာပါပြီ။

မြင်မြင်ချင်းပဲ စွဲလမ်းနှစ်သက်နေခဲ့၏။

အချစ်စိတ်တွေ ရင်ထဲမှာ တဖွားဖွားဖြစ်ပေါ်နေရင်း ကာမ

ဆန္ဒတွေ ပြင်းထန်လာသည်။

"အဟဲ ... ချစ်စရာ ဇနီးလေး၊ စားရက်ကြုံလို့ မှတ်ဆတ်

ပျားစွဲတာ၊ ကိုယ်နဲ့ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းတာက

အကျိုးရှိပါတယ် အချစ်ရယ် ... "

"ရှင် ... ရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



"အချစ်လေးရယ်"

"ကျွန်မအနားကို မကပ်နဲ့နော်၊ ကျွန်မ ဒုက္ခိတမဟုတ်ဘူး လူယုတ်မာကြီး ... "

"မင်းကို အကြမ်းမဖက်ချင်ဘူးနော် ... မြရိပ်လေး ... ကိုယ်က အရမ်းချစ်မိသွားလို့ ချော့မော့နေတာ၊ ကိုယ်အကြမ်းမဖက်ချင်ဘူး"

"လူယုတ်မာ ငါ့အသားကို လာမထိနဲ့နော် ... "

သူမအနားသို့ မြခင်က တဖြည်းဖြည်းကပ်လာသည်။

မြရိပ်ညို အသားလေးတွေ တဆတ်ဆတ်တုန်ယင်ပြီး အင်အားတွေ ချိနဲ့လာကာ ဒူးတွေညွတ်ခွေကျမတတ်ပင်။

မြရိပ်ညိုမှာ လူဆိုးလူမိုက် တစ်ယောက်ရဲ့ အကြမ်းဖက်မှုကို တွန်းလှန်နိုင်တဲ့အင်အားတွေ ကင်းမဲ့လာရသည်။

"မင်း ကြိုက်သလောက်အော်လေ ... ကူညီမယ့်သူတစ်ယောက်မှမရှိဘူး ... အများအမြင်မှာ လင်မယားလေ"

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို စွန့်လွှတ်ပေးပါနော်၊ ကျွန်မရမယ့်အမွေတွေ ရှင့်ကိုပေးပါ့မယ် ... ကျွန်မကို ဘာမှမလုပ်ပါနဲ့ ကိုမြခင်ရယ် ... "

မြရိပ်ညို လက်အုပ်လေးချီ၍ ကိုမြခင်အား တောင်းပန်နေမိသည်။





ပြူးဖြဲဖြဲကြီးနှင့် ကာမရမက်တွေ အလျှံလျှံငြီးငြီးတောက်နေတဲ့ မြခင်အကြည့်တွေက မြရိပ်ညိုရဲ့ တောင်းပန်မှုတွေကို အလေးမထားတော့ဘဲ သူမခန္ဓာကိုယ် အသွေးအသားတွေကို ဝါးမျိုဖျက်ဆီးပစ်ဖို့ပဲ ကြံစည်နေသည်။

"အဟဲ ... ဟဲ ... မင်းလိုကောင်မလေးမျိုးကို အချစ်တွေနဲ့ နှစ်ကိုယ်တူ ပေါင်းဖက်ခွင့်ကို မြခင် ဘာနဲ့မှမလဲနိုင်ဘူး မြရိပ်လေးရယ် ... ကြီးမားတဲ့ ဆုလာဘ်ကြီးပဲ ... "

သူမစိတ်တွေက မြခင်ကိုတွေ့တဲ့အရာတွေနှင့် ကောက်ပေါက်ပစ်လိုက်ချင်ပေမယ့် လက်တွေက လှုပ်ရှားမရ။

ကြမ်းပြင်ပေါ် ယိုင်လဲခွေကျသွားသည်။

မြခင်လက်တွေက မြရိပ်ညိုရဲ့ ခန္ဓာကိုယ်လေးအား သိမ်းကျုံးပွေ့ဖက်လိုက်တော့၏။

မြရိပ်ညိုလိပ်ပြာ လွင့်စင်တောတ်ပင်။

အသက်ရှူသွင်းဖို့ပင် မေ့လျော့သွားသည်။

"အချစ်လေးရယ် ... ကိုယ့်အချစ်တွေကို ငြိမ်ငြိမ်သက်သက်လေး လက်ခံစမ်းပါ ... မမကြီးရဲ့အမိန့်လေ ... "

"ဖယ်ပါ ... ဖယ်ပါ ... လွှတ်ပါ ကျွန်မတောင်းပန်ပါတယ်၊ အဲဒီလို မလုပ်ပါနဲ့ ... ကျွန်မကိုယ်ကျွန်မ သတ်သေပစ်လိုက်မှာနော်"

"ဒီတစ်ကြိမ်လေးပဲဖြစ်ဖြစ် မင်းနဲ့ပေါင်းဖက်ခွင့်ရရင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပြီ ... အဟိ ... ရင်တွေ အရမ်းခုန်နေတယ် မြရိပ်လေးရယ် အရမ်းချစ်တယ် ... အဟိ ... ”

မြရိပ်ညို ဘယ်လိုမှ ရုန်းကန်ဖယ်ရှားနိုင်ခြင်း မရှိတော့။

ခန္ဓာကိုယ်လေးက နုန်းခွေပျော့ဖတ်နေသည်။

မြဒင် ပြုသမျှ နုရတော့မည့်အခြေအနေမျိုးပါ။

ကယ်မည့်သူလည်း မရှိ။

မမကြီးရဲ့ ယုတ်မာပက်စက်မှုတွေက ညှာတာ ထောက်ထားခြင်း ကင်းမဲ့လွန်းနေသည်။

“မြရိပ်လေးရယ် ... ချစ်လိုက်တာ အဟိ ... အရမ်းချစ်ပစ်မယ်”

မြဒင်ကတော့ ပီတိတွေနှင့် တဟီးဟီး တဟားဟားနှင့် မြရိပ်ညို ခန္ဓာကိုယ်လေး ပွေ့ယူ၍ နှစ်ယောက်အိပ်ခုတင်ကြီးပေါ် ပွေ့တင်လိုက်လေသည်။

အရမ်းချစ်စရာကောင်းတဲ့ ကောင်မလေး။

ဝင်းအိမှည့်နေတာပဲ။

ကြောက်လန့်ပြီး အသိတွေကင်းမဲ့သွားတော့၏။

မြဒင်ကတော့ မြရိပ်ညိုရဲ့ ခန္ဓာကိုယ်အိအိစက်စက်လေးကို ပွေ့ဖက်ပြီး အသွေးအသားတွေကို ဝါးမျိုစားသုံးဖို့ အာသာငန်းငန်းနှင့် ကြံစည်နေသည်။





“ဝုန်း ... ဝုန်း ... ”

“မြရိပ်ညို ... တံခါးဖွင့်စမ်းပါ၊ မင်း ဘာဖြစ်နေလဲ ... မြဒင် မင်း မြရိပ်ညိုကို လက်ဖျားနဲ့တောင် မထိနဲ့နော် ... တံခါးဖွင့်စမ်း”

ချစ်သောမောင် ရောက်လာပြီး မြရိပ်ညိုလေးအား စိတ်ပူကာ ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ တံခါးကို အတင်းဖွင့်ခိုင်းမိသည်။

“မြဒင် ... ဖွင့်စမ်း ... မင်းလူယုတ်မာပဲ၊ မြရိပ်ညို တစ်ခုခု ဖြစ်လို့ကတော့ မင်းအသေပဲ ... ”

“ဝုန်း ... ဝုန်း”

“မင်းနဲ့မြရိပ်ညိုတို့ ဇနီးမောင်နှံတွေ မဟုတ်ဘူးဆိုတာ ငါ သိထားတယ် ... မင်းထောင်ထဲရောက်ချင်လို့လား မြဒင် ... ဟေ့ကောင် ... တံခါးဖွင့်စမ်းပါ”

မြဒင် အထိတ်တလန့်နှင့် တံခါးဖွင့်ပေးလိုက်လေသည်။

မမကြီးရော ဘယ်ရောက်နေပြီလဲ။

မြဒင် ထွက်ပြေးလာခဲ့၏။

ဒေါက်တာ ချစ်သောမောင် အခန်းထဲ ပြေးဝင်သွားသည်။

“မမကြီး ... မမကြီး ဘယ်လိုလုပ်ကြမလဲ၊ ဟိုဒေါက်တာက သိသွားပြီ”

မမကြီး အခန်းကို တဝုန်းဝုန်းထုပြီး မြဒင် အော်ဟစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ မမကြီး ဝုန်းခနဲ ထလာ၏။

မြဒင် အကျိုးအကြောင်းတွေ ရှင်းပြလိုက်လေသည်။

"ဘာပြောတယ် မြဒင် ... မောင် ရောက်လာတယ် ဟုတ်လား ... တို့အကြောင်းတွေ သိသွားတယ် ဟုတ်လား ..."

"ဟုတ်တယ် မမကြီး ... သူက ခြိမ်းခြောက်နေတယ်၊ ထောင်ထဲ ပို့ပစ်မယ်တဲ့"

"ဘာ"

တေးအလင်္ကာ ဒေါသတကြီးနှင့် မြရိပ်ညို အခန်းသို့ ရောက်လာသည်။

ဒေါက်တာချစ်သောမောင်က မြရိပ်ညိုအား ပွေ့ချီ၍ အပြင်ကို ထွက်လာ၏။

တေးအလင်္ကာ ဒေါသအမျက်ချောင်းချောင်း ထွက်လာသည်။

"ဒါ ဘာလုပ်တာလဲမောင် ... ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဝင်မပါတာ အကောင်းဆုံးပဲ"

"တေးအလင်္ကာ ... မင်းရဲ့လုပ်ဇာတ်တွေကို ရပ်တန်းကရပ်လိုက်ပါတော့ ... မြဒင်က မြရိပ်ညိုနဲ့ ဘာမှမဆိုင်ဘူးဆိုတာ ကိုယ်





သိထားတယ် ... မြရိပ်ညိုက အပျိုစင်လေးပဲ ... မင်းမဖျက်ဆီးသင့်ဘူး"

"မောင် ဘာတွေပြောနေတာလဲ၊ ဒီကောင်မလေးကို သတိရအောင်လုပ်လိုက်စမ်းပါ ... မောင်ကိုယ်တိုင် မေးလေ"

"တေးအလင်္ကာ ကျေးဇူးပြုပြီး မြရိပ်ညိုကို စိတ်ဒုက္ခရောက်အောင် မလုပ်ပါနဲ့တော့ ..."

"မြရိပ်ညိုလေးက အလင်္ကာ့ရဲ့ အချစ်ဆုံးညီမလေးပါမောင် ဘာတွေလာပြောနေတာလဲ ... မြဒင်က သူ့ယောက်ျားပါ၊ မောင် အထင်မှားနေပြီ ... မောင့်ကို ဘယ်သူပြောလဲ ... ကျွန်မ ဖြေရှင်းမယ်"

ဒေါ်ကြွေစေ့ ရှင်ကြီးပဲ။

သိမယ် ...

မြရိပ်ညိုကတော့ အသိတွေ ကင်းမဲ့နေသည်။

ကောင်မက ငါ့စကားကို မနာခံဘူး။

နင်တို့က ငါ့ကိုဒုက္ခရောက်အောင် လုပ်နေတာပဲ။

တေးအလင်္ကာ ဒေါသတွေ ပေါက်ကွဲနေသည်။

"မြရိပ်လေးကို အခန်းထဲပြန်ခေါ်လာခဲ့ပါမောင် ... အရင်ဆုံး သတိပြန်ရလာအောင်လုပ်ပါ၊ ကျွန်မကို မောင်မယုံတာလား အလင်္ကာ့ညီမလေးပါ ... ချစ်မြတ်နိုးရတဲ့ ညီမပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ချစ်သောမောင်ကတော့ ဒေါ်ကြွေစေ့စကားတွေကို ယုံရခက် မယုံရခက်နှင့် တေးအလင်္ကာကိုလည်း သူယုံကြည်နေမိသေးသည်။

"ကဲပါမောင်ရယ် ... မြရိပ်လေးကို ပြန်ခေါ်ခဲ့ပါ၊ ကောင်းကောင်းကျန်းမာလာမှ သူ့ဆန္ဒအတိုင်း ဖြစ်စေရပါ့မယ်"

ချစ်သောမောင် စိတ်လျှော့ပစ်လိုက်ပြီး အခန်းထဲပြန်ခေါ်လာခဲ့သည်။

သူ့ကို ဒေါ်ကြွေစေ့ ရောက်လာကာ မြရိပ်ညိုလေးအား ကယ်တင်ဖို့ ဤသို့ပြောဆိုခဲ့၏။

မြရိပ်ညိုလေးက အပျိုစင်လေးပါတဲ့။

မြဒင်နဲ့လင်မယားလည်း မဟုတ်ပါဘူးတဲ့။

တေးအလင်္ကာရဲ့လှည့်ကွက်တွေတဲ့။

သူ ဘယ်သူ့စကားကို ယုံကြည်ရမှန်းပင် မသိတော့။

အရင်ဆုံး မြရိပ်ညိုကိုပဲ သတိပြန်ရစေရန် ဆေးဝါးကုသမှု ပြုနေမိသည်။

"ညီမလေးက စိတ်တွေပုံမှန်မဟုတ်သေးဘူးမောင် ... ကားအက်ဆီးဒင့်ဖြစ်ပြီးထဲက ဒေါသတွေ ပေါက်ကွဲပြီး မကြာခဏ သတိလစ်လစ်နေတတ်တယ်"

"ကိုယ်ရဲ့ စစ်ဆေးတွေ့ရှိချက်အရတော့ ကျန်းမာရေး





ကောင်းပါတယ် တေးအလင်္ကာ ... စိတ်ပိုင်းဆိုင်ရာတော့ ချို့ယွင်းချက်ရှိနိုင်ပါတယ်"

"အဲဒါပဲမောင် ... နေပါဦး မောင့်ကိုဘယ်သူပြောလဲ"

"ကိုယ်ထင်တာပါ ... ကိုယ် တောင်းပန်ပါတယ် တေးအလင်္ကာ ... မြရိပ်ညိုကိုကြည့်ရတာ သွေးအားနည်းနေသေးတယ်၊ ကျန်းမာရေးအရ လင်မယားအတူတူနေထိုင်လို့ မဖြစ်သေးဘူး"

သူ့စိတ်ထဲမှာလည်း မြဒင်ကို မသင်္ကာမိပေ။

မြရိပ်ညိုလို ချောမောအိစက်လှပလွန်းတဲ့ မိန်းကလေးက စွဲလမ်းနှစ်သက်နေမယ့်ခင်ပွန်း မဖြစ်နိုင်ဟု ထင်နေခဲ့သည်။

တေးအလင်္ကာရဲ့ လှည့်ကွက်ဆိုတာလည်း သူ ဘယ်လိုမှ နားလည်လက်ခံနိုင်ခြင်း မရှိပေ။

မြရိပ်ညိုကို ဆေးကုသမှု ပြုရမယ်။

မြရိပ်ညို သတိရလာမှ အသေအချာမေးမြန်းရမည် ဖြစ်သည်။

"မောင်က ညီမလေးရဲ့ဆရာဝန်တစ်ယောက်ပဲ မဟုတ်လား၊ ကောင်းပါပြီလေ ... မြဒင် မင်းလည်း မြရိပ်ညိုလေးကို ချော့မော့ပြုစုပေးနေပါ ... ဒီကလေးမ စိတ်တွေက အမျိုးမျိုးပြောင်းလဲနေတာလေ ... ညီမလေးဆန္ဒမရှိရင်တော့ မင်းဒီအိမ်ကနေ ထွက်သွားရမယ် ... မင်းကို ငါအရင်ထဲက လက်ခံချင်တာ မဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မမကြီး ... စိတ်ချပါ၊ ကျွန်တော့်ဇနီး အနားမှာတော့ နေခွင့်ပြုပါနော် ... ကျွန်တော် စိတ်ပူလို့ပါ ... ဒေါက်တာ့ဆန္ဒအတိုင်းပဲ ကျွန်တော် ဆင့်ဆင်ခြင်ခြင်နေထိုင်ပါ့မယ်၊ မြရိပ်လေးနဲ့တော့ မခွဲကြပါနဲ့တော့ဗျာ တောင်းပန်ပါတယ် ..."

မြဒင်ကိုယ်တိုင်လည်း အပီအပြင် သရုပ်ဆောင်ကာ မျက်ရည်လေးစမ်းစမ်းနှင့် တောင်းပန်လိုက်သည်။

ဒေါက်တာချစ်သောမောင် မင်းဘာကောင်လဲ ...

ငါ့ပါးစပ်ပေါက် အဝရောက်နေတဲ့အစာကို ပုတ်ချတဲ့ကောင်။

မြဒင် အတော်လေး သည်းခံနေလိုက်ရ၏။

မင်းသိမယ် ... ဒေါသတွေဖြစ်နေသည်။

"ကဲပါ မောင်ရယ် ... အလက်ာတို့ သွားတော့မယ်၊ မြရိပ်ညိုလေး သတိရလာရင်သာ အမှန်တရားကို မေးပါ ... မောင့်လူနာက သိပ်စိတ်မှန်တာ မဟုတ်ဘူး ... မောင့်လက်ထဲပဲ အပ်လိုက်ပါတယ်၊ အထူးဂရုစိုက်ပြီး ပြုစုပေးပါ ..."

တေးအလင်္ကာ အပြုံးချိုချိုလေးနှင့်ပြောပြီး ပြန်ထွက်လာခဲ့သည်။

မြဒင်လည်း နောက်မှကုတ်ကုတ်လေး ကပ်လိုက်လာခဲ့၏။

တေးအလင်္ကာရဲ့ အိပ်ခန်းထဲရောက်မှ ဒေါသက ပေါက်ကွဲလေသည်။





"ဒေါ်ကြွေစေ့ ပြောလိုက်တာပဲဖြစ်မယ် မြဒင် ... တောက် ဒီအဖွားကြီးကို ငါမသင်္ကာတော့ဘူး ... ငါ့အပေါ် သစ္စာမဲ့တာပဲ"

"ကျွန်တော်ကတော့ ဆရာဝန်ကိုရော ဒေါ်ကြွေစေ့ကိုရော ရှင်းပစ်လိုက်ချင်တယ် မမကြီး ... ရှုပ်တယ် ..."

"နေဦး မြဒင် ..."

တေးအလင်္ကာ တားဆီးပစ်လိုက်သည်။

ဘာဖြစ်လို့လဲဆိုတော့ မောင့်ကို တေးအလင်္ကာ အရူးအမူးချစ်မိနေပြီဖြစ်၍ ဖြစ်၏။

မောင့်ကို အရယူရမယ် ...

ရှင် မလွဲမသွေ လက်ထပ်ရမှာက တေးအလင်္ကာကိုပဲ။

မောင့်နှလုံးသားတွေက မြရိပ်ညိုကို စွဲလမ်းချစ်ခင်နေတာကို တေးအလင်္ကာ သိလိုက်သည်။

ရမလား ...

မောင့်ကိုတော့ အလင်္ကာ မရက်စက်နိုင်။

အခြေအနေကို စောင့်ကြည့်ဖို့ပဲ မြဒင်ကို အမိန့်ပေးထားလိုက်၏။

မြရိပ်ညိုလေးကို မြဒင်ရမှဖြစ်တော့မယ်နော် မမကြီးတဲ့။

ရစေရမှာပါ မြဒင် ...

ငါကလေ မြရိပ်ညိုကို ခွေးစာကျွေးပစ်ချင်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိုကျေးပစ်မယ် ...

– တေးအလင်္ကာရဲ့ အကြီးအစည်တွေ ဘယ်တော့မှ ပျက်စီးမသွားစေရဘူး။

အောင်မြင်အောင်လုပ်ဖို့ပဲ ဆုံးဖြတ်ထားသည်။

+++

အခန်း ( ၂၀ )

"ဒေါ်ကြွေစေ ... ရှင် ... ရှင် ... ကျွန်မကို သစ္စာဖောက်တယ်ပေါ့လေ ... ရှင်ကြီးတို့မိဘစဉ်ဆက် ကျွန်မတို့ထမင်းကိုစားကြပြီး ကျေးဇူးကန်းတာပဲ ... မြရိပ်ညိုအတွက် အသက်နဲ့လဲပြီးတောင် ရှင်ကြီးက အကာအကွယ်ပေးလိုက်တယ်ပေါ့ ... "

"ငါ့ကို နင့်စိတ်တိုင်းကျလုပ်တော့ တေးအလင်္ကာ ... ငါလုံးဝသည်းမခံနိုင်တော့ဘူး ... နင့်လုပ်ရပ်တွေက လူမဆန်တော့ဘူး၊ ဟုတ်တယ်လေ ... နင်က ရက်စက်မှာပေါ့။ မြရိပ်ညိုလေးက နင်နဲ့သွေးသားမှ မတော်စပ်တာပဲ"

"ဘာပြောတယ်"

"နင်က သူဌေးကြီးဦးထင်ကျော်မြရဲ့သမီးမှ မဟုတ်တာ၊ နင့်အဖေကသာ ဦးထင်ကျော်မြ ကားမောင်းတဲ့ဒရိုင်ဘာ ချစ်ပဲ"

"ဘာပြောတယ် ... ရှင်ကြီး ဘာပြောလိုက်တာလဲ၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အဖေက ဘယ်သူ ... ပြန်ပြောစမ်း"

"ဟုတ်တယ် ... နင်က ဒရိုင်ဘာရဲ့သွေး အစေခံရဲ့သွေးပဲ၊ နင့်အမေက အရမ်းဆိုးရွယ်ကျပြီး ဒရိုင်ဘာနဲ့ဖောက်ပြန်ပြီး နင့်ကို ရခဲ့တာလေ ... သူဌေးကြီးသွေး မဟုတ်ဘူး၊ ဒါကို သူဌေးကြီးကိုယ်တိုင် သိတယ် ... ဒါကြောင့် နင့်အမေကို မကြင်နာတာဘဲ"

ဘာတွေဖြစ်ကုန်ပြီလဲ။

ဒေါ်ကြွေစေ့က ငယ်စဉ်လေးထဲက 'ဒက်ဒီနှင့်မာမီတို့နှင့် အတူတူနေထိုင်ကြီးပြင်းလာခဲ့တာပါ။

ဒက်ဒီ့သမီး မဟုတ်ဘူးတဲ့။

အိမ်မှာခိုင်းထားတဲ့ ဒရိုင်ဘာရဲ့သမီးတဲ့။

"ရှင်ကြီး မဟုတ်တာတွေ ဘာတွေလာပြောနေတာလဲ၊ မဖြစ်နိုင်တာတွေ ... ရှင်ကြီးကို သတ်ပစ်မယ်၊ တေးအလင်္ကာ အပေါ် သစ္စာမဲ့ရင် အသေဆိုးနဲ့သေရမှာနော် ... ခွေးမကြီး ... "

"ညည်းဟာ အလွန်ရိုင်းစိုင်းယုတ်မာတဲ့ မိန်းမတစ်ယောက်ပဲ တေးအလင်္ကာ ... နာမည်နဲ့မလိုက်ဘူး ... ညည်းသာ ခွေးမ"

"ဘာ ... "

"ဖြန်း"

"ဖြန်း ... ဖြန်း ... "

"ရိုက်လေ ... ညည်း လူကြီးကိုစော်ကားမှုအတွက် မကြာ





ခင် ဒုက္ခရောက်ရလိမ့်မယ် ... အပြစ်ကင်းတဲ့ မြရိပ်ညိုလေးကိုလဲ ညည်း လူမဆန်အောင် ညှင်းပန်းနှိပ်စက်ခဲ့တယ်၊ ကျုပ်က ညည်း အပေါ် သစ္စာရှိပြီး အမြဲတမ်း ရေငုံနှုတ်ပိတ်နေခဲ့တာ"

ဒေါ်ကြွေစေ့လည်း မထူးတော့ပြီမို့ အမှန်ဘက်ပဲ ရပ်တည်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒေါက်တာချစ်သောမောင်အား အမှန်တွေ ဖွင့်ပြောပြလိုက်၏။

မိမိကို အရှင်မထားတော့ပါဘူး။

မြရိပ်ညိုလေးဘဝကိုတော့ အနစ်မွန်းမခံနိုင်တော့ပေ။

ဒေါ်ကြွေစေ့ ကာကွယ်ပေးရမည်ဖြစ်သည်။

"ညည်း ... ငါ့ကိုသတ်ပစ်လိုက်လေ တေးအလင်္ကာ ... ညည်းက လက်ဦးသွားလို့ပဲ ... ညည်းလိုမိန်းမမျိုးကို ငါသစ္စာမရှိနေနိုင်တော့ဘူး ... ဒေါက်တာချစ်သောမောင်ကို ငါအားလုံးပြောပြထားလိုက်ပြီ"

"ဖြန်း ... ဖြန်း ... "

"ခွေးမကြီး ... နင့်ကို ခွေးစာကျွေးပစ်မယ်"

ဒေါ်ကြွေစေ့အား ထမင်းမကျွေးဘဲ အခန်းထဲမှာ ချုပ်နှောင်ထားဖို့ မြဒင်ကို အမိန့်ပေးပစ်လိုက်သည်။

"မြဒင်ကတော့ တစ်ခါထဲ အပြတ်ရှင်းပစ်လိုက်ချင်တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



မမကြီး"

"ခဏာနေဦး ... လိုအပ်ရင် သုံးရမယ်၊ ငါလုပ်ချင်တဲ့အလုပ် တစ်ခုရှိသေးတယ် မြဒင် ... "

ဒေါက်တာချစ်သောမောင်ကို အရယူဖို့အတွက် တေး အလင်္ကာ ကြံစည်နေသည်။

ရှင့်ကိုလည်း လွှတ်မြောက်ခွင့်မပေးနိုင်ဘူးမောင်။

အလင်္ကာချစ်တယ် ...

ရူးသွပ်မတတ် ချစ်မိနေပါပြီ ...

မောင့်ကိုသာ လက်လွှတ်ဆုံးရှုံးရရင် အလင်္ကာ သေပစ် လိုက်မလားတောင် မသိတော့ပါဘူး။

ဒီညပဲ လှုပ်ရှားဖို့ ဆုံးဖြတ်ထားသည်။

"မြဒင် ... ခဏစောင့်ဦး၊ မောင့်ကို ငါအရယူမယ် ... ငါ ချစ်ရတဲ့ ဒေါက်တာချစ်သောမောင်နဲ့အတူ ငါနေရမယ်၊ ပြီးမှ အား လုံး ရှင်းပစ်လိုက်တော့"

"မမကြီး ... အန္တရာယ်များတယ်နော် ... ဒေါက်တာချစ် သောမောင်ကိုပါ ရှင်းပစ်ရမှာပါ ... ဒီလူက မမကြီးကို ဒုက္ခကောင်း ကောင်းပေးလိမ့်မယ်"

"ထားလိုက်ပါ ... ဒါက ငါ့ကိစ္စပဲ၊ မောင့်ကိုအချုပ်သတ်ပြီး ငါအရယူမယ်၊ မရှင်းပစ်နိုင်ဘူး ... မောင့်ကို တခြားသူတွေလို ငါ





မရက်စက်နိုင်ဘူးဖြစ်နေတယ်"

"ဒေါက်တာချစ်နေတာက မြရိပ်ညိုလေ ... "

"တိတ်စမ်း"

ဒီစကားမျိုးကို တေးအလင်္ကာ မကြားချင်ဆုံးဘဲ။

ကိုသိင်္ဂါတုန်းကလည်း ကြားခဲ့ရသည်။

ဒေါသတွေ မထိန်းချုပ်နိုင်အောင် ပေါက်ကွဲရ၏။

မောင့်ကိုတော့ တေးအလင်္ကာ အရယူရမယ်။

သေမင်းနိုင်ငံကို မပို့နိုင်ပါဘူး။

အလင်္ကာ မရက်စက်နိုင်ဘဲဖြစ်နေသည်။

"နင်တို့ စောင့်ကြည့်နေ ... ဟိုဟာမ မြရိပ်ညိုကို သွားမထိ ဦး"

နင်က ဒက်ဒီ့သွေးအစစ်လား။

ဒါကြောင့် ... ဒက်ဒီက နင့်ကို ငါ့ထက်ပိုချစ်ပြီး နင့်အတွက် မွေတွေပေးခဲ့တာပဲ။

နင်သေသွားရင်တောင် ငါမရနိုင်အောင် စီစဉ်ထားခဲ့တယ်။

ငါက နင့်ကိုရှင်းမပစ်အောင်လေ။

ဒေါ်ကြွေစေ့ ပြောသလို တေးအလင်္ကာက ဒရိုင်ဘာရဲ့ သွေးပဲ။

သူမ တွေးမိတိုင်း တုန်လှုပ်ချောက်ချားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အမေက ဒရိုင်ဘာနဲ့ဖောက်ပြန်ခဲ့တာလေ၊ နင့်အမေက ယောကျ်ားတကာနဲ့ဖောက်ပြန်နေတာ ... ဦးထင်ကျော်မြက သည်းမခံနိုင်တော့လို့ ဥပေက္ခာပြုထားလိုက်တာပဲ၊ နင်လည်း အစေ အပါးအွေးအစစ်ပဲ"

"တောက်"

တေးအလင်္ကာ တွေးမိတိုင်း ဆောက်တည်ရာမရအောင် ပေါက်ကွဲနေရသည်။

သွေးတွေပင် ပွက်ပွက်ဆူချင်လာ၏။

မောင်နဲ့ လက်ထပ်ပြီးရင်တော့ အားလုံးကို မီးလောင်တိုက် သွင်းပစ်ရမယ်။

မောင်နဲ့တေးအလင်္ကာတို့ အချစ်အိမ်လေးတည်ဆောက် ပျော်ပျော်ကြီးနေပြမယ်။

မောင်ရှိနေတဲ့ အိပ်ခန်းထဲ အလင်္ကာ ဝင်လာခဲ့သည်။

"မောင်"

"အလင်္ကာ မင်းဘာလာလုပ်တာလဲ"

"ညီမလေး အခြေအနေကိုသိချင်လို့ လာမေးတာပါ မောင် ရယ် ... အထိတ်တလန့်နဲ့ ညီမလေး သတိရလာပြီလားဟင်"

တေးအလင်္ကာကို တွေ့လိုက်ရတော့လည်း ချစ်သောမောင် တွေဝေနေခဲ့သည်။





ဒေါ်ကြွေစေ့တို့ ပြောတာ ဟုတ်နိုင်ပါ့မလားဟု ထင်လာရ ၏။

မြရိပ်ညိုကိုမေးတော့လည်း သူမနှင့်မြဒင်တို့က တကယ်ပဲ ခိုးရာလိုက်ပြေးခဲ့ဖူးတာပါတဲ့။

မမကြီးက မြရိပ်ညိုအပေါ် ကောင်းရှာပါတယ်တဲ့။

မြရိပ်ညို စိတ်တွေကိုက မမှန်တော့ဘဲ ကယောက်ကယက် ဖြစ်နေတာဟု ပြောခဲ့သည်။

"မောင်"

"ဟင်"

"ညီမလေးအခြေအနေရော စိတ်ပူရလားဟင် ... ကျွန်မတို့ ရန်ကုန်ကိုပြန်ခေါ်သွားပြီး အထူးကုဆရာဝန်ကြီးတွေနဲ့ ပြသင့်နေပြီ ထင်တယ် ... ဘာဆက်လုပ်ရမလဲဟင်"

"မြရိပ်ညို သတိပြန်ရလာပါပြီ တေးအလင်္ကာ ... မင်းကို လည်း သူ့အပေါ်အရမ်းကောင်းပါတယ်တဲ့၊ မြဒင်က သူ့ခင်ပွန်းပါ တဲ့"

"ဟုတ်လား ... ညီမလေးက အဲဒီလိုပဲပြောလား၊ ဝမ်းသာ လိုက်တာ ... အလင်္ကာလေ စိတ်ပူလိုက်ရတာ၊ မောင်အထင်လွဲမှာ ရော ညီမလေး စိတ်ဖောက်ပြန်ရူးသွပ်သွားမှာရောပဲ ... အခုမှ စိတ်အေးရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြွေစေ့ ပြောတာတွေကို ဒေါက်တာမယုံပါနဲ့တဲ့။

မြရိပ်ညိုကိုယ်တိုင်က ပြောပြီဆိုတော့လည်း ဒေါက်တာချစ်သောမောင် စိတ်တွေ သံသယတစ်ဝက်နှင့် တေးအလင်္ကာကိုလည်း ကောက်ကျစ်လှတ်မာတဲ့မိန်းမတစ်ယောက်အဖြစ် မထင်ရက်ဘဲ ဖြစ်နေသည်။

"မောင်"

"ဟင် … ကျွန်မအပေါ် သံသယတွေ မထားပါနဲ့နော် … ညီမလေးအတွက် အကောင်းဆုံးတွေ ဘယ်လောက်အထိ လုပ်ပေးထားလဲဆိုတာ မောင်အသိဆုံးပါကွယ် … အလင်္ကာလေ အရမ်းကို မောပန်းနွမ်းလျှနေပါပြီ"

"ကိုယ် တောင်းပန်ပါတယ် အလင်္ကာ … လောလောဆယ်တော့ မြရိပ်ညိုလေးကို တစ်ယောက်ထဲပဲထားပေးစေချင်တယ်၊ သူ့စိတ်တွေက သိပ်မမှန်ချင်သေးဘူးလေ"

ရှင်ကလေ မြရိပ်ညိုအတွက်ပဲ အမြဲတမ်းစိုးရိမ်ပူပန်နေတာပါပဲလား။

ဟိုဟာမ မြရိပ်ညိုကလဲ ဒေါက်တာချစ်သောမောင်အား အလင်္ကာတို့အဖွဲ့က ရန်ရှာတော့မှာကို စိတ်ပူပြီး သူမဘာဝကိုပဲ အနစ်မွန်းခံ စတေးတော့တာဖြစ်သည်။

"ကျွန်မတို့ လသာဆောင်မှာ ထိုင်ပြီး အအေးလေးသောက်





ကြရအောင်နော် … ကျွန်မ အဆင်သင့်ပြင်ဆင်ထားတယ်လေ"

"ကောင်းတယ် အလင်္ကာ … ကိုယ်လည်း အပန်းဖြေချင်တယ်၊ မင်းရော စိတ်တွေပင်ပန်းနေပြီလေ"

တေးအလင်္ကာကို သူ့အိပ်ခန်းမှာ အတူရှိမနေချင်၍ ချစ်သောမောင် အပြင်ကိုပဲ ထွက်လာခဲ့သည်။

သူ့စိတ်တွေက အရင်ကလောက် တေးအလင်္ကာအပေါ် အမြင်မကြည်လင်ချင်တော့ပေ။

ကြောက်ရွံ့နေမိသလိုပင်။

မြရိပ်ညိုလေးအား ရန်ကုန်က ဆေးရုံကြီးတွေမှာ ပြသကုသဖို့ အလင်္ကာအား တောင်းဆိုရမည်ဖြစ်၏။

အလင်္ကာကိုယ်တိုင် စကားလမ်းကြောင်း စပေးလာ၍ သူဝမ်းသာအားရနှင့် အလင်္ကာကို အလိုက်အထိုက် ဆက်ဆံနေဖို့ ဆုံးဖြတ်လိုက်သည်။

"အအေးသောက်ပါဦးမောင်ရယ် … ညီမလေးအတွက် ဒီလောက်အထိ အပူပင်မထားနေပါနဲ့ … အလင်္ကာတောင် အားနာလာပြီလေ"

မောင်ရယ် …

ရှင်ကတော့ အလင်္ကာရဲ့စက်ကွင်းထဲကနေ မလွတ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို အလင်္ကာ အရမ်းချစ်တယ်။

နှလုံးသားတွေထဲအထိ နက်နက်ရှိုင်းရှိုင်းပဲ တိုးဝင်နှစ်သက်မြတ်နိုးနေခဲ့ရတာပါ။

မောင်ရဲ့ချောမောခန့်ညားတဲ့မျက်နှာပြင်လေးကိုအလင်္ကာ ရူးသွပ်စွာ စူးစိုက်ကြည့်မိနေသည်။

"အလင်္ကာ ... အအေးခွက်ထဲမှာ ဘာတွေထည့်ထားတာလဲ၊ ကိုယ့်ခေါင်းတွေ ရီဝေလာပြီ ... အား ... မင်း ... မင်း"

"အအေးခွက်ထဲမှာ အလင်္ကာ အချစ်တွေထည့်ထားတာပါ မောင်"

"မင်း ... မင်း ... အား ... "

ဒေါက်တာချစ်သောမောင် စားပွဲပေါ်မှာ ခေါင်းငိုက်စိုက်ကျသွားသည်။

အလင်္ကာ ကျေနပ်စွာ ပြုံးပစ်လိုက်၏။

မြခင်တို့အဖွဲ့က ချစ်သောမောင်အား သူမ အိပ်ခန်းဆီ ပို့ဆောင်ပေးကြသည်။

"မြခင်"

"အမိန့်ရှိပါ မမကြီး"

"မမကြီးကိစ္စ မအောင်မြင်မချင်း မြရိပ်ညိုကိုသွားပြီး မထိနဲ့ဦး"





"ကောင်းပါပြီ မမကြီး ... မြခင်အတွက်ကတော့ မြရိပ်ညိုကို မရလို့ မဖြစ်ဘူးနော်"

"မြခင်ရယ် ... နင့်ကိုလက်ဆောင်ပေးပြီးသားပါ"

မြခင်တို့ ထွက်သွားသည်။

မောင်ကတော့ အလင်္ကာ့ခုတင်ပေါ်မှာ မိန်းမောနေသည်။

အလင်္ကာ အသေအချာကြည့်မိနေ၏။

မောင့်နှုတ်ခမ်းတွေက ရဲရဲပြီး နှုတ်ခမ်းမွှေးစိမ်းစိမ်းလေးက မောင့်ကို ယောကျ်ားပီသခန့်ညားစေသည်ဟု ထင်မိနေသည်။

"မောင်ရယ် ... အလင်္ကာ အရမ်းချစ်လို့ပါ၊ အလင်္ကာရူးတော့မယ်ထင်တယ်"

မောင့်ဘေးနားမှာ အလင်္ကာဝင်အိပ်ပစ်လိုက်သည်။

မောင့်ကို ဖက်တွယ်၍ မောင့်မျက်နှာလေးအား ကိုင်တွယ်ပွတ်သပ်နေမိ၏။

ဒေါက်တာချစ်သောမောင်ကို လက်ထပ်ပြီး စည်းစိမ်တွေ အပြည့်နဲ့ လူ့လောကကြီးကို ဖြတ်သန်းတော့မည်ဖြစ်သည်။

ညဥ့်နက်လာ၏။

မောင်နှင့်တစ်ညတာ အိပ်စက်ဖို့ အလင်္ကာ အအေးခွက်ထဲသို့ အိပ်ဆေးအနည်းငယ် ခတ်ထားခဲ့သည်။

သန်းခေါင်ကျော်လောက်မှာ အလင်္ကာ အိပ်ပျော်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့်ချစ်တမ်းကစားရင်း အကြင်နာတွေနှင့်ရင်တုန်လှိုက်မောစွာ အိပ်မက်လှလှလေးတွေပင် မက်နေခဲ့လေသည်။

"အား ... ကျွတ် ... ကျွတ် ခေါင်းတွေကိုက်လိုက်တာ ... အား ... "

ချစ်သောမောင် အိပ်မက်ဆိုးတွေကနေ လန့်နိုးလာသလို တစ်စုံတစ်ယောက်က သူ့ခန္ဓာကိုယ်အား သိုင်းဖက်ထားသည်ဟု ခံစားရပြီး အိပ်ရာကနေ လူးလဲထလိုက်ကာ မျက်လုံးတွေကိုအားယူဖွင့်ကြည့်မိသည်။

"ဟင် ... ငါဘယ်ရောက်နေတာလဲ ... ဟာ ... ငါ့ဘေးမှာ အိပ်နေတာက တေးအလင်္ကာပဲ ... ငါရောက်နေတာ တေးအလင်္ကာ အခန်း ... "

သူ အလန့်တကြားနှင့် ထလိုက်သဖြင့် တေးအလင်္ကာပါ လန့်နိုးသွားသည်။

"ဟင် ... မောင် နိုးသွားပြီလား၊ မောင်နဲ့အလင်္ကာ တစ်ညလုံး အတူတူအိပ်စက်ခဲ့ကြတာလေ"

"ဘာပြောတယ် အလင်္ကာ ... မင်း ... မင်း ကိုယ့်ကိုအိပ်ဆေးခတ်ပြီး ခေါ်လာတာပဲ"

"အင်းလေ"

"ဘာ"





"မောင်နဲ့အလင်္ကာတို့ တစ်ညလုံးအိပ်စက်ခဲ့တာ၊ ညီမလေးခင်ပွန်း မြဒင်တို့ သိသွားကြပြီလေ ... ဘယ်လိုလုပ်မလဲဟင်၊ မောင်နဲ့အလင်္ကာ လက်ထပ်ကြမှဖြစ်မယ်ထင်တယ်"

"မင်း ... မင်း အကောက်ကြံတာပဲ၊ အစောကြီးထဲက မင်းကို ငါမယုံကြည်သင့်ဘူး တေးအလင်္ကာ ... မင်းကို ငါမချစ်ဘူး လက်လည်း မထပ်နိုင်ဘူး ... မင်းတမင်ကြံစည်လိုက်တာပဲ ငါရှင်းမှယ်"

"မောင်ရယ် ... ဘာဖြစ်လို့ ငြင်းဆန်ချင်ရတာလဲ၊ မြရိပ်ညိုမှာ ကာမပိုင်လင်ရှိတယ်နော်၊ သူများသားမယားကိုမှ ဘာဖြစ်လို့ချစ်နေရတာလဲ ... ကျွန်မနဲ့လက်ထပ်ပါ ... "

"လုံးဝမဖြစ်နိုင်ဘူးနော် အလင်္ကာ၊ မင်းလိုမိန်းမမျိုးကို ငါ အထင်မကြီးဘူး ... ဒေါ်ကြွေစေ့ပြောတာတွေက အမှန်တွေပဲ၊ မင်း တော်တော်လေး အကြံပက်စက်တာပဲ"

"မောင်ရယ် ... အလင်္ကာလေ မောင့်ကို ချစ်မြတ်နိုးလွန်းလို့ပါ ရှုးသွပ်မတတ်ပါပဲမောင် ... အလင်္ကာ့ကို လက်ထပ်ပါ၊ မြရိပ်ညိုကို လွတ်မြောက်ခွင့်ပေးဖို့ အလင်္ကာ ကတိပေးပါတယ်"

"ဘာကွ"

"မြရိပ်ညိုက အလင်္ကာ့ လက်ခုပ်ထဲကရေလေ ... မောင်ကိုယ်တိုင်ရော ဒီမြို့ထဲကနေ ထွက်သွားခွင့်ရှိမယ်ထင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ အလကာ်လူတွေရှိတယ်နော် …”

“မင်း … မင်း …”

“အလင်္ကာ ပေါ်တင်ပဲ တောင်းဆိုမယ်နော် … မြရိပ်ညိုဘဝ ဆက်ပြီးရှင်သန်စေချင်ရင် ကျွန်မနဲ့အသာတကြည် လက်ထပ်ပါ”

“မင်း မြရိပ်ညိုကို လက်ဖျားနဲ့တောင် မထိနဲ့နော် အလင်္ကာ၊ မင်းတာတွေလုပ်နေတာလဲ … ရာဇဝတ်ဘေးဆိုတာ ပြေးလွတ်မယ်လို့ မင်းထင်နေတာလား၊ ဒီလိုယုတ်မာပက်စက်မှုအတွက် မင်း မလွဲမသွေ ခံရမှာပဲ”

“မောင်ရယ် … တေးအလင်္ကာပါ၊ မောင်နဲ့ကျွန်မ လက်ထပ်ကြမယ်၊ လင်မယားအရာမြောက်သွားပြီဆိုရင် မြရိပ်ညိုကို မြခင်လက်ထဲ မအပ်တော့ဘူး … ဒါမှမဟုတ်ရင်တော့ …”

“တေးအလင်္ကာ … မင်းယုတ်မာလှချည်လား၊ ကောင်းပြီလေ … မင်းကို ငါလက်ထပ်မယ်၊ မြရိပ်ညိုကိုတော့ လုံးဝမထိနဲ့နော် … ဒေါ်ကြွေစေ့ရော့ သူ့လက်ထဲအပ်မယ်”

“မောင်”

“ပြော”

“မောင့်ရင်ခွင်ထဲ ကျွန်မ အိပ်စက်ချင်တယ်၊ ဒီနေရာလေးမှာပဲ မင်္ဂလာဦးညလေးကို မောင်နဲ့ဖြတ်သန်းချင်ပါတယ်”

“ဟာကွာ …”





တေးအလင်္ကာကို အော့နှလုံးနာလာကာ စက်ဆုတ်ရွံရှာလာသည်။

အရှက်မရှိလိုက်တဲ့မိန်းမ။

ဟန်ဆောင်လိမ်ညာမှုတွေနဲ့ လူတွေကို ရက်စက်ယုတ်မာနေသူပဲ ဖြစ်၏။

မြရိပ်ညိုကြောင့်ပါ။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၁ )

"မမကြီး ... မမကြီး အလင်္ကာ အပြင်မှာသက်ဆိုင်ရာတွေ ဝိုင်းထားတယ်၊ တခြားသူတွေ အဖမ်းခံသွားရပြီလေ ... မြဒင်နဲ့ မမကြီးကိုဖမ်းဖို့ ဝင်လာနေကြပြီ"

"ဒုန်း ... ဒုန်း ... "

"မမကြီး ... ဝုန်း ... တံခါးဖွင့်ပါ"

တေးအလင်္ကာ အပြင်မှ မြဒင်အသံကြောင့် မောင့်ရင်ခွင်ထဲမှာ နူးနှပ်နေရာကနေ လူးလဲထလိုက်ပြီး တံခါးကို ဖွင့်ပေးလိုက်သည်။

"မမကြီး ဖရိုဖရဲနဲ့ အဝတ်အစားတွေကို ဝတ်ပါဦးဗျာ၊ ရှက်စရာကြီး ... "

"ဟင်"

"ရဲတွေရောက်နေပြီ ... လူသတ်မှုအတွက်ရော တခြားကိစ္စ





တွေရော ... "

"ဘာပြောတယ်"

တေးအလင်္ကာ အထိတ်တလန့်နှင့် အခန်းထဲမှပြေးထွက်လာပေမယ့် လွတ်မြောက်ရာလမ်းက မရှိတော့။

ရဲတွေက သူမအား လက်ထပ်ခတ်ဖမ်းလိုက်ပြီ ဖြစ်သည်။

"ဟေ့ကောင် မြဒင် ... မင်းထွက်ပြေးဖို့ မကြံစည်နဲ့နော်၊ အားလုံးဝိုင်းထားပြီးပြီ"

မြဒင် တားဆီးနေသည့်ကြားမှပင် လသာဆောင်ပေါ်ပြေးတက်သွားပြီး အောက်သို့ ခုန်ချလိုက်သည်။

"ဝုန်း"

"ဒိုင်း"

"အား"

သူမ ကြားလိုက်ရတဲ့အသံကြောင့် မျက်နှာကို လက်ဝါးနှင့် အုပ်ထားလိုက်မိသည်။

သွားပါပြီ ...

တေးအလင်္ကာအတွက် ဝင်ခံပေးမယ့်သူက မရှိတော့။

ကြားလိုက်ရတဲ့အသံက ပွဲချင်းပြီးသွားပုံပင်။

"ဒီကောင် သေပြီထင်တယ် ... ကျန်တဲ့ကောင်တွေကို အချုပ်ကားပေါ် တင်လိုက် ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဘာဖြစ်လို့ ဖမ်းရတာလဲ ... ကျွန်မ ဘာအပြစ်မှ မကျူးလွန်ပါဘူး၊ ဘာဖြစ်လို့ လက်ထိပ်ခတ်ထားရတာလဲ"

"မင်း လူသတ်မှုတွေအများကြီး ကျူးလွန်ထားတယ် တေးအလင်္ကာ ... ကိုသိင်္ဂါဆိုတဲ့လူကိုရော ... သူဦးလေးကိုရော"

"ကျွန်မ ဘာမှမလုပ်ပါဘူး၊ ဘယ်သူ့ကိုမှလည်း မသတ်ပါဘူး လွှတ်ပါ ... မောင် ကျွန်မကို ကယ်ပါဦး ... ရဲတွေဖမ်းနေပြီ"

ဒေါက်တာချစ်သောမောင်ကတော့ တေးအလင်္ကာကို စက်ဆုတ်ရွံရှာတဲ့အကြည့်တွေနှင့် ကြည့်မိသည်။

ဒေါ်ကြွေစေ့ ပြောတာတွေက အမှန်ပဲဖြစ်နေ၏။

မြရိပ်ညိုလည်း အခန်းထဲကနေ ပိုးချယ်နှင့်ထွက်လာသည်။

"မမကြီး ဘယ်လိုဖြစ်ရတာလဲ ... ကျွန်မအစ်ကို မဖမ်းကြပါနဲ့ ... လွှတ်ပါ ... "

မမကြီးကို ဖမ်းတာကိုမြင်တော့ မြရိပ်ညို အထိတ်တလန့် ပြောမိနေသည်။

"ဟဲ့ကောင်မ ... နင်က ဟန်ဆောင်ပြီး ငါ့ကိုသနားကြင်နာ ဟန် ဆောင်မနေနဲ့နော် ... ကိုသိင်္ဂါကို နင်သတ်တာ၊ သူဦးလေးကိုလည်း နင်ပဲသတ်တာ ... သူ့ကိုဖမ်းကြပါ လူသတ်တရားခံက သူပါ"

"တေးအလင်္ကာ ... မင်း ခုထိ နောင်တမရသေးဘူးလား မင်းကမှ လိမ်ညာဟန်ဆောင်ပြီး လူသတ်မှုတွေ ကျူးလွန်ခဲ့တာ





မြရိပ်ညိုကိုလည်း မင်း မတရားညှင်းပန်းနှိပ်စက်နေတာပဲ၊ မြဒင်က မင်းလက်သပ်မွေးထားတဲ့ လူမိုက်ပဲ"

"မောင် ဘာတွေပြောနေတာလဲ၊ အလင်္ကာ ဘာမှမသိပါဘူး မောင်ရယ် ... အလင်္ကာ့ကို ယုံကြည်ပေးပါ၊ မြရိပ်ညိုကို မယုံပါနဲ့၊ အစေခံမရဲ့သမီး ... "

ရဲတွေက တေးအလင်္ကာကို အတင်းအကြပ် ဖမ်းဆီးခေါ် ဆောင်သွားသည်။

အိမ်မှာရှိနေတဲ့လူတွေအားလုံး ဘယ်မှမသွားဖို့ လိုအပ်လျှင် ခေါ်ယူစစ်ဆေးမည်ဖြစ်ကြောင်း ပြောသွား၏။

မြရိပ်ညို မျက်ဝန်းတွေထဲမှ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

"မြရိပ်ညို ... မငိုပါနဲ့ကွာ၊ တေးအလင်္ကာကတော့ သူ့အကုသိုလ်တွေက သူ့ကိုအကျိုးပေးသွားတာပါ၊ ဘယ်လိုမှ မတတ်နိုင်တော့ဘူးလေ ... မင်းရဲ့ဝမ်းနည်းကြေကွဲနာကျင်ရမှုတွေ အဆုံးသတ်သင့်နေပါပြီ"

"ဒေါက်တာရယ် ... မမကြီးအတွက် မြရိပ်ညို တကယ်ပဲ စိတ်ထိခိုက်ကြေကွဲရပါတယ် ... ဒါနဲ့ ဒေါ်ကြွေစေ့ရောဟင်"

"ဟုတ်သားပဲ ... ဒေါ်ကြွေစေ့ကို တေးအလင်္ကာ ဘာများလုပ်ထားလဲ မသိဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ချစ်သောမောင်လည်း ဒေါ်ကြွေစေ့ကို ရှာမိသည်။

စတိုခန်းထဲမှာ ကြိုးနှင့်တုတ်ထားသည်ကို တွေ့လိုက်ရသည်။

"ဒေါ်ကြွေစေ့ ဘယ်လိုဖြစ်ရတာလဲ တေးအလင်္ကာ လုပ်ထားတာလား ..."

"ဟုတ်တယ် ဒေါက်တာ ... မြဒင်နဲ့တေးအလင်္ကာတို့ ဖမ်းထားတာပါ"

"ဖြစ်ရလေဗျာ"

"ဒေါက်တာ အပြင်မှာ ဘာတွေဖြစ်နေပြီလဲ၊ မြဒင်ရော တေးအလင်္ကာတို့က အရမ်းကြောက်စရာကောင်းတယ် ... မြရိပ်ညိုလေး အန္တရာယ်တစ်ခုခုဖြစ်မှာ စိတ်ပူတယ်"

"မြဒင် သေသွားပါပြီ ... တေးအလင်္ကာလည်း အဖမ်းခံရတယ်၊ မြဒင်အလောင်းလည်း သယ်သွားပါပြီ"

"အမလေး ... အခုမှပဲ ရင်မောသက်သာတော့တယ်ကွယ်"

ဒေါ်ကြွေစေ့ကို ဒေါက်တာချစ်သောမောင် ဆေးကုသပေးရသည်။

"မြရိပ်လေး ..."

"ရှင် ... ဒေါ်ကြွေစေ့"





"တကယ်တော့ တေးအလင်္ကာက မင်းအစ်မအရင်းမဟုတ်ပါဘူး။ သူ့အမေ ဒရိုင်ဘာနဲ့ဖောက်ပြန်ပြီး ရတဲ့သမီးပါ"

"ရှင်"

"သမီးလေး မြရိပ်ညိုကသာ သူဌေးကြီး ထင်ကျော်မြရဲ့သွေးစစ်စစ်ပါ ... အိမ်ဖော်မလေးနဲ့ ငြိစွန်းလို့ရခဲ့တာတော့ အမှန်ပါပဲ၊ ဒေါ်ကြွေစေ့အားလုံးသိနေပေမယ့် တေးအလင်္ကာကို သစ္စာစောင့်တည်ပြီး ရေငုံနှုတ်ပိတ်နေခဲ့တာပါကွယ်"

ဒေါ်ကြွေစေ့က အဖြစ်မှန်တွေကို ဖွင့်ပြောပြ၍ မြရိပ်ညို သိလိုက်ရသည်။

ဒါကြောင့် ...

ဒက်ဒီက သူမကို ချစ်ခဲ့တာပဲ။

ဒက်ဒီ့ အမွေတွေကို ခံစားခွင့်ရှိပါတယ်ဟု ပြောခဲ့၏။

မမကြီးရဲ့ ရက်စက်မှုတွေက ကြောက်စရာကောင်းလွန်းနေသည်။

"မြရိပ်လေးရယ် ... သမီးလေး ဝဋ်ဒုက္ခဆင်းရဲတွေက လွတ်ပါပြီ၊ ငြိမ်းငြိမ်းချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နေပါ ... တေးအလင်္ကာကတော့ သူ့စေတနာ သူ့ကို အကျိုးပြန်ပေးတာပါကွယ်"

မြရိပ်ညို ... သူမအခန်းထဲ ပြန်ဝင်လာခဲ့သည်။

လောကကြီးက ဘာတွေလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းလိုက်တာ ...

မမကြီးတေး အလင်္ကာရဲ့ အတွဲတွေက ကြောက်စရာကောင်းလွန်းနေ၏။

မြဒင် ရန်ကုန်ကနေ ဒေါ်ကြွေစေ့နဲ့ဒေါက်တာတို့က ကယ်တင်စောင့်ရှောက်ပေးကြတာပါ။

ဒီလိုမှ မဟုတ်လျှင် မြရိပ်ညိုဘဝက တွေးရဲစရာ မရှိတော့ပေ။

မြရိပ်ညို မျက်ဝန်းတွေ မှိတ်ထားပြီး နှစ်ယောက်အိပ် ခုတင်ကြီးကိုပင် မကြည့်ရဲ။

စိတ်တွေ ငြိမ်သက်သွားအောင် အတော်လေး ထိန်းချုပ်နေရသည်။

"မြရိပ်ညိုလေး ... "

"ဟင်"

နူးညံ့ပျော့ပြောင်းညင်သာလွန်းတဲ့အသံတွေကြောင့် သူမ ပိတ်ထားတဲ့မျက်ဝန်းတွေ ဖွင့်ကြည့်မိသည်။

"ဒေါက်တာ"

"မင်းကို ကျန်းမာရေးစစ်ဆေးရမယ်လေ ... ကိုယ့်တာဝန်ပဲ"

"ရှင်"





"မင်းအရမ်းကံကောင်းလို့ပဲ ... မင်းအတွက် ကိုယ်တွေးတောင် မတွေးရဲဘူး မြရိပ်လေးရယ်"

"ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ်နော်"

"မင်းစိတ်ဓာတ်ခွန်အားတွေ ပြန်စုစည်းပါတော့ကွာ၊ ကိုယ် မင်းကို လူကောင်းပကတိဖြစ်တဲ့အထိ တာဝန်ယူစောင့်ရှောက်ပေးရမှာပဲ"

"ဒေါက်တာ"

"ပြောလေ မြရိပ်လေး"

"ကျွန်မ အရင်ထဲက လူကောင်းပကတိပါပဲ ... ဒုက္ခိတဘဝက မမတေးအလင်္ကာကျေနပ်အောင် ကျွန်မ ဟန်ဆောင်နေခဲ့တာ"

"ဘာ"

"ဒီမှာကြည့်လေ ... မြရိပ်ညို ထနိုင်ပါတယ်"

"ဟာ"

မြရိပ်ညို မတ်တတ်ရပ်ပြလိုက်၍ ချစ်သောမောင် အတိုင်းအဆမရှိအောင် ပျော်ရွှင်ဝမ်းမြောက်ရပြီး မြရိပ်ညို ခန္ဓာကိုယ်လေးအား သိမ်းကျုံးပွေ့ဖက်လိုက်မိသည်။

"မင်း ... မင်း တကယ်ဘာမှမဖြစ်ဘူးနော်၊ မင်းအကောင်းပကတိပဲ ... ကိုယ် အိပ်မက်တွေ မက်နေတာမဟုတ်ပါဘူးနော်"

"တကယ်ပါ ဒေါက်တာ ... မမက ဒုက္ခိတဘဝနဲ့ပဲ တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံးနေထိုင်ရမယ်ဆိုလို့ပါ"

"ဖြစ်ရလေ အချစ်ရယ်"

မြရိပ်ညိုရဲ့ ခန္ဓာကိုယ်လေးအား ပွေ့ဖက်ပြီး ချစ်သောမောင် စိတ်ထိခိုက်ကြေကွဲနေရသည်။

မင်းအဖြစ်တွေက ကြောက်စရာ ကောင်းလိုက်တာ။ မထွေး ရဲ့အောင်ပါပဲလား မြရိပ်လေးရယ်။

"မမကြီးက မြရိပ်ညိုကို ငယ်ငယ်လေးထဲက လူတွေရှေ့မှာ သာ ချစ်ခင်ကြင်နာဟန်ပြပြီး အမြဲတမ်း နှိပ်စက်နေတာပါ"

သူမကတော့ အစ်မရဲ့အပြစ်တွေကို ထုတ်ဖော်ပြောဖို့ ဝန် လေးခဲ့သည်။

သံယောဇဉ် တွယ်နေခဲ့ရ၏။

အစ်မနှိပ်စက်သမျှ ငြိမ်သက်ခံယူနေခဲ့သည်။

"မြရိပ်လေးရယ် ... အတိတ်ကအဖြစ်အပျက်တွေကို မေ့ ပစ်လိုက်တော့ ... ဘဝသစ်မှာ မင်းလေးပျော်ရွှင်ချမ်းမြေ့မှုတွေ အပြည့်နဲ့ နေပါ"

"ဒေါက်တာရယ်"

မြရိပ်ညိုလည်း ဘယ်လိုမှ ဟန်ဆောင်နေနိုင်ခြင်း မရှိတော့ ဘဲ ဒေါက်တာ့ရင်ခွင်ထဲ ခိုဝင်ဖက်တွယ်ထားမိသည်။

မြရိပ်ညိုဘဝမှာ ဒေါက်တာရှိနေမှဖြစ်တော့မှာပါ။





အတိတ်က ထိတ်လန့်တုန်လှုပ်နေခဲ့ရတာတွေ အခုထိ စိတ် တွေချောက်ချားသိမ်ငယ်နေရဆဲပင် ဖြစ်သည်။

"မြရိပ်လေး ဘာမှအားမငယ်နေပါနဲ့တော့ ... မောင်ရှိပါ တယ် ... မင်းဘဝအတွက် လိုအပ်တာတွေအားလုံး မောင်ဖြည့်စွမ်း ပေးပါမယ်"

"ဒေါက်တာရယ် ... မြရိပ်လဲလေ ဒေါက်တာမရှိဘဲနေထိုင် လို့မရတော့ပါဘူး ... မြရိပ်ညိုတစ်ယောက်ထဲ လူ့လောကကြီးထဲ မှာ ရင်ဆိုင်ဖြတ်သန်းဖို့ ကြောက်နေသေးပါတယ် ... အင်အားတွေ မရှိဘူးလေ"

"ဘယ်အချိန်အထိ ဒေါက်တာလို့ ခပ်စိမ်းစိမ်း ခေါ်နေဦးမှာ လဲ မြရိပ်လေးရယ် ... မောင်လို့ 'ခေါ်စမ်းပါ"

"ဟင့်အင်း ... မောင်က မမကြီးခေါ်ခဲ့တာလေ၊ မြရိပ် မသုံး ချင်ပါဘူး ... ဒေါက်တာ ... "

"တေးအလင်္ကာက ကိုယ့်နာမည်ကို အဖျားဆွတ်ခေါ်တာ ပါ၊ တေးအလင်္ကာက ဣန္ဒြေသိက္ခာရှိသယောင် ဟန်ဆောင်နေပေ မယ့် ကိုယ်ကတော့ လုံးဝမနှစ်သက်ခဲ့ဘူး၊ မြရိပ်လေးကိုပဲ ချစ်ခဲ့မိ တာပါ"

"မြရိပ်ကလဲ ဒေါက်တာတစ်ယောက်ထဲကို ချစ်နေခဲ့မိတာ ပါ၊ ဒေါက်တာထိခိုက်နစ်နာမှာ အရမ်းကြောက်ရွံ့ထိတ်လန့်ခဲ့ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... မြဒင်ကိုတောင် မမကြီးဆန္ဒအရ လက်ခံဖို့အထိ မြရိပ်ဆုံးဖြတ်ခဲ့ပါတယ်"

"မြရိပ်လေးရယ် ... အချစ်ရယ်"

အချစ်အိမ်လေးက အခုမှပဲ အချစ်တွေနှင့် ထုံသင်းမွှေးပျံ့နေသည်။

တေးအလင်္ကာတစ်ယောက် ဥပဒေရဲ့အပြစ်ပေးတာကိုပင် မခံလိုက်ရဘဲ ရုတ်တရက် နှလုံးရောဂါဖောက်ပြီး ထောင်ထဲမှာပင် သေဆုံးသွားခဲ့သည်။

"မမကြီးရယ် ... မြရိပ်စိတ်ထိခိုက်ကြေကွဲရပါတယ်၊ မြရိပ်စိတ်တွေက အစ်မရင်းတစ်ယောက်လိုပဲ သံယောဇဉ်တွေ တွယ်ငြိခဲ့ရတာပါ"

တေးအလင်္ကာ လွန်ကျူးခဲ့တဲ့ ပြစ်မှုတွေက အများကြီးရှိနေသည်။

ကျန်ရှိခဲ့တဲ့ စီးပွားရေးလုပ်ငန်းတွေလည်း တစ်ဦးတည်းသော ညီမ မြရိပ်ညိုပဲ ရရှိခဲ့သည်။

"မမကြီးကျန်ခဲ့တဲ့ စည်းစိမ်တွေအားလုံး မမကြီးအတွက် ရည်မှန်းပြီး မြရိပ် လှူဒါန်းပွါမယ် ... ဘဝတစ်လျှောက်လုံး အတ္တတွေ လောဘရမက်တွေနဲ့ မကောင်းမှု ဒုစရိုက်တွေကိုပဲ လုပ်ဆောင်နေခဲ့တဲ့သူလေ"





မမကြီးပိုင်ဆိုင်သမျှ အားလုံးကို လှူဒါန်းပေးခဲ့သည်။

မြရိပ်ညိုလည်း ဒက်ဒီ ထားခဲ့တဲ့အမွေတွေကို ရှေ့နေကြီးက လာရောက် အပ်နှံလေသည်။

"မင်းဒက်ဒီက အမွေတွေကို တေးအလင်္ကာ အပိုင်စီးလိုက်မှာ အရမ်းစိုးရိမ်ခဲ့တယ်ကွယ်၊ ဒါကြောင့်လည်း ... ယုံကြည်စိတ်ချရတဲ့ အန်ကယ့်ဆီမှာ အပ်ခဲ့တာပဲ ... ဒီသစ်ရိပ်မြိုင်နဲ့ အချစ်အိမ်လေးကလည်း သမီးဒက်ဒီရဲ့ မိဘဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်ခဲ့ကြတာပါ၊ သမီးလေးပဲ ဆက်ပြီးပိုင်ဆိုင်သင့်တယ်လေ ... အမွေတွေထဲမှာ ဒီခြံကြီးရဲ့ ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းတွေပါတယ် ... တကယ်တော့ အမွေဆိုတာ ခံစားသင့်တဲ့သူတွေပဲ ခံစားရတာပါ"

မမကြီးတေးအလင်္ကာ အာသာငမ်းငမ်းနှင့် လိုချင်ရမက်လောဘတက်ခဲ့တဲ့ ဒက်ဒီ့အမွေပစ္စည်းတွေပါ။

မြရိပ်ညိုကတော့ စည်းစိမ်ဥစ္စာတွေကို မမက်မောတော့။

ဒေါက်တာနှင့်အတူတူ အချစ်အိမ်လေးထဲမှာ အချစ်တွေနှင့် မိသားစုဘဝလေးကို တည်ဆောက်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။

"မြရိပ်လေးရယ် ... အတိတ်ကအဖြစ်အပျက်တွေကို အားလုံးမေ့ပစ်လိုက်ပါတော့နော် ... မောင်နဲ့မြရိပ်လေးတို့ အချစ်အိမ်လေးထဲမှာ မိသားစုဘဝလေးကို တည်ဆောက်ကြမယ်နော်"

"မောင်ရယ် ... မြရိပ်လည်း မောင့်ဆန္ဒတွေနဲ့ ထပ်တူ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ”

မြရိပ်ညိုနှင့်မောင် တစ်ယောက်ကိုတစ်ယောက် မလွတ်တမ်း တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်မိသည်။

ရှင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com